ဂမ္ဘီ ရ ... ချင်း ဝတ္ထု

www.burmeseclassic.com

မင်းစက္ကာ ၏ကလောင်ခွဲ

# မင်းစကြာ

## သိန်းရှက်မြို့တော်သခင်မ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏံ အဏံ ဝန္ဒာမိ

မင်းစကြာ — သိန်းငှက်မြို့တော်သခင်မ

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၄၉၀၃၀၉
စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၄၃၁၂၀၈
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၉-ခုနှစ်၊ ဧပြီလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးဌေးအောင် (၀၈၃၂၅)
ဖြူစင်ပုံနှိပ်တိုက်
အမှတ် (၂၀၄) ၃၁-လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၁၉၀၊ ၃၁လမ်း(အထက်)ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြိတ်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

မင်းစကြာ ၈၉၅.၈၃
သိန်းငှက်မြို့တော်သခင်မ / မင်းစကြာ - ရန်ကုန်။
မြိတ်စာပေ - ၂၀၀၉။
၂၈၅ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) သိန်းငှက်မြို့တော်သခင်မ

# မင်းစကြာ

## သိန်းငှက်မြို့တော်သခင်မ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

မိုးဖွဲဖွဲလေး ရွာနေ၏။ နေရောင်ကလည်း ရှိနေသဖြင့် မိုးစက်ကလေးများသည် တောက်ပလက်ဖြာလျက် လှပစွာ မြေပြင်ပေါ်သို့ ကျဆင်းနေသည်။

ဆယ်နှစ်သားအရွယ်ကလေး,လေးတစ်ယောက်သည် နှစ်ထပ်တိုက်ကြီး၏ အပေါ်ထပ်ခေါင်းရင်းပိုင်းရှိ ပြတင်းပေါက်များအနက် တတိယမြောက်ပြတင်းပေါက်နဘေးတွင် ရပ်တန့်နေသည်။ သူသည်ပြတင်းပေါက်ပေါင်ပေါ် မေးတင်ရင်း မိုးစက်ပေါက်များကို ငေးကြည့်နေသည်။ မျက်လုံးအစုံက ရီဝေစိုလက်နေ၏။

ထိုစဉ်. . .

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး၏နောက်သို့ ချောမောလှပသော မိန်းမပျို တစ်ဦးရောက်လာ၏။

"သားလေး ထူးပိုင်. . ထမင်းစားကြရအောင် ဟိုမှာ သားဖေဖေတောင် ပြန်ရောက်နေပြီကွယ့်"

ထိုမိန်းမပျိုမှာ ထူးပိုင်ဆိုသော ကောင်လေး၏မိခင် ထူးထူးမြင့်ဖြစ်၏။ ထူးပိုင်၏ဖခင်မှာ ရဲအုပ်ထက်ပိုင်ဖြစ်သည်။ သူတို့မိသားစုသည် ထက်ပိုင်၏အားလပ်ရက်အတွင်း ဤမော်လမြိုင်မြို့လေးရှိ ထူးထူးမြင့်၏မိဘများအိမ်သို့ လာရောက်လည်ပတ်ကြခြင်းဖြစ်သည်။

ယနေ့၌ ထူးထူးမြင့်၏မိဘနှစ်ပါးမှာ တရားစခန်းဝင်ရန် စီစဉ်ပြီးဖြစ်သဖြင့် ထူးထူးမြင့်၏အစ်ကိုကြီးနှင့်အတူ ထက်ပိုင်တို့က တရားစခန်းသို့လိုက်ပို့ခြင်းဖြစ်သည်။

"သား ထမင်းမစားသေးဘူး မေမေ"

မောင်ထူးပိုင်လေးက ထူးထူးမြင့်ကို လှည့်မကြည့်ပဲ ပြောလိုက်သည်။

ထူးထူးမြင့် မျက်မှောင်ကုတ်မိ၏။ သူမ၏သားသည် သွက်လက်ချက်ချာလွန်းသူဖြစ်၏။ သို့သော်. . . ယခုမော်လမြိုင်သို့ရောက်ကတည်းက သားသည်တွေဝေငေးမောလျက် ငြိမ်





သက်ခြင်းမက ငြိမ်သက်လွန်းနေတာကို သတိပြုမိလိုက်သည်။

သူမကသားကို ကောက်ချီလိုက်၏။

"သားလေး. . သား ဘာဖြစ်နေတာလဲကွယ် မေမေ့ကို ပြောပါဦး နေမကောင်းဘူးလားဟင်. . "

မောင်ထူးပိုင်က ကြေကွဲလွမ်းဆွတ်ရိပ်တစ်မျိုး ကိန်းဝပ်လျက်ရှိသော သူမ၏မျက်လုံးအစုံဖြင့် မိခင်ဖြစ်သူ၏မျက်နှာထံ ရွှေ့ပြောင်းကြည့်လိုက်သည်။

"သား. . ဘဘကို သတိရနေတာပါ မေမေ"

"ဘဘဆိုတာ ဘယ်သူ့ကိုပြောတာလဲ. . "

"ဘဘဆိုတာ ကပ္ပိယကြီးဦးဝီရိယကို ပြောတာပါ မေမေမသိပါဘူး. . "

ထူထူးမြင့် တအံ့တသြဖြစ်သွား၏။

"ဟဲ့. . ကပ္ပိယကြီး ဦးဝီရိယဆိုတာ ဘယ်သူလဲ၊ မေမေ့ကို ပြောပါဦး. . "

"ကပ္ပိယကြီးဦးဝီရိယဆိုတာ သားကို အထိုးအခုတ် အသတ်အပုတ်ပညာတွေကို တိတ်တိတ်ကလေး သင်ပေးခဲ့တဲ့ ပညာရှင်တစ်ယောက်ပဲ၊ အဲ့ဒီတုန်းက သားနာမည်က မောင်ကံသာတဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထူးထူးမြင့် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်လျက် ကြောင်အမ်းအမ်းဖြစ်သွားစဉ်. . မောင်ထူးပိုင်က စိတ်ပါလက်ပါဖြင့် ဆက်ပြောသည်။

"သား. . ဒီမော်လမြိုင်မြို့ကို ရောက်တော့ မျက်စိထဲမှာ အင်မတန်ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို မြင်ရတယ်၊ ရုပ်ရှင်ကြည့်နေသလို မြင်နေရတာ အံ့ဩဖို့ကောင်းလိုက်တာ မေမေရယ်"

"သား. . ဘယ်လိုမြင်ကွင်းမျိုးတွေ မြင်ရလို့လဲ၊ မေမေ့ကို ပြောပြလေ. ."

"ဟော့. . ဒီသားအမိတွေ ဘာတွေတွတ်ထိုးနေကြတာလဲ၊ ထမင်းစားကြမယ်လေ. . လာ. . ဟိုမှာ အစ်ကိုကြီး စောင့်နေတယ်. ."

မောင်ထူးပိုင်တို့သားအမိနားကို ထိုသို့အော်ပြောရင်း ရောက်လာသောလူရွယ်မှာ ရဲအုပ်ထက်ပိုင်ဖြစ်သည်။ ထက်ပိုင်က မောင်ထူးပိုင်ကို ထူးထူးမြင့်ထံမှ လွှဲပြောင်းချီယူလိုက်၏။

"ဖေဖေ့သားက ဒီကိုရောက်ကတည်းက တစ်ချိန်လုံး ငြိမ်ပြီး အပြင်ကိုဘဲ ငေးငေးကြည့်နေတာ ဖေဖေ သတိထားမိ



တယ်၊ ဘာဖြစ်လို့လဲ သားရဲ့ ရန်ကုန်မှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကို လွမ်းလို့လား. ."

"မဟုတ်ပါဘူး. . သား ဒီအပေါ်ကနေ အပြင်ကို ကြည့်လိုက်မိရင် မြင်ကွင်းဆန်းတွေကို တွေ့တွေ့နေရလို့ ကြည့်ကြည့်နေတာ၊ ဒီနောက်ပိုင်းတော့ ဘာမှမမြင်ရတော့ပါဘူး၊ သားက ဘာများထပ်မြင်ရဦးမလဲဆိုပြီး စောင့်ကြည့်နေတာ"

ထက်ပိုင်က သားစကားကို နားမလည်နိုင်သဖြင့် မျက်မှောင်ကုတ်ရင်း ဇနီးဖြစ်သူ ထူးထူးမြင့်ကို ကြည့်လိုက်သည်။ ထူးထူးမြင့်က. .

"ငါလည်း သားကို အခုပဲ မေးနေတာ၊ လာ. . ထမင်းစားပြီးမှ အချိုတည်းရင်း မေးကြတာပေါ့၊ အစ်ကိုကြီး စောင့်နေရတယ်. . မဟုတ်လား"

"အေး. . သားမြင်ရတဲ့ဟာတွေကို ပြောပြနော်. . ဟုတ်ပြီလား"

မောင်ထူးပိုင်က တည်ကြည်လေးနက်သော ဟန်ပန်လေးဖြင့် ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့. . သားသိရတဲ့ဟာတွေကို ဖေဖေတို့သိရင် သိပ်ကိုအံ့ဩနေကြလိမ့်မယ်. . သိလား"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အောက်ထပ်ဆင်း၍ ထမင်းစားခန်းထဲ ဝင်ကာ ထူးထူးမြင့်၏ အစ်ကိုကြီးဖြစ်သူ မင်းမြတ်နှင့်အတူ နေ့လည်စာစားပြီးနောက် သစ်သီးများစားရင်း စကားပြောဖြစ်ကြသည်။ အားလုံးက မောင်ထူးပိုင်လေးကို ဝိုင်းမေးကြလျှင်. . မောင်ထူးပိုင်လေးက မှန်ပြတင်းဝသို့ လှမ်းငေးရင်း တစ်လုံးချင်း ပြောပြလေသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း ၁၁၃ဝလောက်က

ရမ္မာပူရမြို့ကို သုရမ္ဘရာဇာမင်း

က. . အုပ်စိုးခဲ့တယ်၊ အဲ့ဒီတုန်းကပေါ့. . "

* * *



## အခန်း (၁)
## "အင်ကြင်းနှစ်စက်"

ဤရွာ၏ ရွာစားကြီးထဲ၌ မယ်ဒွန်းနှင့် မယ်အိမ်ဖြူဆိုသော. . သမီးနှစ်ယောက်ရှိ၏။ ယခုတစ်လောတွင် မယ်ဒွန်းနှင့် မယ်အိမ်ဖြူတို့၏ အလှဂုဏ်သတင်းမှာ မွှေးပျံ့လာနေသည်။ ထို့ကြောင့် ရွာစားကြီးမှာ သမီးနှစ်ယောက်ကို စိတ်မချနိုင်ဘဲ အစောင့်အရှောက်များ၏ အရေအတွက်ကို ထပ်တိုးလိုက်သည်။

အကြောင်းကား. .

ယခုနှစ်များအတွင်းတွင် ရမ္မာပူရမြို့အတွင်းရှိ မိန်းမချောမိန်းမလှများမှာ ထူးဆန်းစွာ ပျောက်ဆုံးလျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။ ထိုပြဿနာအတွက် သုရဋ္ဌရာဇာမင်းမြတ်မှာလည်း. . ခေါင်းခဲလျက်ရှိ၏။

ထို့ကြောင့်. . ယခု. .

ရှာစားကြီးသည် နာမည်ကျော်လာသော သမီးချော နှစ်ယောက်ကို အထူးဂရုစိုက်နေရ၏။ သူနှိုးသည်နှင့် သမီးနှစ်ယောက်ကို ခေါ်၍ သတိပေးစကားများကို အထပ်ထပ် ပြောဆိုနေတတ်သည်။

ရင်းအချင်းအရာကြောင့်. .

မယ်ဒွန်းနှင့် မယ်အိမ်ဖြူတို့မှာ နံနက်လင်းသည်နှင့် ကိုယ်လက်သန့်စင်ထားရ၏။ သူမတို့သည် ယခင်ကထက် စောစီးစွာ နိုးလာတတ်ကြသည်။ ယနေ့လည်း သူမတို့သည် အာရုဏ်မတက်မီမှာပင် နိုးလာကြ၏။

ထိုအခါ. .

ထူးခြားသော အနံ့တစ်မျိုးကို သူမတို့ သတိပြုမိလိုက်ကြ၏။ မွှေးပျံ့ကြိုင်လှိုင်သော ရနံ့ကို သူမတို့နှစ်ဦး အားပါးတရ ရှူရှိုက်ရင်း ရနံ့လွှတ်သည့်အရာကို လိုက်လံရှာဖွေကြည့်နေကြ၏။ ကြာကြာမရှာလိုက်ရပါ။ သူမတို့၏ ခေါင်းဦးများပေါ်၌ အင်ကြင်းပန်းတစ်ခက်စီရှိနေကြတာကို တွေ့သွားကြသည်။





ရနံ့မွှေးပျံ့ပျံ့လေးမှာ ထိုအင်ကြင်းပန်းများထဲမှဖြစ်၏။

"ဟယ်. . လှလိုက်တဲ့ အင်ကြင်းပန်းပွင့်ကြီးတွေပဲ၊ အစ်မရေ. . ကြည့်ပါဦး. ."

မယ်အိမ်ဖြူက ပြောရင်း သူမ၏ဦးခေါင်းဦးထက်ရှိ အင်ကြင်းပန်းကို ကောက်ယူကြည့်နေသည်။ မယ်ဒွန်းကလည်း သူမ၏ဦးခေါင်းဦးပေါ်ရှိ အင်ကြင်းပန်းကို တအံ့တသြဖြင့် ကောက်ကိုင်ကြည့်နေ၏။

"ဟုတ်ပါရဲ့ ညီမရယ်၊ ဒီပန်းတွေက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေကြပါလိမ့်၊ အထိန်းတော်ကြီးများ လာထားသွားသလားမသိဘူး. ."

"ကျွန်မတော့ ဒီလို မထင်ပါဘူး. ."

"ဟင်. . ညီမက ဘယ်လိုထင်လို့လဲ"

မယ်အိမ်ဖြူက အင်ကြင်းပန်းကို ငုံ့ကြည့်ရင်း ပြုံးတုံ့တုံ့ဖြင့်. .

"ကျွန်မတို့ကို ချစ်ခင်စွဲလမ်းနေတဲ့ လူတွေက ကျွန်မတို့ တအံ့တသြနဲ့ ပဟေဠိဖြစ်နေအောင် တိတ်တိတ်ကလေး လာထားသွားတာလို့ထင်တယ်၊ ခုလိုလုပ်ခြင်းအားဖြင့် သူတို့ရဲ့ အရည်အချင်းနဲ့ အစွမ်းသတ္တိကို ကျွန်မတို့က အသိအမှတ်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ နေလို့မရဘူးလေ၊ ကျွန်မတို့ရဲ့ စိတ်ဝင်စားမှုကို လိုချင်လို့ဖြစ်ရမယ်၊ အင်း. . သူတို့ဟာ ညီအစ်ကိုတွေဖြစ်ရင်ဖြစ်. မဟုတ်ရင်တော့ တစ်ယောက်နဲ့တစ်ယောက် အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းတွေဖြစ်မယ် ထင်တယ်. . ”

မယ်ဒွန်းက အင်ကြင်းပန်းပွင့်ကြီးအား စိုက်ကြည့်ရင်း တွေဝေစဉ်းစားနေ၏။ မယ်အိမ်ဖြူကမူ စားပွဲနဘေးသို့ လျှောက်သွားပြီး အလှပန်းအိုးထဲရှိ ဂန္ဓာမာဖြူများကို ဖယ်လျက် အင်ကြင်းပန်းများကို ထိုးစိုက်နေသည်။ သူမသည် ၁၆-နှစ်မျှသာရှိသေး၍ အလွန်စိတ်ကူးယဉ်တတ်သော မိန်းကလေးဖြစ်၏။ သူမ၏ထင်မြင်ချက်အပေါ် အစ်မဖြစ်သူ မယ်ဒွန်းက လက်မခံနိုင်ဖြစ်နေသည်။

“ဒီကိစ္စက ထူးဆန်းတာတော့ အမှန်ပဲ၊ အခုတလော အစ်မတို့ရဲ့ ရမ္မာပူရမြို့အတွင်းမှာဖြစ်နေတဲ့ အခြေအနေတွေကိုမေ့ထားလို့ မဖြစ်ဘူး၊ ညီမအထိန်းတော်ကြီးကို မေးမှဖြစ်မယ်၊ တကယ်လို့ အထိန်းတော်ကြီး လာထားသွားတာ မဟုတ်ရင်တော့ အဖေ့ကို ဒီကိစ္စပြောပြရမယ်. . ”

“ဟာ. . အစ်မကလည်း တွေးကြောက်နေပြန်ပြီ၊ အစောင့်တွေအားလုံးကိုကျော်ပြီး ကျွန်မတို့အိပ်ခန်းထဲရောက်လာနိုင်ခဲ့တာတောင် ကျွန်မတို့ကို အန္တရာယ်မပြုဘဲ ပန်းတွေထားပြီး ပြန်သွားကြမှတော့ ကျွန်မတို့ကို ဒုက္ခပေးမယ့် လူတွေဖြစ်နိုင်ပါ့မလား. . စဉ်းစားပါဦး. . ”

“ဟုတ်ပါတယ်. . ညီမရဲ့ထင်မြင်ချက်က ပိုပြီးဆီလျော်ပါတယ်. . ဒါပေမယ့် ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် အဖေ့ကို ဒီကိစ္စ အသိပေးရမယ်. . ”

“အစ်မ သဘောပဲလေ”

မယ်အိမ်ဖြူက အလိုမကျစွာဖြင့်ပင် သဘောတူလိုက်၏။ သူမ၏ သဘောအတိုင်းဆိုလျှင် ယခုကိစ္စကို ဘယ်သူမှမသိအောင် လျှို့ဝှက်ထားပြီး ပန်းလာထားဦးမည်ဟု သူမမျှော်လင့်ထားသောလျှို့ဝှက်လူစွမ်းကောင်းလေးနှစ်ယောက်ကို စောင့်ဖမ်းလိုက်မည်သာဖြစ်လေသည်။

ရှာစားကြီးက ကြီးမားလှပသော အင်ကြင်းပန်းနှစ်ခက်ကို စေ့စေ့စပ်စပ်လှည့်ပတ်ကြည့်ရှု့နေသည်။ ထူးခြားချက်တစ်စုံတရာကို မတွေ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



“အင်း. . ဘာပဲဖြစ်ဖြစ် အဘကတော့ သမီးတို့ကို စောင့်ရှောက်ဖို့အတွက် လူထပ်ခေါ်ရမယ်၊ အစောင့်တွေကို လည်းအသေအချာစောင့်ရှောက်ဖို့ သတိပေးမှပဲ. . ဒီကိစ္စဟာ လုံခြုံရေးညံ့လို့ဖြစ်ရတာ”

သူကပန်းနှစ်ခက်ကို စားပွဲပေါ်သို့ တင်ပြီးစကားဆက်လိုက်၏။

“ပြီးတော့. . သမီးတို့ဆီ ပန်းလာထားသွားတဲ့လူတွေကိုလည်း လျှို့ဝှက်စုံစမ်းကြည့်ရမယ်၊ တကယ်လို့ သူတို့ဟာ ရိုးသားအေးဆေးတဲ့လူတွေဆိုရင် သမီးတို့နဲ့ထိမ်းမြားပေးမယ်”

မယ်ဒွန်းနှင့်မယ်အိမ်ဖြူတို့ ခေါင်းငုံ့သွားကြသည်။

ရွာစားကြီးက အထိန်းတော်ကြီးကို လှမ်းကြည့်ရင်း အမိန့်ပေးလိုက်၏။

“အထိန်းတော်ကြီး ဒီပန်းနှစ်ပွင့်ကို ယူသွားပြီး လွှင့်ပစ်လိုက်တော့ ပြီးရင်မနေ့ညက တာဝန်ကျတဲ့ လုံခြုံရေးမှူးကို ခေါ်လာခဲ့”

သူသည် ထိုနေ့တစ်နေ့လုံး လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်ခဲ့၏။ စိတ်ပင်ပန်း လူပင်ပန်းဖြင့် စောစီးစွာပင် အိပ်ပျော်သွားခဲ့သည်။



ထို့အတူ. . .

မယ်ဒွန်းနှင့်မယ်အိမ်ဖြူတို့မှာလည်း ညစာစားပြီးသည်နှင့် နှစ်ခြိုက်စွာအိပ်ပျော်သွားကြ၏။ သူမတို့ခေါင်းဦး၌ စွဲကျန်ရစ်သောအမွှေးနံ့သင်းပျံ့ပျံ့လေးမှာ ရင်ခုန်ယစ်မူးဖွယ်ကောင်းနေပေသည်။

ညဥ့်နက်လှပေပြီ။

ရွာစားကြီး၏အိမ်ဂေဟာတွင်း၌ မှောင်မည်းနေသော်လည်း ခြံဝန်းတစ်ခုလုံး လင်းထိန်နေသည်။ ခြံတွင်းရှိ သစ်ပင်များ၏ အကိုင်းအခက်များတွင် မီးအိမ်များချိတ်ဆွဲထားသည်မဟုတ်ပါလော။

အိမ်၏လေးဘက်လေးတန်တွင် လက်နက်ကိုင်အစောင့်များ သတိဝီရိယအပြည့်ဖြင့် စောင့်ကြပ်နေကြသည်။ ထို့ပြင် သစ်ပင်များပေါ်၌လည်း အစောင့်တွေ ရှိနေ၏။ တိတ်တဆိတ် လျှို့ဝှက်စွာ ရှိနေကြခြင်းဖြစ်သည်။

ရုတ်တရက်. .

www.burmeseclassic.com

www.burmeseclassic.com



ညလေပြင်းက ဝေ့ယမ်းတိုက်ခတ်လာသည်။ လေပြင်းနှင့်အတူ သင်းပျံ့ပျံ့ရနံ့တစ်မျိုး လိုက်ပါလာ၏။

အစောင့်များသည် အမှတ်တမဲ့ပင် ရှူရှိုက်နေကြ၏။ အတော်ကြာလာသည့်အထိ အနံ့က ပယ်မသွားချေ။

ယနေ့ညတွင် တာဝန်ကျသော လုံခြုံရေးမှူးသည် ထူးခြားသောရနံ့အပေး သက်ာမကောင်း ဖြစ်လာဟန်ရှိ၏။

"ဟော့. . ဒါဘာပန်းနံ့လဲ"

ဘာရနံ့မှန်းကို ဘယ်သူမှမခန့်မှန်းနိုင်ကြချေ။

အနံ့က သင်းပျံ့ပျံ့လေး မွှေးနေရာမှ တစထက်တစ စူးရှလာတာကို သတိပြုမိကြ၏။

သူတို့၏ဦးခေါင်းများ မူးနောက်ရီဝေလာကြ၏။ ထိုအခါမှသူတို့သည် ထိတ်လန့်တုန်လှုပ်သွားကြပြီး အော်ဟစ်လိုက်ကြ၏။ သို့သော် အာခေါင်များမှာ ခြောက်ကပ်လျက်အသံများ ထွက်မလာကြပါ။ သူတို့၏ခြေလက်များမှာ အဆမတန်လေးလံလာသလိုခံစားကြရသည်။ မည်သည့်လှုပ်ရှားမှုမျိုးကိုမှ မလုပ်ဆောင်နိုင်ကြဘဲ ပိတ်ကျလာသော မျက်ခွံများကို ဟန့်တားရန် ကြိုးစားနေကြရှာသည်။

သို့သော်. . နောက်ဆုံး၌. . .



ဘယ်လိုမှကြိုးစားထိန်းချုပ်လို့မရဘဲ မြေပေါ်သို့အတုန်းအရုန်းလဲပြိုကျသွားကြ၏။ သစ်ပင်ပေါ်ရှိအစောင့်တချို့က မြေပေါ်သို့ ထိုးကျလာသည်။ သူတို့သည်နာကျင်မှုကို မခံစားရသည့်အလား တုပ်တုပ်မျှမလှုပ်ကြချေ။

အစောင့်အားလုံးတို့သည် တပြိုင်နက်တည်းလိုလိုပင် သတိလစ်မေ့မြောသွားကြ၏။ သူတို့အချိန်အတော်ကြာအောင် ရှူရှိုက်နေခဲ့ရသောရနံ့မှာ မေ့ဆေးငွေ့နံ့တစ်မျိုးဖြစ်သည် မဟုတ်ပါလော။

ထိုစဉ်. . .

ခြံစည်းရိုးအဖြစ် ကာရန်အသုံးပြုထားသော သစ်လုံးများထိပ်သို့ တစ်ကိုယ်လုံးအနက်ရောင် ဝတ်ဆင်ထားသော လူတစ်ယောက် ရောက်လာသည်။ ထိုလူ၏မျက်နှာကို အနက်ရောင်အဝတ်စဖြင့် စည်းနှောင်ထားသည့်အပြင် ခေါင်းမှာ ခမောက်ကြီးတစ်လုံးကို ဆောင်းထားသည်။

သူသည်ခြံတွင်းသို့ ခုန်ဆင်းလိုက်၏။ သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးညင်သာစွာဖြင့် မြေပေါ်သို့ ကျလာ၏။ ကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် တင်းရင်းသော အသားအရည်တို့က လူငယ်တစ်ယောက်ဖြစ်ကြောင်း ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သူသည်ခြံတံခါးပေါ်ရှိ ကြီးမားလေးလံသော တံခါး မင်းတုန်းကို ဖြုတ်ပြီးတံခါးကို သွက်လက်စွာ ဖွင့်ပေးလိုက်၏။

ခြံတံခါးဝ၌ ကောက်ရိုးများ အပြည့်တင်ထားသော လှည်းတစ်စီးနှင့်လူတစ်ယောက် အသင့်ရှိနေသည်။ ထိုလူမှာလည်း ခြံထဲကျော်ဝင်ပြီး တံခါးဖွင့်ပေးလိုက်သူနှင့် ပုံစံတူ ဝတ်ဆင်ထား၏။ အရပ်အမောင်းကတော့ ပထမလူထက် အနည်းငယ်ပုသည်။

"မြန်မြန်ဝင်. . ကျော်ထင်"

အတွင်းကနေ တံခါးဖွင့်ပေးလိုက်သော ပထမလူက ခပ်တိုးတိုးပြောလိုက်၏။ အရပ်အနည်းငယ်ပုသော ကျော်ထင် ဆိုသည့်လူက ကောက်ရိုးတင်ထားသောလှည်းကို တွန်းရင်း လျှင်မြန်စွာ ဝင်လာသည်။

"ခြံတံခါး ပြန်ပိတ်ခဲ့ဦး ဝဏ္ဏ"

ပထမလူနာမည်မှာ ဝဏ္ဏဖြစ်သည်။ ဝဏ္ဏက ခြံတံခါးကို စေ့ရုံစေ့ထားခဲ့ပြီး အိမ်ကြီးနဘေးသို့ ချဉ်းကပ်သွားခဲ့သည်။ ကျော်ထင်ကလည်း လှည်းကို မှောင်ရိပ်ရှိသော နေရာမှာရပ်ထား ခဲ့ပြီး ဝဏ္ဏနဘေးသို့ ရောက်လာလေ၏။



ထို့နောက်. . .

သူတို့သည် အိမ်နံရံကို ကုပ်တွယ်၍ သွက်လက် ကျွမ်းကျင်စွာ တက်သွားကြ၏။ လှုပ်ရှားပုံက လျှင်မြန်လွန်းသည်။ အကြိမ်ပေါင်းထောင်သောင်းမက လေ့ကျင့်ထားကြဟန်တူ၏။ ခေါင်းပေါ်ရှိခမောက်တွေက တစ်ချက်ကလေးမှ တိမ်စောင်း မသွား။ တခဏအတွင်းမှာပင် ဝရန်တာအပေါ် ရောက်သွား ကြသည်။

ဝဏ္ဏက သံမဏိရောင်တောက်ပပါးလျှပ်နေသော ဓါးပါးလေးတစ်ချောင်းကို တံခါးရွက်ကြားထဲထိုးထည့်ကာ စက်ဝိုင်းပုံသဏ္ဍာန် လှည့်ပတ်လှုပ်ရှားလိုက်ရာ တိုးသဲ့သဲ့အသံနှင့် အတူအပေါက်ဝိုင်းကြီးတစ်ခု ထွက်ပေါ်လာသည်။

ကျော်ထင်က ထိုအပေါက်ထဲ လက်လျှိုဝင်လျက် မင်းတုန်းကို ဖြုတ်ပြီးတွန်းဖွင့်လိုက်၏။

"ကျွီ"

"ဖြည်းဖြည်းလုပ်ပါကွ. ."

"စိတ်မပူပါနဲ့ကွာ. . ငါတို့ရဲ့တစ်နေ့တာ မေ့ဆေးအစွမ်း နဲ့ အိပ်မက်လှလှမက်နေလောက်ကြပြီ"

ဝဏ္ဏက ဘာမှမပြောတော့ဘဲ အိမ်တွင်းသို့ ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်သွား၏။ ကျော်ထင်က ပခုံးတစ်ချက်တွန့်ပြီး ဝဏ္ဏ နောက်က လိုက်သွားသည်။ တံခါးလည်း ပြန်ပိတ်သွားသည်။

ခဏအကြာတွင် ပြတင်းတံခါးတစ်ချပ် ပွင့်လာ၏။ မယ်ဒွန်းနှင့်မယ်အိမ်ဖြူတို့၏ အိပ်ခန်းရှိ ပြတင်းပေါက်ဖြစ်သည်။

ပြတင်းပေါက်တွင်းမှ ကျော်ထင်ထွက်လာပြီး အောက်သို့ ကျင်လည်စွာဆင်းသွားပြီး ကောက်ရိုးအပြည့်တင်ထားသော လှည်းကိုသွားယူလာပြီး ပြတင်းပေါက်တည့်တည့်မှာ ထားလိုက်၏။

ထိုစဉ်. . .

အိမ်ပေါ်မှာ ကျန်ရစ်ခဲ့သော ဝဏ္ဏက မယ်ဒွန်းကို ပွေ့၍ အောက်သို့ပစ်ချလိုက်သည်။ မြင့်မားသော ကောက်ရိုးပုံကြီးပေါ် မယ်ဒွန်း၏ခန္ဓာကိုယ်လေး အိခနဲပြုတ်ကျလာသည်။

နောက်တော့. . .

ဝဏ္ဏက မယ်အိမ်ဖြူကို ပစ်ချပြီးနောက် ဒိမ်နံရံကို ကုပ်တွယ်၍ ဆင်းလာသည်။

ယင်းနောက်. . .

သူတို့သည် မလှုပ်မယှက်ငြိမ်သက်နေသော မယ်ဒွန်းနှင့် မယ်အိမ်ဖြူတို့၏ ပါးစပ်များကိုဟ၍ အဖြူရောင်ဆေးမှုန့်တချို့



ကို ထည့်လိုက်ကြသည်။ ပြီးလျှင်. . သူတို့ကိုကောက်ရိုးများအောက်သို့တစောင်းအနေအထားဖြင့် ထည့်ပြီးအပေါ်က ကောက်ရိုးများကို ဖုံးအုပ်ထားလိုက်သည်။

ဝဏ္ဏနှင့်ကျော်ထင်က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးခေါင်းညိတ်ပြလိုက်သည်။ ပြီးလျှင်. . လှည်းကိုတွန်း၍ လျှင်မြန်စွာ ထွက်ခွာသွားကြသည်။

ဖွင့်ဟလျက် ကျန်ခဲ့သော ရွာစားကြီး၏ခြံတံခါးနှင့် ပြတင်းတံခါးတို့က လေပြင်းအတိုက်မှာ လှုပ်ယမ်းလျက် ကျန်ခဲ့သည်။

ဝဏ္ဏနှင့်ကျော်ထင်ဆိုသော လူငယ်နှစ်ယောက်သည် မည်သို့သောလူစားများဖြစ်ကြသနည်း။ မည်သည့်ရယ်ရွယ်ချက်ဖြင့် မေ့ဆေးသုံး၍ မယ်ဒွန်းနှင့်မယ်အိမ်ဖြူတို့ကို ခိုးယူသွားပါသနည်း။ ပဟေဠိမေးခွန်းများ၏ အဖြေမှန်ကို သူတို့သာ သိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)
# "အာဏာ"

ရမ္မာပူရမြို့စွန်ပိုင်းတစ်နေရာရှိ မထင်မရှားရွာလေးထဲ၌ "ရာဇာ" ဆိုသော သူဆင်းရဲလူရွယ်တစ်ယောက်ရှိသည်။ သူသည်ပန်းချီပညာရှင်တစ်ယောက် ဖြစ်၏။ သူကျွမ်းကျင်ကျင်ကျင်တတ်မြောက်ထားသော ပန်းချီပညာက သူ၏ဝမ်းရေးကို မဖြေရှင်းပေးနိုင်ပါ။ ထို့ကြောင့် ပစ္စည်းဥစ္စာအရင်းအနှီးတစိုးတစ်မျှမရှိသော ရာဇာသည် ပုဆိန်နှင့်ကြိုးခွေများဆောင်၍ တောထဲဝင်ကာထင်းခုတ်ပြီး ရောင်းစားခြင်းဖြင့်အသက်မွေးနေရလေသည်။

သူနှစ်သက်သော စုတ်တံနှင့်ဆေးခွက်ကို ကိုင်ချိန်ထက် လုံးဝစိတ်မဝင်စားသော ထင်းခွေခြင်းအလုပ်ကို မနှစ်မြို့စွာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရသည့်ဘဝကို မကျေနပ်နိုင်ပါ။ ဆွေမျိုးမိဘသားချင်းတစ်ယောက်မျှမရှိသော ဥစ္စာမရှိသော မင်းရောင်၌ အခြွေအရံပေါများလိုသော အာသီသ. လူတိုင်းအပေါ် လွှမ်းမိုးခြယ်လှယ်စေခိုင်းစေနိုင်သည့် အာဏာရှိလိုသောဆန္ဒများလည်းရှိသည်။

လူတိုင်းကအပေါ်မဟုတ်တောင် ရွာထဲကလူတွေအပေါ် အာဏာသက်ရောက်လိုသည်။ သူ၏ပန်းချီပညာအပေါ် တန်ဖိုးမထားဂရုမစိုက်တတ်ကြသော ရွာသူရွာသားများအပေါ် စိတ်ကွက်နေသည်။

အာဏာရှင်ဖြစ်လိုသော ဆန္ဒပြင်းထန်လွန်းလှသဖြင့် သူညစဉ် အိပ်မက်,မက်တိုင်း သူလိုချင်သောဘဝမျိုးဖြင့် ရွာသူရွာသားတွေကို ခိုင်းစေနေကြောင့် သူ့အမိန့်ကို သူတို့က တစ်သွေမတိမ်းလိုက်နာလုပ်ကိုင်နေပေးကြကြောင်း စသည့်အိပ်မက်ကောင်းများကို မက်တတ်သည်။

ထိုအိပ်မက်ကောင်းများကို သူအသက်သွင်းလိုသည်။

တစ်ခုသော ဆောင်းမနက်ခင်းလေး၌ သူပန်းချီဆွဲရန်ရည်ရွယ်ချက်ဖြင့် စောစီးစွာထလာခဲ့၏။ ထို့နောက်. . သူတမြတ်တနိုးဝယ်ယူထားသော ပန်းချီဆွဲရန်လိုအပ်သည့် ပစ္စည်းများကို စုစည်းနေစဉ်တံခါးခေါက်သံ ထွက်ပေါ်လာသည်။



"ခေါက်. . ခေါက်. . ခေါက်"

"ရာဇာ. . ခင်ဗျား နိုးနေပြီမဟုတ်လား တံခါးဖွင့်ပေးပါဦးဗျာ. . "

မရင်းနှီးသော လူငယ်တစ်ယောက်၏အသံ စကားသံမှာ ရင်းနှီးဖော်ရွေလိုဟန်တွေ ပါနေတာကို သူခံစားသိလိုက်သည်။ သူအံ့သြသွားရတော့သည်။

"ဘယ်သူပါလိမ့်"

သူချက်ချင်းတံခါးဖွင့်ပြီး စိတ်ဝင်တစားအသံရှင်ကို ကြည့်လိုက်သည်။ အိမ်ထဲမှထွန်းထားသော မီးအိမ်မှ မှုန်ပျပျအလင်းရောင်ဖြင့် အသံရှင်မှာ သူတစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးသော ရုပ်ရည်အသင့်အတင့်ရှိသည့် ၂၅-နှစ်အရွယ် လူငယ်တစ်ယောက်ဖြစ်နေတာကို တွေ့ရသည်။

လူငယ်က ဝါးခမောက်ဆောင်းထား၏။ နှင်းပွင့်နှင်းဖတ်တွေက ခမောက်ပေါ်မှာ တင်နေဆဲ. . သူ၏တစ်ကိုယ်လုံးနှင်းရည်များ ရွဲရွဲစိုနေသော်လည်း ချမ်းအေးနေဟန် တစိုးတစ်မျှမရှိ. . .။ ရင်းနှီးနွေးထွေးဟန်မျိုး ပျော်ဝင်နေသော အပြုံးမျိုးဖြင့် နှစ်လိုခင်မင်ဖွယ် ရှိနေသည်။ သို့သော်. . အရောင်တလက်လက်တောက်ပ ေနသော မျက်လုံးရှည်ရှည်ကျဉ်းကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



အစုံ၌ ထူးဆန်းလျှို့ဝှက်မှုများ ပြွတ်သီးနေ၏။

"မင်းက ဘယ်သူလဲ"

ရာဇာက တအံ့တသြဖြင့် မေးလိုက်၏။ သူ့အသံကမာ၏။ ပင်ကိုယ်ကိုက သူသည်မာ၍ ပြတ်ပြတ်ပြောတတ်သည်။ ထို့ကြောင့်လည်း သူ့မှာမိတ်ဆွေအပေါင်းအသင်း မရှိတာဖြစ်ပေလိမ့်မည်။

လူငယ်၏မျက်နှာက ပို၍ပြုံးရွှင်လာ၏။ ထိုအခါ ကျားသစ်တစ်ကောင်၏ မျက်လုံးများနှင့် တူသောသူ၏မျက်လုံးအစုံက ပို၍တောက်ပသွားသည်။

"ကျုပ်နာမည်က ဝဏ္ဏ ခင်ဗျားရဲ့အိပ်မက်ကောင်းတွေကိုအသက်သွင်းပေးဖို့ လာခဲ့တာ"

"ဟမ်"

ရာဇာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွား၏။

ဝဏ္ဏကသူ့အား တွန်းတိုက်လျက် အိမ်ထဲဝင်လာပြီး ခေါင်းရင်း၌ တင်ပလ္လင်ထိုင်ချလိုက်သည်အထိ ရာဇာတစ်ယောက် ငေးကြောင်နေဆဲ၊ ဝဏ္ဏက မေးအောက်မှကြိုးကိုဖြည်ပြီး ခမောက်ကိုချွတ်လိုက်သည်။

"ရာဇာ. . တံခါးပိတ်လိုက်လေ. . "





ရာဇာသတိဝင်လာပြီး တံခါးဆွဲပိတ်၍ ဝဏ္ဏကိုလှည့်ကြည့်လိုက်သည်။

"မင်း. . ဘယ်သူလဲ"

"ရော်. . ကျုပ်အဲဒီမေးခွန်းကို ဖြေပြီးသွားပြီလေ ခင်ဗျားရဲ့ အိပ်မက်ကောင်းတွေကို အသက်သွင်းပေးမယ့်လူပါဆို"

"ငါ့ရဲ့ အိပ်မက်ကောင်းတွေကို မင်းသိလို့လား"

ဝဏ္ဏ၏မျက်နှာပေါ်မှ အပြုံးပျောက်သွားပြီး တည်ကြည်လေးနက်ဟန်တွေ အစားထိုးဝင်ရောက်လာသည်။

"အာဏာရှင်ဖြစ်ဖို့အရေးဟာ ခင်ဗျားရဲ့အိပ်မက်ကောင်းတွေမဟုတ်လား"

ရာဇာ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တက်သွားသည်အထိ အံ့သြထူးဆန်းမှုကို ခံစားရ၏။

"ဟင်. . မင်း ဘယ်လိုသိတာလဲ. . "

ဝဏ္ဏက ခပ်ဟဟလေးရယ်ပြီး. . .

"အဲဒီလောက်ထိကြီးလဲ မအံ့သြစမ်းပါနဲ့ဗျာ. . ခင်ဗျားသစ်ခုတ်ရင်း တစ်ယောက်တည်းညည်းညူသံတွေကို ကျုပ်ကြားမိလို့ပါ. . ခင်ဗျားရဲ့စိတ်ဓါတ်ကို ကျုပ်တကယ်သဘောကျတယ်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကောင်းတစ်ယောက်ရဲ့ စိတ်ဓါတ်ဟာဒါမျိုးပဲ ဖြစ်ရမှာပေါ့. . ခင်ဗျားဟာ သူ့ရဲကောင်းတစ်ယောက်ပဲ”

ရာဇာရင်ထဲမတင်မကျ ခံစားနေရသော်လည်း အတော်လေးတော့ စိတ်ကျေနပ်သွား၏။ ဒီလူထူးလူဆန်းလေးသည် သူ့မိတ်ဆွေဖြစ်လာနိုင်သည့်တိုင်အောင် ရန်သူလည်းဖြစ်လာမှာမဟုတ်ကြောင်း ခန့်မှန်းမှတ်ချက်ချလိုက်မိသည်။

“မင်းက. . ကျုပ်တစ်ကိုယ်တည်းညည်းညူသံ တွေကိုကြားလို့ကိုး. . ဒါပေမယ့် ကျုပ်ရှင်းရှင်းလင်းလင်းမသိသေးဘူး မင်းကကျုပ်ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးမယ်လို့ ပြောခဲ့တယ်နော်. . .”

“ဟုတ်တယ်လေ. . ကျုပ်က နောင်ကြီးရဲ့ဘဝကို လှလှပပလေး ပြောင်းလဲဖန်တီးပေးနိုင်ပါတယ်၊ ဒီတစ်ရွာလုံးက လူတွေတင်မကဘူး ဟော့ဒီရမွာပူရမြို့လုံးကလူတွေဟာ နောင်ကြီးကို ရိုရိုကျိုးကျိုးလေးလေးစားစား ဆက်ဆံရမယ့် အခြေအနေမျိုးကို ပြောင်းလဲပေးမယ်”

ဝဏ္ဏက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် တစ်လုံးချင်း ပြောလိုက်ခြင်းဖြစ်သည်။ ရာဇာ စိတ်လှုပ်ရှားသွားသည်။ သူသည် ဝဏ္ဏရှေ့သို့လျှောက်သွားပြီး မျက်နှာချင်းဆိုင်



ထိုင်လိုက်၏။

“မင်း. . မင်း တကယ်ပြောတာလား. .”

“ကျုပ်ကအပြောင်အပျက်လုပ်ဖို့ ခင်ဗျားဆီလာတာမဟုတ်ဘူး ကျုပ်စိတ်ထဲမှာ ခင်ဗျားကို သူ့ရဲကောင်းတစ်ယောက်အဖြစ် သတ်မှတ်မိလို့ ထိုက်တန်တဲ့နေရာ ကို ပေးချင်လို့ လာခေါ်တာ ခင်ဗျားအာဇာနည်တစ်ယောက်ဖြစ်ချင်ရင် ကျုပ်နဲ့လိုက်ခဲ့ပါ”

“ဘယ်ကိုလိုက်ရမှာလဲ”

“လိုက်လာရင် သိမှာပေါ့ဗျာ ခင်ဗျားလိုက်မလား. . မလိုက်ဘူးလားပဲ ဆုံးဖြတ်ပါ”

ရာဇာတွေဝေသွားသည်။ ဝဏ္ဏဆိုသော လူထူးလူဆန်းက သူ့ကိုဘယ်နေရာခေါ်သွားပြီး ဘာလုပ်မည်ဆိုတာကို ရေးရေးလေးမျှမခန့်မှန်းနိုင်သည့်အတွက် လုံးလုံးမယုံကြည်ဝံ့ပါ။

“မင်းကျုပ်အပေါ် စေတနာကောင်းထားတာ ဘာကြောင့်လဲ ဘယ်လိုရည်ရွယ်ချက်ရှိနေလဲဆိုတာ ကျုပ်သိပြီးမှ ဆုံးဖြတ်လို့ရမှာပေါ့”

ဝဏ္ဏက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

“ဟုတ်တာပေါ့ ကျုပ်က အပေးအယူသဘောမျိုး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်တယ်၊ ခင်ဗျားလိုချင်တဲ့ ဘဝအခြေအနေမျိုးကို ကျုပ်ဖန်တီးပေးနိုင်တယ်၊ အဲဒီအတွက် ခင်ဗျားကျုပ်ကို ပန်းချီ လိပ်တွေနဲ့ ပြန်လည်ပေးဆပ်ရမယ်"

"ပန်းချီလိပ်. . မင်းကကျုပ်ဆီက ပန်းချီလိပ်တွေ လိုချင်တာလား"

"အမှန်ပဲ ကျုပ်အတွက် ပန်းချီပညာရှင်တစ်ယောက် မရှိမဖြစ်လိုတယ်"

ရာဇာ၏မျက်လုံးတွေ အရောင်တွေ အရောင်တဖျတ်ဖျတ်တောက်ပသွားသည်။ သူဝါသနာပါသော အလုပ်ကိုလုပ်ခွင့်ရပြီး သူလိုချင်သော အခြေအနေမျိုးကို ဖန်တီးပေးမည်ဆိုသော ဝဏ္ဏပေးသည့်အခွင့်အရေးကို သူလက်လွှတ်မခံဖို့ ကြိတ်၍ ဆုံးဖြတ်ချက်ချလိုက်၏။ သူကပြုံးချင်တာထက်ကို လျော့ပြုံးပြီး. . .

"မင်းလိုချင်တာကို. . ပေးနိုင်တဲ့အရည်အချင်း ကျုပ်မှာ အပြည့်ရှိတာ သိပ်ကိုသေချာပါတယ်၊ ကျုပ်ရဲ့ပန်းချီကားချပ်က ရုပ်ပုံတွေဟာ အပြင်ကအစစ်အမှန်တွေနဲ့ တထပ်တည်း တူစေရမယ်၊ ကျုပ်ကတိပေးတယ်၊ ဒါနဲ့မင်းကကော ကျုပ်လိုချင်တဲ့ အခြေအနေမျိုးကို မုချပေးနိုင်ပါ့မလား"





ဟုအားမနာစတမ်းပင် မေးလိုက်သည်။

ဝဏ္ဏက ရာဇာမျက်လုံးတွေကို စေ့စေ့ကြည့်ရင်း ပြုံးလိုက်၏။ ထူးဆန်းလျှို့ဝှက်သော အပြုံးမျိုးဖြစ်သည်။

"ခင်ဗျား မဆိုးဘူး ခင်ဗျားစိတ်ကျေနပ်စေရမယ်လို့ ကျုပ်အပြည့်အဝ အာမခံတယ်၊ ကျုပ်အရည်အချင်းကို သံသယ မရှိပါနဲ့ ကျုပ်ကပြောတဲ့အတိုင်းဖြစ်အောင် လုပ်တတ်တဲ့လူပဲ ဒါကိုခင်ဗျား ယုံကြည်ရင် လိုက်ခဲ့ပေတော့"

သူကပြောပြီးသည်နှင့် ချက်ချင်းထလိုက်၏။ ခမောက်ကိုလည်း ပြန်ဆောင်းပြီးမေးအောက်မှာကြိုးကို ပြန်ချည်၏။

ရာဇာက ကပျာကယာထရပ်လိုက်၏။

"ဘယ်တော့လိုက်ခဲ့ရမှာလဲ"

"အခု"

ဝဏ္ဏက သံပြတ်ဖြင့် ပြောပြီးသည်နှင့် လှည့်ထွက်သွားပြီး တံခါးဖွင့်ကာအပြင်သို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်။ အပြင်မှာနှင်းတွေက တဖွဲဖွဲကျနေဆဲ. . .

ရာဇာသည် အံကိုတင်းတင်းကြိတ်ပြီး ဝဏ္ဏနောက်လိုက်သွား၏။ လက်ရှိဘဝကို မကျေနပ်နိုင်သည့် အတူတူစွန့်စားကြည့်ရမည် မဟုတ်ပါလော. . ။

နောက်က ပြေးလိုက်လာသော ခြေသံတွေကိုကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဝဏ္ဏာနှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။ ခြေလှမ်းတွေက အနည်းငယ်လေးမှ တုံ့ဆိုင်းသွားခြင်းမရှိပေ။ အာဏာကိုမက်မော လွန်းသော ပန်းချီဆရာ ဒီလိုပဲဆုံးဖြတ်မည်ဆိုတာကို သူကြိုတင် ခန့်မှန်းသိပြီးသားဖြစ်သည် မဟုတ်ပါလော။

ဤသို့ဖြင့် . . .

ဝဏ္ဏာနှင့်ရာဇာတို့သည် နှင်းတောများထဲသို့ တိုးဝင် ပျောက်ကွယ်သွား၏။ ရာဇာ၏ အိမ်စုတ်လေးမှာ တံခါးပွင့်လျက် သားဖြင့် ဝေး၍ဝေး၍ကျန်ခဲ့သည်။

ဤသို့ဆိုလျှင် . . .

ဝဏ္ဏာဆိုသော လူငယ်မှာ ပန်းချီပညာရှင်ကို ဘယ့်အတွက် ကြောင့် မရှိမဖြစ်လိုအပ်နေပါသနည်း။ သူသည် ရာဇာကို ကတိ ပေးထားသည့်အတိုင်း ရမ္မာပူရမြို့သူမြို့သားများအပေါ် အာဏာလွှမ်းနိုင်သည့် အခြေအနေမျိုးကို အမှန်တကယ် ဖန်တီး ပေးနိုင်ပါမည်လော။ မည်သို့ဖန်တီးပေးမည်နည်း။ ယခုသူသည် ရာဇာကို မည်သည့်နေရာသို့ ခေါ်သွားပြီး မည်သို့သောပန်းချီ ကားတွေကို ဆွဲခိုင်းမည်နည်း။

ထိုမေးခွန်းများ၏ အဖြေမှန်ကို ဝဏ္ဏာသော လူထူးလူဆန်း လူငယ်လေးသာ သိနိုင်ပေလိမ့်မည်။



## အခန်း (၃)
## "အငြိုး"

"စန္ဒီ . . . စန္ဒီ"

ဘိုးပြည့်က စိတ်လှုပ်ရှားစွာဖြင့် ခေါ်ရင်းမိန်းမလှလေး စန္ဒီနှင့်ပခုံးချင်း ယှဉ်လျှောက်ရင်းလိုက်လာသည်။

စန္ဒီက သူမအဖော်၏လက်ဝါးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ခပ်သွက်သွက်လျှောက်နေရာမှ ခြေလှမ်းတွေကို ရပ်တန့်ပစ်ပြီး ဘိုးပြည့်ကို စူးစူးရဲရဲစိုက်ကြည့်လိုက်၏။ သူမ၏မျက်နှာလေးမှာ ရှက်ဒေါသဖြင့် သွေးရောင်လွှမ်းလို့နေလေသည်။

"ဘိုးပြည့် . . ရှင့်ရဲ့မေတ္တာကို ကျွန်မလက်မခံနိုင်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ ကျွန်မကိုမနှောင့်ယှက်ပါနဲ့ ပြန်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီရယ်. . . ကျွန်တော့်မေတ္တာကို တန်ဖိုးမထားတဲ့ ပုံစံမျိုးတော့ မပြောပါနဲ့ ကျွန်တော်စန္ဒီကို ဘယ်လောက်ထိ စွဲလမ်းငြိတွယ်နေတယ်ဆိုတာ စန္ဒီသိမှာပါ. . နည်းနည်းလောက် ဖြစ်ဖြစ်စဉ်းစားပေးပါနော်"

"ဒီမှာဘိုးပြည့် ရှင့်ကြောင့် ကျွန်မအမြဲစိတ်ရှုပ်တယ်၊ ပြတ်ပြတ်လဲပြောမှဖြစ်တော့မယ်၊ ရှင့်လိုပန်းရုံသမားသူဆင်းရဲကို ကျွန်မတစ်သက် ဘယ်တော့မှ မစဉ်းစားဘူး. . မှတ်ထား ကျွန်မ ရှေ့ကဖယ်စမ်း"

ဘိုးပြည့်၏ခန္ဓာကိုယ် နောက်သို့ယိုင်သွား၏။ မျက်နှာ တစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်သွားပုံက ခန္ဓာကိုယ်ထဲက သွေးများ ကိုစုပ်ထုတ်ခံလိုက်ရသည့်နှယ်. . အင်မတန်လှပသော နှုတ်ခမ်း ပါးလေးက ရင့်သီးနင့်နဲသော စကားလုံးမျိုးတွေ ပြောထွက်လိမ့် မည်ဟု ထင်မထားခဲ့ချေ။ အခုလိုကြားလိုက်ရသော စကားလုံး တွေက နားထဲမှာပဲ့တင်ထပ်မြည်ဟီးလို့နေလေသည်။

"ရှင့်လို မုဆိုးမသား ဆွေမရှိမျိုးမရှိ ဥစ္စာနတ္ထိ၊ ပညာမရှိတဲ့ ယောက်ျားမျိုးကို ကျွန်မဘယ်တော့မှမပတ်သက်ဘူး. . ရွံ့လူး နေတဲ့ရှင့်ကိုကျွန်မဆွဲထူမိရင် ကျွန်မလည်းရွံ့ပေမှာပေါ့. . ကျွန်မ ရှင့်လိုရွံ့မျိုး ဘယ်တော့မှအပေမခံဘူး နားလည်ပြီလား. . "



စန္ဒီ၏မိန်းမအဖော်က ခိုးခိုးခစ်ခစ်ရယ်မောလိုက်၏။ ထိုစဉ်လက်ခုပ်သံ တဖြောင်းဖြောင်းနှင့်အတူ ရယ်သံအကျယ်ကြီး ထွက်ပေါ်လာသည်။

"ဟား. . ဟား. . ကောင်းလိုက်တဲ့ဥပမာပဲ စန္ဒီက စကားတတ်လိုက်တာနော်"

ဘိုးပြည့်ကို လှောင်ပြောင်၍ စန္ဒီကိုချီးကျူးစကားဆိုလိုက် သူမှာသူဌေးသားရဲမာန်ပင်ဖြစ်သည်။ ရဲမာန်က မလှုပ်မယှက် တောင့်တောင့်ကြီးရပ်နေသော ဘိုးပြည့်ကို ဟန်မူရာကင်းမဲ့သော မျက်နှာထားဖြင့် ကြည့်လိုက်၏။ ဟန်မူရာကင်းမဲ့ခြင်းသည် အထင်သေးသည့် သဘောပင်ဖြစ်၏။

တင်းမာပြောင်လက်နေသော စန္ဒီမျက်နှာမှာရဲမာန်ကို မြင်တွေ့သည်နှင့် ချက်ချင်းအရောင်ပြောင်းသွား၏။ နူးညံ့သိမ်မွေ့ ဟန်တွေ ချက်ချင်းဖုံးလွှမ်းပစ်လိုက်၏။

"ဩော်. . ကိုရဲမာန်ကို ဘယ်ကလာလဲ"

ရဲမာန်က ဟန်ပါပါအပြုံးဖြင့် စန္ဒီကိုလှည့်ကြည့်လိုက် သည်။

"စန္ဒီတို့အိမ်ကိုပဲ တမင်လာတာ"

"ဒါဖြင့် သွားကြပါစို့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဘိုးပြည့်ကိုတစ်ချက်လေးမှ လှည့်မကြည့်တော့ပဲ ရယ်ရယ်မောမောဖြင့် စကားများပြောရင်း ကျောခိုင်းထွက်ခွာသွားကြသည်။

ဘိုးပြည့်၏မျက်လုံးတွေက သူတို့နောက်ကျောကို မျက်တောင်မခတ်စတမ်းစိုက်ကြည့်နေသော်လည်း မြင်ကွင်းတွေကဝိုးတိုးဝါးတား. . ။မျက်ရည်တွေက ပြည့်နေပြီကိုး. . ။

မခံချင်စိတ်နှင့်အတူ သိမ်ငယ်စိတ်နှင့်ခံပြင်းနာကြည်းစိတ်က ဆန့်ကျင်ဘက်ဖြစ်နေလျက် တပြိုင်နက်တည်း ခံစားရသည့်ဝေဒနာက ဆိုးရွားလှသည်။

ဘိုးပြည့်၏ခန္ဓာကိုယ်တစ်ခုလုံးက တဆတ်ဆတ်တုန်ယင်နေရင်းက ဒူးညွတ်ကျသွား၏။ အသံတိတ်ငိုရှိုက်နေမိ၏။

ရုတ်တရက်. . .

"အင်း"

ရှည်လျားသော သက်ပြင်းချသံနှင့်အတူ သူ့နောက်သို့ ဝါးခမောက်တစ်လုံးဆောင်းထားသော လူငယ်တစ်ယောက်ရောက်လာသည်။ ထိုလူငယ်၏မျက်လုံးများက ထူးခြား၏။ မီးခိုးရောင်မျက်လုံးသူငယ်အိမ်တွေထဲမှာ ထူးခြားလျှို့ဝှက်သော အရိပ်အယောင်များခိုအောင်းနေသည်။





ဘိုးပြည့်ကအသံကြားသော်လည်း နောက်သို့လှည့်မကြည့်. . ၊ အခုအချိန်မှာ သူဘယ်လိုလှုပ်ရှားမှုကိုမျှ လုပ်ရန်ဆန္ဒမရှိပါ။ ယုတ်စွအဆုံး လူတစ်ဦးက သူ့ကိုခါးနှင့်လာထိုးလျှင်တောင် ရှောင်တိမ်းတုံ့ ပြန်မှာမဟုတ်. . ။ နှစ်ပေါင်းများစွာ ဖွဲ့နပဲဖြင့် ရည်မှန်းကာချစ်ခွင့်ပန်ခဲ့ခြင်းအတွက် ရလာဒ်ကခါးသီးလှပေသည်။

မီးခိုးရောင်မျက်လုံးပိုင်ရှင်လူငယ်က ဘိုးပြည့်ရှေ့သို့ရောက်လာပြီး ရပ်တန့်လိုက်၏။

"မိတ်ဆွေ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျုပ်သိပါတယ်၊ အဲဒီဝေဒနာကို ကျုပ်ကုစားပေးမယ်၊ ကျုပ်နာမည်က ကျော်ထင်ပါ. . မိတ်ဆွေ"

ဘိုးပြည့်က မျက်မှောင်ကုတ်ရင်း ကျော်ထင်ကို မော့ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ရဲ့ဝေဒနာကို ကုပေးမယ်. . ဟုတ်လား"

"ဟုတ်ပါတယ်"

"အဟင်း. . စာနာစိတ်နဲ့ အခုလိုအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ ဒါပေမယ့် ကျုပ်က ကလေးတစ်ယောက်မဟုတ်ဘူးဆိုတာကို သတိပြုစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . မင်းက မယုံဘဲကိုး. . ကျုပ်ကမင်းရဲ့ဝေဒနာကိုသက်သာပျောက်ကင်းအောင် အမှန်တကယ်ဖန်တီးပေးနိုင်ပါတယ်၊ ဘယ်လိုနည်းလမ်းနဲ့ကုသပေးရမယ်ဆိုတာကို သိနေပါတယ်လေ"

ကျော်ထင်က ပိုင်ပိုင်နိုင်နိုင်ကြီး ပြော၏။ ဘိုးပြည့်က တအံ့တဩဖြင့် မျက်ရည်များကိုသုတ်ပြီး ကျော်ထင်ကို ပြူးကြည့်လိုက်သည်။

"နောင်ကြီးက လာနောက်နေတာလား. ."

"ဩော်. . တကယ်ပါဆို ကျုပ်မင်းကို စိတ်ချမ်းသာကျေနပ်အောင်လုပ်ပေးမယ် မလုပ်ပေးနိုင်ရင် မိုးကြိုးပစ်ခံရပါစေကွာကဲ. . ယုံပြီလား. ."

"နောင်ကြီး. . နောင်ကြီးက ဘယ်လိုနည်းလမ်းမျိုးနဲ့ ကျုပ်ရဲ့စိတ်ဝေဒနာကို ကုယူမှာမို့လို့လဲ"

ဘိုးပြည့်က စိတ်လှုပ်ရှားစွာဖြင့် တုန်တုန်ယင်ယင် မေးလိုက်သည်။

ကျော်ထင်က သူ၏ထူးခြားစူးရှသော မျက်လုံးအစုံဖြင့် ဘိုးပြည့်ကို စိုက်ကြည့်ရင်း. . .

"စန္ဒီဆိုတဲ့ မိန်းကလေးဟာ မင်းဇနီးဖြစ်လာအောင်



ကျုပ်ဖန်တီးပေးမယ်"

"ဗျာ"

"အဲဒီအတွက် မင်းကျုပ်ခိုင်းတာကို ပြန်လုပ်ပေးစေချင်တယ်၊ ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး မင်းတတ်ထားတဲ့ ပန်းရံပညာကို အသုံးပြုပြီး ကူညီပေးရုံလောက်ပါပဲ"

"လက်စသတ်တော့ ခင်ဗျားက ကျုပ်ကိုညာခိုင်းဖို့ ကြိုးစားနေတာကိုး အဲဒီလိုတော့ မလှည့်စားပါနဲ့ဗျာ. ."

ဘိုးပြည့်က အားလျော့သွားပြီး လေးသွဲ့စွာပြောရင်း ဖြည်းညင်းစွာထရပ်လိုက်၏။

ကျော်ထင်က ဖိုးပြည့်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"ကျုပ်ကို အထင်မလွဲပါနဲ့ မင်းရင်ခွင်ထဲ စန္ဒီရောက်လာပြီးမှ ကျုပ်အကူအညီတောင်းတာကို လုပ်ပေးပါ"

"ဟင်. . ဒါ. . ဒါ ဘယ်လိုဖြစ်နိုင်ပါ့မလဲ သူက ကျုပ်ရင်ခွင်ထဲ ဘယ်တော့မှ ရောက်မလာနိုင်ပါဘူး"

"ဘယ်လိုမရောက်လာနိုင်ရမှာလဲ. . မင်းစောင့်ကြည့်လိုက်လေ စန္ဒီဆိုတဲ့မိန်းကလေးအပြင် ရဲမာန်ဆိုတဲ့သူဌေးသားကိုပါ မင်းဆီခေါ်လာပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရဲမာန်ကို ဘာလုပ်ရမလဲ"

"မင်းနိုပ်စက်ဖို့ပေါ့. . မင်းသူ့ကို စိတ်ကျေနပ်တဲ့အထိ ရိုက်နှက်ဆုံးမနိုင်တယ်၊ နောက်ဆုံးကျွာ. . သတ်ချင်လဲ သတ်ပစ်နိုင်တယ်ဆိုပါတော့"

"ဟင်"

ဘိုးပြည့်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။ ကျော်ထင်ဆိုတဲ့ လူဟာ ရူးနေတာများလား သူ့အကဲခတ်ကြည့်လိုက်တော့ ကျော်ထင်ပုံစံက တည်ကြည်လေးနက်လျက် အရူးတစ်ယောက်နှင့်လားလားမျှ မတူပါချေ။

ကျော်ထင်က ဘိုးပြည့်ကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ခုနက မင်းကို ဆက်ဆံသွားကြတဲ့ လူတွေကို ပြန်မြင်ယောင်ကြည်စမ်း. . ခါးသွားလိုပြတ်ရှစေနိုင်မယ့်စကားလုံးတွေကို ပြန်ကြားကြည့်စမ်း ပြန်စဉ်းစားကြည့်စမ်းပါ. . "

ဘိုးပြည့်၏မျက်နှာတစ်ပြင်လုံးရဲတက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးတဆတ်ဆတ်တုန်ယင်လာ၏။ မျက်ရည်တွေမကျလာအောင် အံကိုတင်းတင်းကြိတ်ရင်း အသက်ရှုအောင့်ရင်း ထိန်းထားရ၏။





"ဘယ်လောက် ခံပြင်းဖို့ကောင်းလဲ မင်းနှလုံးသားကို ဒဏ်ရာကြီးမားစွာပေးသွားတဲ့ ဒီလူတွေကို မင်းအနိုင်မယူချင်ဘူးလား အထက်စီးက မကြည့်ချင်ဘူးလား မင်းပြောသမျှနုရမယ့်ပုံစံမျိုးမသွတ်သွင်းချင်ဘူးလား. . ဟင်"

ဘိုးပြည့်၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွား၏။ မျက်နှာပြင်ပေါ်ရှိ သွေးကြောတွေက ဖောင်းပွလှုပ်ရှားလာသည်။

"အဲဒီလိုအခြေအနေမျိုး နောင်ကြီးဖန်တီးပေးနိုင်ရင် နောင်ကြီးခိုင်းသမျှ ဘာမဆိုလုပ်ပေးမယ်ဗျာ. . "

ကျော်ထင်က အားပါးတရပြုံးရင်း ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ. . ဒီလိုဆို မင်းရဲ့မျက်မမြင်မိခင်အိုကြီးကို ခေါ်ပြီးကျုပ်တို့နဲ့အတူ တစ်ခါတည်းလိုက်ခဲ့ပါ. . "

"ဘယ်ကို လိုက်ရမှာလဲ. . "

"အခု မပြောပြနိုင်သေးတဲ့အတွက် ခွင့်လွှတ်ပါ. . အချိန်တန်ရင်တော့ သိရမှာပေါ့"

"ထားပါတော့ ဒါနဲ့နောင်ကြီးက ကျုပ်အကြောင်းကို ကောင်းကောင်းသိနေတာ ဘယ်လိုကြောင့်လဲ"

"ကျုပ်အတွက် ဒီလောက်ကလေးက အသေးအမွှားပါ ဒါတွေပြောပြီး အချိန်မကုန်ပါစေနဲ့ မင်းရဲ့မိခင်ကြီးကို သွားခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြပါစို့..”

“အခုလား”

“ဟုတ်တယ်လေ..”

ဤသို့ဖြင့်....

ဘိုးပြည့်သည် မိခင်ဖားဖေးမရင်း ကျော်ထင်နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါသွား၏။

ကျော်ထင်သည် မည်သို့သောနည်းဖြင့် စန္ဒီနှင့်ရဲမာန်တို့ကို သူ့ထံခေါ်ဆောင်လာမည်ဆိုတာကို မသိသော်လည်း ကျော်ထင်လုပ်နိုင်လိမ့်မည်ဟု သူအလိုအလျောက်ယုံကြည်နေမိသည်မှာ ထူးဆန်းလှပေသည်။ သူသည်အငြိုးကြီးစွာဖြင့် အချိန်ကိုစောင့်ဆိုင်းနေလေတော့သည်။

* * *



## အခန်း (၅)
## “ရမွက်နှင့်လောဘ”

ပန်းပဲဆရာမင်းရောင်သည် ငွေကြေးအတန်ငယ်ကြွယ်ဝ၏။ အသားအရည် မည်း၍ကြမ်းတမ်း၏ ခန္ဓာကိုယ်ထွားကျိုင်း၏။ အသက်၄၀ပြည့်တော့ပေမည်။ ယခုအထိ အိမ်ထောင်ရက်သားကျခြင်းမရှိသေး။ သူကအိမ်ထောင်ပြုလိုစိတ်မရှိသောကြောင့် မဟုတ်ပါ။ အိမ်ထောင်တစ်ခုထူထောင်လိုသောဆန္ဒသူ့မှာ ပြင်းပြနေသည်။

သူနှစ်သက်သော မိန်းကလေးများကို ချစ်ခွင့်ပန်ဖူးသည်။ မည်သူ့ဆီကမျှ မေတ္တာမရခဲ့...။ရွာလူကြီးများနှင့်အတူ မိန်းမတောင်းဖူးသည်။ မိန်းကလေးများကိုယ်တိုင်က သူ့ကိုမနှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



သလို မိန်းကလေးရှင်များကလည်း သူ့ကိုသဘောမကျကြပါ။ ငြင်းပယ်မှုတွေနဲ့ချည်းနဲ့ ကြုံတွေ့ခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော်. . .

မင်းရောင်သည် ရုပ်ရည်ကြမ်းတမ်းသလို၊ စရိုက်လဲကြမ်း၏။ အသောက်အစားလည်း ရှိသည်။ သေရည်မူးလျှင် ပို၍သွေးဆိုးတတ်၏။

ထို့ကြောင့်. . .

သူ့ကိုအတော်များများက မနှစ်သက်မဆက်ဆံဝံ့ကြပါ။ မိန်းကလေးများက ပို၍ဆိုး၏။ သူ့ကိုလုံးဝကြည့်မရကြချေ။ သူ့အသက်အရွယ်နှင့် မိန်းမငယ်ချောချောလေးများကို တစ်ယောက်ပြီးတစ်ယောက် လိုက်လံပိုးပန်းနေသဖြင့် ဘယ်သူကမှ အမြင်မကြည်လင်နိုင်ကြတော့တာ မဆန်းပေ။

သည်တော့. . မင်းရောင်မှာ စိတ်ဆင်းရဲစွာဖြင့် သေရည်ကိုချည်း ဖိသောက်နေတော့သည်။ ပန်းပဲဖိုထဲက ထွက်လာသည်နှင့် သေရည်ဆိုင်သို့သာ တန်းသွား၏။ ညဉ့်နက်သည်အထိ ထိုင်သောက်လေသည်။ မူးပြီးအိပ်ပျော်နေသော သူ့ကိုသေရည်ဆိုင်ရှင်က ချော့မော့နိုး၍ ပြန်ခိုင်းရသည်။

ယနေ့လည်း သူသည်ယိုင်ထိုးယိုင်ထိုးဖြင့် ရွာထဲသို့





ဝင်လာနေသည်။ သေရည်အပြည့်ရှိသော ဘူးသီးခြောက်တစ်လုံး ဆွဲလာသည်။ သေရည်တစ်ကျိုက်မော့လိုက်၊ အာလေးလျှာလေးဖြင့် သီချင်းတွေ အော်ဆိုလိုက် သူ့ကိုထိုးဟောင်နေသည့် ခွေးတွေကို ဆဲဆိုခြောက်လှန့်လိုက်ဖြင့် ရွာထဲရောက်လာသည်။

ရုတ်တရက်သူသည် ရှေ့သို့ဟပ်ထိုးလဲကျသွား၏။ မြေဂမူတစ်ခုကို ခလုတ်တိုက်မိသောကြောင့်ဖြစ်သည်။ အရှိန်ကပြင်းသဖြင့် သူမြေပေါ်မှာ နှစ်ပတ်ခန့်လှိမ့်သွား၏။ သေရည်တွေ မှောက်ကုန်သည်။

"ဟာကွာ. . . ဒီနေရာကြီးကို ဘယ်သူမှ မြေမညှိကြသေးပါလား အေ့. . ဒါငါ့အပေါ် သက်သက်အကျင့်ယုတ်ထားကြတာဖြစ်မယ်၊ သိမယ်တစ်ရွာလုံး မင်းရောင်အကြောင်းသိစေရမယ်. . ဝေါ့"

ထိုစဉ်. . .

သူ၏ ခန္ဓာကိုယ်ပေါ်သို့ မီးရောင်များ ဖြာကျလာ၏။ မီးအိမ်တစ်လုံးမှ အလင်းရောင်ဖြစ်သည်။ မင်းရောင်က အန်နေရင်းမှ မီးရောင်များ မျက်လုံးပေါ်မကျစေရန် လက်ဝါးတစ်ဖက်ဖြင့်ကာလိုက်သည်။ မီးအိမ်ပိုင်ရှင်ကို သူ ဆဲဆိုကြိမ်းမောင်းရန် ပါးစပ်ပြင်နေစဉ်. . . ဩဇာလွှမ်းသော အသံတစ်မျိုး ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

"ဦးမင်းရောင်. . . သေရည်ထက်ပိုပြီး စိတ်ဝင်စား ကောင်းတဲ့ပစ္စည်းတွေကို ကျုပ် လက်ဆောင်ပေးမယ်. . . ခင်ဗျားနှစ်သက်မှာ သေချာတဲ့ ပစ္စည်းတွေပါ. . ."

အသံရှင်မှာ ခမောက်ဆောင်းထားသော လူငယ် တစ်ယောက်ဖြစ်တာကို မင်းရောင်၏ ကျင့်သားရသွားသော မျက်လုံးတွေက တွေ့မြင်လိုက်သည်။ ထိုလူငယ် မီးအိမ်အား မြှောက်ရင်း သူ့ကိုပြုံး၍ စိုက်ကြည့်နေသည်။

"မင်းက ငါ့ကို. . . သိတာကို၊ ဒါပေမယ့် ငါ. . မင်းကိုမသိဘူးကွ၊ မင်းကဘယ်သူလဲ"

"ကျုပ်နာမည်က ဝဏ္ဏတဲ့. . . ခင်ဗျားကို လက်ဆောင် ကောင်းတွေပေးဖို့လာခေါ်တာပါ"

မင်းရောင်က မျက်မှောင်ကြီးကုတ်ရင်း ဝဏ္ဏကို စိုက် ကြည့်ကာ ထရပ်လိုက်သည်။ ယိမ်းယိုင်နေသော သူ၏ ခန္ဓာ ကိုယ်ကြီးကို အနိုင်နိုင်ထိန်းနေရ၏။

"ဘာ လက်ဆောင်လဲ. . . ငါ့ကို လာနောက်မနေနဲ့ ဟေ့ကောင်. . . သေချင်လို့လား"

သူတစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသော ဝဏ္ဏကို သူရန်



စကားစပြောလိုက်သည်။ ဝဏ္ဏက အပြုံးမပျက်ပါချေ။

"လက်ဆောင်က သယ်ရခက်လို့ တစ်ခါတည်း ယူမလာ ခဲ့ရဘူး. . . ပုံတူပန်းချီကားတွေပဲပါတယ်. . . ခင်ဗျား ကြည့် ပါဦး"

ဝဏ္ဏက ထိုသို့ပြောပြီး ချိုင်းအောက်မှ ညှပ်ထားသော ပိတ်ဖြူလိပ်ကြီးကို ပစ်ပေးလိုက်သည်။

"ဒါတွေကို ခင်ဗျားအလိုရှိတယ်ဆိုရင် အခုပဲ ကျုပ်နောက် လိုက်ပေတော့. . ."

မင်းရောင်က ဝဏ္ဏပစ်ပေးသော ပိတ်ဖြူလိပ်ကြီးကို မဖမ်းမိသဖြင့် ပိတ်ဖြူလိပ်မှာ မြေပေါ်သို့ ပြုတ်ကျလျက် ပွင့်သွားသည်။ ထိုအခါ. . ချောမောလှပသော မိန်းကလေး တစ်ယောက်၏ ရုပ်ပုံ ရေးဆွဲထားတာကို တွေ့ရ၏။

"ဟင်. . . ဒါ. . . ဒါ လွန်ခဲ့တဲ့တစ်လလောက်က ပျောက်သွားတဲ့ ဟေမာန်ရဲ့ပုံပဲ. . ."

"မင်းပြောတဲ့လက်ဆောင်ကောင်းဆိုတာ ဟေမာန်. . ဟေမာန်ကိုပြောတာလား. ."

သူအမူးပြေသွား၏။ ချက်ချင်းပင် ပန်းချီကားလိပ်ကို ကောက်ယူလိုက်၏။ ပန်းချီကားလိပ်က တစ်လိပ်တည်းသာတ်

www.burmeseclassic.com

www.burmeseclassic.com



သလို မိန်းကလေးပုံတွေကလည်း ဟေမာန်တစ်ယောက်တည်း၏ပုံမဟုတ်။ သူမမြင်ဖူးသော မိန်းမချောမိန်းမလှလေးတွေပုံလည်းပါသည်။

"အဲဒီမိန်းကလေးတွေထဲက ကြိုက်တဲ့မိန်းကလေးကို ရွေးချယ်နိုင်ပါတယ်၊ ခင်ဗျားဘယ်သူ့ကို လိုချင်သလဲ. ."

"ဒီကောင်မလေးက ဘယ်သူလဲ"

"သူ့နာမည်က မယ်အိမ်ဖြူတဲ့ ၁၆နှစ်ကျော်ရုံလေး ရှိသေးတယ်၊ ခင်ဗျားသူ့ကိုရွေးမှာလား. ."

"အင်း. . ကျုပ်သူ့ကိုအလိုရှိတယ်"

မင်းရောင်က မယ်အိမ်ဖြူ၏ပုံလေးကို အရောင်တဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ခေါင်းညိတ်ကာ အငမ်းမရပြောလိုက်သည်။ သူမျက်လုံးတစ်ခုလုံးမှာ အဆီပြန်နေ၏။

သူ့ပုံစံကိုကြည့်ပြီး ဝဏ္ဏက ကျေနပ်အားရစွာ ပြုံးလိုက်၏။

"ကဲ. . ဒါဖြင့် သွားကြပါစို့"

ဝဏ္ဏကပြောရင်း ပန်းချီလိပ်တွေကို ပြန်လည်သိမ်းဆည်းပြီး ချိုင်းကြားညှပ်ကာမီးအိမ်ဆွဲရင်း လှည့်ထွက်သွားသည်။



သူ့နောက်သို့ မင်းရောင်က အပြေးတစ်ပိုင်းဖြင့် လိုက်သွား၏။

ဦးမင်းရောင်သည် ဝဏ္ဏကို ဘယ်လိုမေးခွန်းမျိုးကိုမှ မမေးပါ။ မေးရန်ပင် သတိမရပါ။ သူ၏စိတ်အာရုံအားလုံးသည် အမှောင်ဖုံးလျက် ရှိသည်မဟုတ်ပါလော။

* * *

ယင်းအချိန်တွင်. . .

ဇရပ်ပျက်ကြီးတစ်ခုပေါ်၌ သူဖုန်းစားသေဒ္ဓေနှင့် ကျော်ထင်တို့ မျက်နှာချင်းဆိုင်ထိုင်နေကြသည်။

သေဒ္ဓေသည် ဘဲကင်တစ်ကောင်လုံးကို လက်နှစ်ဖက်ဖြင့်ကိုင်၍ အားပါးတရ စားသောက်နေ၏။ အချိန်ကိုအတွင်းမှာပင် ကုန်သွားခဲ့၏။

ကျော်ထင်က သူ့ခါးပေါ်က ဘူးသီးခြောက်ကို ဖြုတ်ပြီး အဖုံးဖွင့်ကာ သေဒ္ဓေထံသို့လှမ်းပေးလိုက်သည်။

"ရေသောက်ဦး ကောင်လေး. ."

သေဒ္ဓေက ရှိရှိကျိုးကျိုးဖြင့် ယူပြီးမော့သောက်လိုက်သည်။ ယခုလိုအစားကောင်းများ ကျွေးသောကျော်ထင်ကို အလွန်ကျေးဇူးတင်နေရှာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူလူမှန်းသိတတ်စအရွယ်ကတည်းက ယခုတစ်ကြိမ်သာ အစားကောင်းကို ဝဝလင်လင်စားဖူးလေ၏။

"ကျေးဇူးတင်ပါတယ် နောင်ကြီး"

"ရပါတယ် မင်းကိုကျုပ် နေ့တိုင်းအစားကောင်းတွေ ဝယ်ကျွေးမယ်"

"တကယ်. . တကယ်ပြောတာလား"

"တကယ်ပေါ့ မင်းစားချင်တာကို ပြောလိုက်. . ကျုပ် ဝယ်လာခဲ့ပေးမယ်"

"ဝမ်းသာလိုက်တာဗျာ. . ဒါနဲ့နောင်ကြီးက ဘယ်မှာ နေတာလဲဟင်"

ကျော်ထင်မျက်နှာ တည်သွား၏။

"ကျုပ်ကို ဘာမှမမေးနဲ့ ပြောသင့်တာကို ပြောပြမယ်၊ မင်းရဲ့ဝမ်းရေးကို ကျုပ်တာဝန်ယူတယ်၊ ကျုပ်အကူအညီလိုအပ် လာတဲ့အချိန်မှာ မင်းအားသွန်ခွန်စိုက် လုပ်ပေးမယ်ဆိုရင်ပေါ့ လေ. ."

"ဟာ. . ကူညီရမှာပေါ့ ကူညီပါ့မယ်. . ဘာကူညီရ မလဲပြောပါ. ."

အစားလောဘ





ကြီးသော သူဖုန်းစားလေးငသူဇာက ချက်ချင်းပင်သဘောတူ လိုက်လေသည်။

ကျော်ထင်က ပြုံးလိုက်၏။

"အခုမလိုအပ်သေးပါဘူး လိုအပ်ရင်ပြောမယ်. . ကဲ ကျုပ်ပြန်ပြီ မင်းလဲအိပ်တော့. ."

ကျော်ထင်က ပြောပြီးသည်နှင့် ထထွက်သွားသည်။

ငသူဇာက သူ့နောက်ကျောကိုကြည့်ရင်း ပျော်ရွှင်မြူးတူး လျက်ကျန်ရစ်ခဲ့လေသည်။ သူသည်ကျော်ထင်ကို ကျေးဇူးရှင် အဖြစ် သတ်မှတ်ကာ ကန်တော့လိုက်၏။

ကျော်ထင်က နောက်သို့တစ်ချက်လှည့်ကြည့်လိုက်ရာ သူ့ကိုလှမ်းကန်တော့နေသော ငသူဇာကိုမြင်တော့ အားပါးတရ ပြုံးမိ၏။ ထို့နောက် အမှောင်ထုထဲသို့တိုးကာ ဆက်လျှောက်သွား ၏။ သူသည်ရွှေ့လျားနေသော မီးရောင်ကလေးထံသို့ ဦးတည် သွားနေခြင်းဖြစ်သည်။

မကြာမီ. . .

သူသည် မီးအိမ်ကိုနီးကပ်စွာ တွေ့မြင်လိုက်ရ၏။ မီးအိမ် ကိုင်ဆောင်ထားသူမှာ ဝဏ္ဏာဖြစ်၏။ ဝဏ္ဏာ၏နောက်တွင် ဦးမင်းရောင် လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထင်သည် စကားတစ်ခွန်းမျှမပြောဘဲ ဝဏ္ဏာနှင့် ပခုံးချင်းယှဉ်လျှောက်ရင်း လိုက်ပါလာသည်။ ဝဏ္ဏာကသူ့ကို တစ်ချက်လေးမျှ မကြည့်သလို သူကလည်း ထပ်မံမကြည့် တော့ချေ။

သူတို့သည် တိတ်ဆိတ်စွာဖြင့် တောတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားကြလေသည်။

ဤသို့ဆိုလျှင်. . .

ဝဏ္ဏာနှင့်ကျော်ထင်တို့သည် အဘယ့်အတွက် မိန်းကလေးများကို ခိုးယူပြီး ယောက်ျားများကို လိုက်လံစည်းရုံးနေပါသနည်း။ မည်သို့သော ရည်ရွယ်ချက်မျိုးဖြင့် မည်ကဲ့သို့သောအချင်းအရာတွေကို လျှို့ဝှက်လုပ်ဆောင်နေပါသနည်း။

သူတို့၏လုပ်ရှားမှုများမှာ လျှို့ဝှက်ထူးဆန်း၍ ပဟေဠိဆန်နေတာကိုတော့ မည်သူမဆို လက်ခံကြရပေလိမ့်မည်။

* * *

## အခန်း (၅)
## "စောနန္ဒနှင့် မိသဉ္ဇာ"

အနောက်မိုးကုတ်စက်ဝိုင်းအောက်သို့ စတင်ငုပ်လျှိုးနေပြီဖြစ်သော နေဝန်းက ပုစွန်ဆီရောင်အဆင်းဖြင့် လောကတခွင်ကို အလှဆင်လို့နေသည်။ အရာရာသည် လှပလို့နေ၏။

မိသဉ္ဇာသည် ပြပင်းပေါက်ဝ၌ရပ်ရင်း လမ်းကလေးကို မျှော်ကြည့်နေသည်။ သူမ၏မျက်နှာလေးမှာ အလွန်အပြစ်ကင်း၍ ချစ်ဖို့ကောင်းသည်။ အေးချမ်းသော အလှပိုင်ရှင်မလေးဖြစ်၏။ အရပ်က အနည်းငယ်ပု၏။ ကိုယ်လုံးကိုယ်ထည်က ခံပြပြစ်ကျော့ရှင်းသည်။

အတန်ကြာ. . .

www.burmeseclassic.com

www.burmeseclassic.com



သူမသည်ချာခနဲလှည့်ဝင်လာ၏။ အလိုမကျဟန်က မျက်နှာပေါ်မှာ အထင်းသားပေါ်လွင်နေ၏။ အောက်နှုတ်ခမ်း ပြည့်ပြည့်ဖူးဖူးကလေးကို ဖြူဖွေးသော သွားတန်းကလေးများ ဖြင့် ကိုက်ရင်းမျက်မှောင်ကုတ်ထားလေသည်။

သူမက ငှက်လှောင်အိမ်ကြီးတစ်လုံး တင်ထားသော စားပွဲဘေးရှိ ထိုင်ခုံပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထိုင်ချလိုက်၏။

"ကျိ. . ကျိ. . ကျလိ. . ကျလိ"

လှောင်အိမ်ထဲရှိ ငှက်ကလေးများက လန့်ဖြန့်အော်ကြ ရင်း ခုန်ဆွခုန်ဆွဖြင့် ဆတ်တောက်ဆတ်တောက် လျှောက်သွား နေကြသည်။ ငှက်ကလေးများမှာ အလွန်လှပပြီး အမျိုးအစား စုံလင်ကြ၏။ အားလုံးပေါင်း အကောင်သုံးဆယ်ခန့်ရှိသည်။

မိသဉ္ဇာသည် အလွန်ကလေးဆန်ပြီး ငှက်ကလေးများကို နှစ်သက်၏။ ငှက်မုဆိုးဖမ်း၍ လာပြသမျှ ငှက်ကလေးများကို ဝယ်ယူမွေးမြူထားလေသည်။ ငှက်ကလေးများကို ကြည့်ရင်း မျက်နှာလေးကြည်လာ၏။

သူမက ငှက်များကို စပါးစေ့များကျွေးရန် ရည်ရွယ်ချက် ဖြင့် ထရပ်ပြီး စားပွဲ၏တစ်ဖက်စွန်းရှိ ကြေးဖလားထံသို့ လျှောက်





လာသည်။ ကြေးဖလားထဲ၌ စပါးစေ့အနည်းငယ်သာကျန်၏။

"ကြည့်စမ်း. . သူမလာတာနဲ့ ငှက်စာခွက်ထဲမှာ စပါး စေ့တောင် အဆင်သင့်ရှိမနေဘူး ငယ်ကျွန်တွေကလည်း ဂရု တစိုက် ဖြည့်ပေးထားမယ် မရှိဘူး စိတ်တိုလိုက်တာနော်"

သူမက ချက်ချင်းကြေးဖလားကို ကောက်ယူပြီး အခန်း ထဲက ထွက်လာစဉ်. . သူမ၏မိခင်က လှမ်းကြည့်ရင်း မေးနေ သေးသည်။

"သမီးရေ. . မောင်စောနန္ဒတစ်ယောက် ဒီရက်ပိုင်း အတွင်းလာတာ မတွေ့ပါလား သမီးတို့ချင်းစိတ်ကောက်နေကြ တာလားကွယ်"

"ဘာမှမဖြစ်ပါဘူး မေမေ သူ့ဘာသာ ဘယ်မိန်းမကို လိုက်ပိုးပန်းနေသလဲမှ မသိတာ မလာတာ လေးရက်တောင်ရှိ ပြီ ဘာမှလည်းအကြောင်းမကြားဘူး. . ဟွန့်"

မိသဉ္ဇာပြောရင်း မျက်ရည်များဝဲလာသည်။ စောနန္ဒ ဘက်မှ ယခုလိုတစ်ကြိမ်တစ်ခါမျှ မပျက်ကွက်ဖူးသဖြင့် စိုးရိမ် နေမိ၏။ ထိုစဉ်. . သူမ၏ဖခင်က ရောက်ရှိလာပြီး. . .

"မောင်စောနန္ဒက လူလွှတ်ပြီး အကြောင်းကြားတယ် သမီးရေ သူတို့သားအဖ မအားမလပ်ဖြစ်နေကြတယ်၊ အဖေတို့



www.burmeseclassic.com

www.burmeseclassic.com



ရွာရဲ့ လုံခြုံရေးအတွက် စီမံခန့်ခွဲရေးတွေ လုပ်နေရတာကြောင့် မလာဖြစ်တာပါတဲ့. . . ”

ဟုသတင်းစကား ပြောပြသည်။

မိသဥ္ဇာက ဘဝင်မကျနိုင်သေးပါ။

“ဘယ်လောက်မှ မဝေးတဲ့ခရီးကို မလာနိုင်လောက်အောင်တော့ အချိန်မရှိတာ မဖြစ်နိုင်ပါဘူး မလာချင်တိုင်း လျှောက်ပြောနေတာပါ”

“မဟုတ်သေးဘူးလေ. . သမီးရဲ့အခုတလော တို့တိုင်းပြည်ကလူတွေ ထူးထူးဆန်းဆန်း ပျောက်ပျောက်သွားကြတယ်၊ မဟုတ်လား. . အဲဒီအတွက်စိုးရိမ်ပြီး အသေးစိတ်အကာအကွယ်တွေ လုပ်နေကြရတယ် ထင်ပါရဲ့ ကိုယ့်ရဲ့ခင်ပွန်းလောင်းကို အဲဒီလိုအပြစ်တင်စိတ် မထားရဘူးလေ. . ”

သူမ၏မိခင်က ထုံးစံအတိုင်းစောနန္ဒာဘက်က ရပ်တည်ပြီးသူမကို ဆုံးမ၏။ သူမအနည်းငယ်စိတ်ပြေသွားသည်။

“သူမလာလဲ သမီးကမလွမ်းပါဘူး သမီးငှက်လေးတွေအတွက် စပါးသွားယူလိုက်ဦးမယ်နော်”

သူမက မိဘတွေရှေ့က ခါးကိုင်းရင်းဖြတ်လျှောက်လာပြီးနောက် အိမ်ထဲကထွက်၍ စပါးကျီထဲဝင်လာသည်။



ထိုအခါ စပါးကျီတွင်း၌ အလွန်လှပသော သာလိကာငှက်လေးတစ်ကောင်စပါးနှံတွေ စားနေတာ တွေ့ရ၏။

“ဟယ်”

ငှက်ချစ်တတ်သော သူမမှာ သာလိကာငှက်ကလေးအနားသို့ ခြေဖွနင်းရင်းလျှောက်သွား၏။ ငှက်မဖမ်းတတ်သော်လည်း ရအောင်ဖမ်းရန် ဆုံးဖြတ်လိုက်မိသည်။

ထိုစဉ်. . .

ငှက်လေးက နေရာမှထပြန်သွားပြီး စပါးပုံကြီးတစ်ခုအပေါ်မှာ ရပ်နားရင်းသူမကို ကြည့်သည်။

“မိန်းကလေးနာမည်က ဘယ်လိုခေါ်ပါသလဲရှင် ကျွန်မနာမည်က အလိမ္မာပါ”

“ဟင်”

မိသဥ္ဇာအံ့ဩဝမ်းမြောက်သွား၏။ စကားကောင်းစွာပြောတတ်သော သာလိကာမလေးကို အလွန်လိုချင်မက်မောသွားလေသည်။

“မင်းနာမည်က အလိမ္မာကိုး ငါ့နာမည်က မိသဥ္ဇာတဲ့”

“ဟုတ်ကဲ့. . ကျွန်မမှတ်ထားပါ့မယ်. . ကျွန်မဗိုက်ဆာလို့မိသဥ္ဇာရဲ့ စပါးတွေကို စားမိတာပါ ခွင့်လွှတ်ပါနော်. . ”

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာလိုက်တဲ့ ငှက်မလေး မင်းကြိုက်သလောက်စားပါ ငါမင်းကိုအရမ်းချစ်သွားပြီ ငါနဲ့အတူနေပါနော်. . "

"နေလို့မဖြစ်ပါဘူးရှင်"

"ဟင်. . ဘာဖြစ်လို့လဲ"

"ကျွန်မကို မွေးထားတဲ့ ပိုင်ရှင်တွေဆီပြန်မှ ဖြစ်မှာမို့လို့ပါ သခင်တွေက ကျွန်မကိုအသေအချာမှာလိုက်တယ်၊ မိုးမချုပ်မီ အိမ်ကိုအရောက်ပြန်ရပါလိမ့်မယ်"

မိသဉ္ဇာထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်အလိမ္မာဆိုသော သာလိကာမလေးကို အရခေါ်ထားရန် ဆုံးဖြတ်လိုက်သည်။

"မပြန်နဲ့တော့. . မင်းမစား တဲ့ အစားကောင်းတွေကိုငါကျွေးပါ့မယ် ငါနဲ့ပဲနေပါနော်. . "

"မဖြစ်လို့ပါ မိသဉ္ဇာရယ်. . သခင်တို့က ကျွန်မကိုငယ်ငယ်ကတည်းက စောင့်ရှောက်ကျွေးမွေးခဲ့ကြတာ သူတို့စကားကို ကျွန်မနားထောင်မှဖြစ်မယ်. . ပြန်တော့မယ်နော်. . . နောက်ကို ကျွန်မလာမစားတော့ပါဘူး. . "

သာလိကာမလေးက ထိုသို့ပြောပြီး တောင်ပံတဖျပ်ဖျပ်ခတ်ရင်း မိသဉ္ဇာခေါင်းပေးကျော်၍ ပျံသန်းသွားသည်။ မိသဉ္ဇာ



ရင်ထဲ ဟာခနဲဖြစ်သွား၏။

"နေပါဦး အလိမ္မာ မင်းရဲ့သခင်တွေနဲ့ ငါတွေ့ချင်တယ်၊ သူတို့က ဘယ်မှာနေကြတာလဲ"

ငှက်မလေးက မြေပေါ်မှာ ရပ်နားပြီး. .

"ကျွန်မ မပြောပြတတ်ပါ. . "

"ဒါဆို မင်းဒီကို နောက်နေ့တွေမှာ လာခဲ့ပါဦး"

"လာလို့မဖြစ်တော့ပါ"

"ဘာဖြစ်လို့လဲ. . "

"ဒီနေ့လည်ပတ်ပြီးရင် ဘယ်တော့မှ ထွက်မလည်တော့ဘူးဆိုတဲ့ ကတိကိုပေးပြီးပြီ ဖြစ်လို့ပါ နှုတ်ဆက်ခဲ့ပါတယ်"

အလိမ္မာက ခေါင်းလေးတခါခါဖြင့် ပြောပြီးနောက် ပျံထွက်သွားသည်။ မိသဉ္ဇာစပါးကျီထဲက ပြေးထွက်ပြီး ဘယ်တော့မှမရနိုင်တော့တာ ကျိန်းသေသည့် ငှက်လိမ္မာလေးကို နှမြောတသစွာ မော့ကြည့်လိုက်သည်။

သာလိကာမလေးက ခပ်နိမ့်နိမ့်အမြင့်လောက်၌သာ နှေးကွေးစွာပျံသန်းနေသည်။ ကျွမ်းကျွမ်းကျင်ကျင် ပျံသန်းနိုင်ပုံမပေါ်ချေ။ ဝဖိုင့်သော ခန္ဓာကိုယ်ကို သယ်မရင်းပျံနေရသဖြင့် ပင်ပန်းဟန်တူသည်။ ခြံစည်းရိုးတစ်နေရာ၌ ရပ်တန့်ကာ နားနေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။

မိသဥ္စာမှာ ငှက်မလေးကိုကြည့်ရင်း လိုချင်ပိုင်ဆိုင်လို စိတ်တွေ တားဆီးမရအောင် ပြင်းထန်လာသည်။ လူယဉ်ကျေး တစ်ယောက်နှင့်မခြား အသိဉာဏ်ရှိသော သာလိကာမလေးကို မိသဥ္စာလိုကျေးငှက်များကို မက်မောချစ်ခင်တတ်သော ကလေး ဆန်ဆန်မိန်းကလေးက အသည်းအသန်လိုချင်တာ မဆန်းပါချေ။

"ဒီငှက်မလေးကို သူ့သခင်တွေဆီက ငါရအောင် ယူမယ်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ယူမယ်၊ သူကလဲမြန်မြန်ဆန်ဆန် ကြီး ပျံနိုင်တာမဟုတ်တော့ ငါလိုက်သွားရင်ကောင်းမယ်"

သူမစဉ်းစားနေစဉ် သာလိကာမလေးက ထပျံသွားသည်။ မိသဥ္စာသည်ငှက်မလေးကို ပိုင်ဆိုင်လိုဇောဖြင့် အရာအားလုံးကို မေ့လျော့လျက် အပြေးလေးလိုက်ပါသွား၏။

ညနေပိုင်းတွင်မိသဥ္စာတို့အိမ်မှလူများသည် အသီးသီး အလုပ်ရှုပ်နေတတ်ကြသဖြင့် သူမခြံထဲကထွက်သွားတာကို ဘယ်သူမျှမတွေ့မြင်လိုက်ကြချေ။

* * *





စောနန္ဒသည် စာပေကျမ်းဂန်များကို လေ့လာတတ် မြောက်ထားသလို အထိုးအခုတ်အသတ်အပုတ်ပညာများကို ကျွမ်းကျင်စွာလေ့ကျင့်တတ်မြောက်ထားသည့်လူငယ်တစ်ယောက် ဖြစ်၏။ လက်ရုံးရည်ကော၊ နှလုံးရည်ပါ ပြည့်စုံသော လူငယ် တစ်ယောက်ဟု ဆိုရပေမည်။

ဖခင်ဖြစ်သူ စောသီဟကဲ့သို့ပင် သုရမ္ဘရာဇာမင်း ကိုယ်တိုင်သူရဲကောင်းအဖြစ် သတ်မှတ်ချီးမြှောက်ခြင်းခံထား ရသည်။

စောနန္ဒသည် ဉာဏ်ရည်ဉာဏ်သွေး အလွန်ထက်မြက် သောအရည်အချင်းရှိသူ တစ်ယောက်ဖြစ်၏။ ရုပ်ရည်ကလည်း ခန့်ငြားထည်ဝါသဖြင့် ထင်ရှားကျော်ကြားလေသည်။

ယခု. . .

သူသည်ဘုရင်မင်းမြတ်၏ လျှို့ဝှက်တာဝန်ပေးချက် အရတိုင်းသူပြည်သားများ ထူးဆန်းလျှို့ဝှက်စွာပျောက်ဆုံးနေကြ သည့် အကြောင်းရင်းမှန်ကို ဖော်ထုတ်ရန် ကြိုးပမ်းနေရသည်။

ပထမဦးစွာ သူသည်ဖခင်ဖြစ်သူ အပိုင်စားရထားသော ရွာကြီးသုံးရွာအတွက် လုံခြုံရေးအစီအစဉ်များကို ဆောင်ရွက် ပေးရသည်။ လူငယ်လူရွယ်များကို တိုက်ခိုက်နည်းများ လေ့ကျင့်



www.burmeseclassic.com

www.burmeseclassic.com



စေပြီး အုပ်စုများ ဖွဲ့ပေးလျှက်အလှည့်ကျ ကင်းစောင့်ရန် စီမံခန့်ခွဲပေးထားသည်။

ယနေ့လည်း သူသည် လူငယ်လူရွယ်အချင်းချင်း လေ့ကျင့်တိုက်ခိုက်နေသည်များကို စောင့်ကြည့်ရင်းလိုအပ်ချက်များကို လိုက်ပြင်ပေးနေရ၏။ နေရောင်ကွယ်ပျောက်သွားတော့မှ လေ့ကျင့်ခြင်းကို ရပ်နား၍ ပြန်ခိုင်းလိုက်သည်။

ထို့နောက်. . .

သူသည် အမောဖြေအနားယူနေစဉ် ချစ်သူဖြစ်သူ မိသဥ္စာအိမ်မှ အလုပ်သမားတစ်ယောက်ရောက်လာသည်။ မိသဥ္စာပျောက်ဆုံးသွားကြောင်း သိရ၏။ သူမအတွက် သူအလွန်အမင်းစိုးရိမ်ပူပန်သွားရ၏။ ချက်ချင်းပင် မြင်းနှင့်ဓါးကို ဆွဲ၍ ရာပုံတော်ဖွင့်လေတော့သည်။

စောနန္ဒသည် သူလေ့ကျင့်ပေးထားသော အဖွဲ့များကို အရပ်သုံးမျက်နှာသို့ ဖြန့်လွှတ်ပြီးနောက်. . သူကိုယ်တိုင်ကမူ မြောက်ဘက်အရပ်ရှိ တောအုပ်ထဲသို့ လူနှစ်ယောက်နှင့်အတူ



တိုးဝင်လာခဲ့သည်။

"နှမရေ. . မိသဥ္စာ. . မိသဥ္စာရေ. ."

လပြည့်ညဖြစ်သဖြင့် တောအုပ်ထဲ၌ အလင်းရောင် အနည်းငယ်ရှိနေ၏။ နှင်းများက စတင်ကျရောက်လာနေပေပြီ။

စောနန္ဒတစ်ကိုယ်လုံး ဇောချွေးများဖြင့် စိုရွှဲလျှက်ရှိ၏။ မြင်းအား ခပ်မှန်မှန်စီးရင်း တကြော်ကြော်အော်ခေါ်လျှက် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် ကြည့်နေရသည်။

တောနက်ပိုင်းအထိရောက်လာသည့်တိုင်အောင် ထူးခြားမှုတစ်စုံတစ်ရာမတွေ့ရချေ။ တောကောင်ကြီးများ၏ အော်မြည်သံအမျိုးမျိုးတို့ကို မကြာခဏ ကြားနေရ၏။

စောနန္ဒနှင့်အတူပါလာသော လူနှစ်ယောက်မှာ ထိတ်လန့်ကြောက်ရွံ့လာကြဟန်ရှိ၏။

"ကိုစောနန္ဒ ကျုပ်တို့ပြန်ကြရင် ကောင်းမယ်ထင်တယ်၊ တခြားအဖွဲ့တွေက သူ့ကိုတွေ့ချင်တွေ့နေမှာ. ."

"ဟုတ်တယ်. . ကိုစောနန္ဒ ကျုပ်တို့မှာ လက်နက်အပြည့်အစုံတွေလဲ ပါတာမဟုတ်ဘူး ညကြီးမိုးချုပ်မှာ အန္တရာယ်တွေ့နိုင်တယ်. . တခြားအဖွဲ့တွေက လုံမပျိုလေးကို မတွေ့တောင် သဲလွန်စ တစ်စုံတစ်ရာရကြမှာပဲ. ."

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ဦးမှာ စောနန္ဒထက် အသက်ကြီးကြသော်လည်း ရိုသေလေးစားစွာဖြင့် ပြောဆိုအကြံပြုလေသည်။ သူတို့၏အကြောင်းပြချက်မှာ ခိုင်လုံသဖြင့် စောနန္ဒက စိတ်တစ်ထစ်လျှော့ပြီး သဘောတူလှည့်ပြန်ခဲ့၏။

ရွာထဲ၌ လူတွေရုန်းစုရုန်းစု ဖြစ်နေကြသည်။ အဖွဲ့သုံးဖွဲ့ကလည်း ပြန်ရောက်နေပေပြီ။ စောနန္ဒမမျှော်လင့်ထားသလို မိသဥ္ဇာကိုမတွေ့ကြပါ။ သဲလွန်စလည်း တစ်စုံတစ်ရာမတွေ့ခဲ့ကြကြောင်းသိရသည်။

စောနန္ဒရင်ထဲ မီးလောင်နေသလို ပူပြင်းလာ၏။ မိသဥ္ဇာ၏ ချစ်စဖွယ်ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်နေရင်း စိုးရိမ်စိတ်က တစ်ဆင့်ပြီးတစ်ဆင့် တက်လာသည်။ မိသဥ္ဇာ၏ မိဘများကလည်း သူ့ကိုအားကိုးတကြီးဖြင့် အကူအညီတောင်းနေကြပေပြီ။

မိသဥ္ဇာ၏မိခင်ဆိုလျှင် မျက်ရည်လည်ရွဲဖြင့် အရူးတစ်ပိုင်းဖြစ်နေ၏။ စောနန္ဒကိုယ်တိုင်ပင် စိုးရိမ်ပူပန်လွန်းနေသဖြင့် သူတို့ကို အားပေးနှစ်သိမ့်နိုင်ခြင်း မရှိဘဲတောင့်တောင့်ကြီးရပ်နေမိသည်။

ထိုစဉ်. . .





စောနန္ဒ၏ဖခင်ဖြစ်သူ ဦးစောသီဟက စောနန္ဒအနားသို့ တိုးကပ်လာပြီး ခပ်တိုးတိုးပြောသည်။

"သားကို ပြစရာရှိတယ် အဘနောက်ကိုလိုက်ခဲ့"

ဦးစောသီဟ၏ပုံစံက ထူးခြားနေ၏။ စောနန္ဒက လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ခေါင်းညိတ်ပြလိုက်၏။ ယင်းနောက် မိသဥ္ဇာ၏မိဘများကို နွေးထွေးစွာ နှစ်သိမ့်အားပေးရ၏။

"မိသဥ္ဇာကို ကျုပ်တွေ့အောင် ရှာပေးပါ့မယ် အဆွေတို့ သူတို့ကိုဖျောင်းဖျပေးကြပါဦး ကျုပ်မှာကိစ္စပေါ်လာလို့"

စောနန္ဒက စကားဖြတ်ပြီး ဦးစောသီဟနောက်သို့ မြင်းကိုဆွဲရင်းခပ်သွက်သွက် လိုက်သွားသည်။ ဦးစောသီဟမှာ အိမ်ထဲသို့ ဝင်သွား၏။ စောနန္ဒက မြင်းလိမ္မာကြီးကို ဒီအတိုင်းထားခဲ့ပြီး စိတ်လောကြီးစွာ လိုက်သွား၏။

ဦးစောသီဟက မီးအိမ်က မီးဇာကို မြှင့်လိုက်၏။ ထိုအခါ. . . ဧည့်ခန်းတွင်းရှိ စားပွဲပေါ်၌ သိန်းငှက်အသေတစ်ကောင်ရှိနေတာကို တွေ့ရသည်။

စောနန္ဒ မျက်မှောင်ကုတ်ရင်း စားပွဲနားချဉ်းကပ်သွားပြီး အသေအချာငုံ့ကြည့်လိုက်သည်။

သိန်းငှက်၏ လည်ပင်းမှာ ဓါးဒဏ်ရာတစ်ချက် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထူးခြားချက်ကတော့. . . ငှက်၏လည်တိုင်မှ အထပ်ထပ် ရစ်ပတ်ထားသော လည်ဆွဲရတနာပင်ဖြစ်သည်။

"ဟင်. . . ဒါ. . . ဒါ မိသဥ္စာရဲ့ ရတနာလည်ဆွဲပဲ ဒီငှက်သေကို အဘဘယ်ကတွေ့တာလဲ. . ."

"အဘတွေ့တုန်းက ငှက်အရှင်ပဲ. . . ဒီသိန်းငှက်က ထူးထူးခြားခြား သားအိပ်ခန်းရဲ့ ပြတင်းပေါက်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ သရက်ပင်ပေါ်မှာနားရင်း တဂီးဂီးအော်နေတာ အဘ သတိထားပြီး ကြည့်မိတော့မှ ငှက်ရဲ့လည်ပင်းက လည်ဆွဲ ကိုတွေ့တယ်. . . ဒါ မိသဥ္စာရဲ့ လည်ဆွဲဆိုတာ သေချာသလား သား. . ."

"သေချာပါတယ်. . ကျုပ်သေသေချာချာမှတ်မိ တာပေါ့"

ဦးစောသီဟ၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။

"ဒီလိုဆိုရင်တော့ မိသဥ္စာမှာ လောလောဆယ်တော့ အန္တရာယ်မရှိလောက်သေးဘူး. . . ကလေးမလေးကို ငါးစာခံ အဖြစ်သုံးပြီး မင်းကို အမိကရည်ရွယ်ပြီး မျှားခေါ်တာဖြစ်မယ် ဒီကိစ္စဟာ ပေါ့သေးသေးတော့ မဟုတ်ဘူး"

"ဟုတ်တယ် အဘ. . . ဒီကိစ္စဟာ ကျုပ်တို့ကို မင်းကြီးက လျှို့ဝှက်တာဝန်ပေးထားတဲ့ ပြဿနာနဲ့ ပတ်သက်နေပြီ. . .





ဒီလိုအမှုအခင်းမျိုးကို လူတစ်ဦးတစ်ယောက်တည်းကတော့ ဖန်တီးနိုင်မှာမဟုတ်ဘူး. . . အဖွဲ့အစည်းတစ်ခုက စနစ်တကျ အကွက်ချ ကျူးလွန်နေတာဖြစ်မယ်. . ."

ဦးစောသီဟက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"သေချာတာပေါ့. . . အင်း. . . ဒီလူဂွေဟာ ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ယောကျ်ားတွေကော မိန်းမတွေကိုပါ ဖမ်းသွားကြတယ်မသိဘူးနော်. . အဘ. . . အမှုအခင်းတိုင်းမှာ ရှုန်းရင်းဆန်ခတ်ဖြစ်တဲ့ အခြေအနေကိုလဲ မတွေ့ရဘူး. . . စိတ်ဝင်စားစရာပဲ"

"သွေးဆောင်စည်းရုံးသွားကြတာဖြစ်မယ်. . အကြပ် ကိုင်ကြတာမျိုးပေါ့ အခုဆိုရင်လဲ သူတို့က မိသဥ္စာကို အသုံးချပြီး မင်းကိုအကြပ်ကိုင်ကြတော့မယ်. . . မင်းကို ခေါ် ထုတ်သွား ကြတော့မယ်ထင်တယ်"

စောနန္ဒ ငိုင်သွားသည်။ သူ့ကိုအကြပ်ကိုင်ပြီး ဘာတွေ ခိုင်းစေနိုင်သနည်း. . . ?။ ယင်းလျှို့ဝှက်လူတွေသည် ဘယ်လို လူမျိုးဖြစ်ပြီး မည်သို့သောရည်ရွယ်ချက်တွေ ရှိနေပါသနည်း. . ?။ စဉ်းစားမရပါချေ။

သေချာစွာသိလိုက်ရသည်ကတော့ မိသဥ္စာမှာ သူ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်နေပြီ ဆိုတာပင်ဖြစ်သည်။ မည်သည့် အခြေအနေ မျိုးပင်ဖြစ်စေ. . သူသည် မိသဥ္စာကိုမရမကကယ်ထုတ်ရပေမည်။

"အဘ. . . ကျုပ်တော့ သူတို့အလိုကျ လိုက်လျောမှ ဖြစ်တော့မယ်"

ဦးစောသီဟက စောနန္ဒကို စူးရှတောက်ပသော မျက်လုံး အစုံဖြင့် စေ့စေ့ကြည့်လိုက်၏။

"သူတို့က မင်းကို ဘယ်နေရာမျိုးမှာ အသုံးချနိုင်သလဲ ဆိုတာ စဉ်းစားကြည့်စမ်း. . ."

စောနန္ဒက သိန်းငှက်အသေကို စိုက်ကြည့်ရင်း ငြိမ်သက် သွားသည်။ ဤနှစ်ပိုင်းအတွင်း လူပေါင်းများစွာ ထူးဆန်းစွ ပျောက်ဆုံးသွားကြ၏။ လုပ်ကြံသတ်ဖြတ်မှုအချို့လည်း ဖြစ်ပွ ၏။ ထိုမှုခင်းများကို ဖန်တီးနေသူတို့ထံ၌ ကြီးမားသော အဖ အစည်ရှိနေပေမည်။ မည်သို့သော အကြံအစည်မျိုး ဖြစ်မ နည်း။

သူအသေအချာ စဉ်းစားကြည့်တော့ ဖြစ်နိုင်ချေတစ်ခု တွေးမိ၏။ ထိုအခြေအနေကို တွေးမိသည်နှင့် သူ၏ ခန္ဓာကို ဆတ်ခနဲ တုန်ခါသွား၏။ ခေါင်းကို ဆတ်ကနဲမတ်ကာ ဦးစောသီ ကိုကြည့်လိုက်သည်။



"အဘ. . . သူ. . . သူတို့ဟာ"

သူ့စကားမဆုံးမီ ဦးစောသီဟက ကြားဖြတ်ပြောလိုက် သည်။

"သား အခြေအနေကြည့်ပြီး လှုပ်ရှားပေတော့. . . သားကို အဘ ယုံကြည်ပါတယ်. . ."

စောနန္ဒ၏ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်နေ သည်။ ဦးစောသီဟက သူ၏ပခုံးနှစ်ဖက်ကို လှမ်းဆုတ်၍ ဖျစ်ညှစ် အားပေးလိုက်သည်။

"စိတ်ကို တည်တည်ငြိမ်ငြိမ်ထား. . . မင်းအခု ရင်ဆိုင် ဖြရှင်းရမယ့်ကိစ္စက သိပ်ကိုအရေးကြီးတယ်၊ သွေးအေးဖို့လို တယ်. . . ပြီးတော့ အားအင်ပြည့်နေမှလဲဖြစ်မယ်. . . ဒီတော့ မင်းရေချိုး ထမင်းစားပြီးရင် တဝအိပ်လိုက်ပေတော့. . ."

စောနန္ဒ မျက်လုံးများကို မှိတ်ရင်း အသက်ကိုမှန်မှန် ရှူ၏။ အတန်ကြာမှ တည်ငြိမ်မှုရလာပြီး ထိုင်ခုံပေါ် ဖြည်းညှင်း စွာ ထိုင်ချလိုက်သည်။

ဦးစောသီဟက သူ့သားကို ကြည့်ရင်း ကျေနပ်သလို ပြုံးရင်း ခေါင်းတစ်ချက်ညိတ်ပြီး ထိုင်ချလိုက်၏။

"ဒီလိုပဲ ဖြစ်ရမှာပေါ့. . . စောနန္ဒဟာ သူ့ရဲကောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ. . . သားလုပ်နိုင်မှာပါ၊ အဘကလဲ အခြေအနေကိုကြည့်ပြီး လုပ်သင့်တာတွေလုပ်ထားလိုက်မယ် ကြားလား. . ”

စောနန္ဒက မျက်လုံးများကို ဖွင့်ပြီး ခေါင်းညိတ်ပြလိုက်၏။

“ဟုတ်ကဲ့. . . ဒါနဲ့ ဒီသိန်းငှက်ကို အဘ သတ်လိုက်တာလား”

“ဟုတ်တယ်. . . သိန်းငှက်ရဲ့လည်ပင်းမှာ လည်ဆွဲရှိနေတာဟာ သာမန်ကိုမှ မဟုတ်ဘဲ. . . မင်းစိတ်ပူနေပြီလား”

“မပူပါဘူး. . . သူတို့ ကျုပ်ကို တစ်နည်းနည်းနဲ့ မရမကဆက်သွယ်ကြဦးမှာပါ. . . ကဲ အဘ ကျုပ်အနားယူတော့မယ်”

“ကောင်းတယ်. . . သား”

စောနန္ဒသည် လည်ဆွဲကို ယူပြီး ထထွက်သွား၏။ သူ့နောက်ကျောပြင်ကို ဦးစောသီဟ စိုက်ကြည့်နေသည်။ သူ၏မျက်လုံးပေါ်တွင် စိုးရိမ်ပူပန်ဟန်များ ပေါ်လွင်လာနေသည်။

“ဂီး. . . ဂီး”

“ဖြန်း. . . ဖြန်း”

သိန်းငှက်အော်သံနှင့် တောင်ပံခတ်သံပြင်းပြင်းတို့က



စောနန္ဒကို နှိုးထစေခဲ့သည်။ အသံက သူ့ခေါင်းရင်းပိုင်းမှထွက်ပေါ်လာနေခြင်း ဖြစ်၏။ သူ ပြတင်းတံခါးကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါ. . .

ကြီးမားသော သိန်းငှက်ကြီးတစ်ကောင်သည် တဟုန်ထိုးပျံလာပြီး နံရံကို အတောင်ပံဖြင့် ရိုက်လိုက်. . . ပျံသွားလိုက်လုပ်နေတာကို တွေ့ရ၏။

သူ တံခါးဖွင့်လိုက်တော့. . . သိန်းငှက်က ပြတင်းပေါင်မှာလာနား၏။ လူကို ကြောက်ရွံ့ထိတ်လန့်ပုံမရ. . ။ အသေအချာ လေ့ကျင့်သင်ကြားပေးခြင်းခံထားရ၍ အတော်ပင်နားလည်နေသော သိန်းငှက်ဖြစ်ကြောင်း သူ သိလိုက်ရသည်။

သိန်းငှက်ခြေထောက်မှာ စာခေါက်တစ်ခုကို ကပ်ချည်ထား၏။ စောနန္ဒက စာခေါက်ကို ဆွဲယူလိုက်၏။ သိန်းငှက်က ပျံသွားပြီး သရက်ပင် ထိပ်ပေါ်မှာ နားနေသည်။

စောနန္ဒက စာကို ဖြန့်ဖတ်လိုက်၏။ စာရွက်ပေါ်တွင် အဓိပ္ပါယ်မပြည့်စုံသော စာကြောင်းတစ်ကြောင်းရှိနေသည်။

“နှလုံးသား ရှိရာသို့ လမ်းပြမည့်သူ လွှတ်လိုက်ပြီ”

သူကတော့ ထိုစာတစ်ကြောင်း၏ ဆိုလိုရင်းကိုကောင်းစွာ သဘောပေါက်လိုက်၏။ အံ့သြစရာကောင်းသည်က

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လာရောက်ခေါ်ဆောင်သူမှာ အဟိတ်တိရစ္ဆာန် တစ်ကောင်ဖြစ်နေခြင်းပင်။

သူ စာရွက်အပေါ် ဘာရေးပြီး ချန်ခဲ့ရမလဲဟု စဉ်းစားနေစဉ်. . . သိန်းငှက်က ကျယ်လောင်စွာ တစ်ချက်အော်ပြီး ကောင်ကင်ပေါ်သို့ ထိုးတက်သွားသည်။

"ဟင်"

သူ စာရွက်ကို ကလောင်တံဖြင့် ဖိတားခဲ့ပြီး ပြတင်းပေါက်မှာကျော်ထွက်လိုက်၏။

"ရှီ"

သူ့လေချွန်သံကြားသည်နှင့် မြင်းလိမ္မာကြီးက တရှိန်ထိုး အပြေးရောက်လာ၏။ သူသည် မြင်းကျောပေါ် ခုန်တက်ပြီး ခြံစည်းရိုးကို ခုန်ကျော်စေလျက် အပြင်းနှင်သွားသည်။ သိန်းငှက် ပျံသန်းသွားရာအရပ်မှာ မြောက်ဘက်ရှိ တောအုပ်ထဲသို့ ဖြစ်၏။

သူသည် သိန်းငှက်ကို မျက်ခြည်မပြတ် ကြည့်နေရသဖြင့် လမ်းတလျှောက်၌ အမှတ်အသားများကို မပြုလုပ်နိုင်ခဲ့ပါချေ။



## အခန်း (၂၂)
## "မောင်ကံသာနှင့် ဦးဝိရိယ"

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ ပြန့်ကြဲနေ၏၊ အရောင်တဖျတ်ဖျတ်တောက်ပနေသော ကြယ်တာရာများကြား ရှိ လခြမ်းကွေးလေးမှာ ယီးလေးခိုစီးချင်စရာ ကောင်းလောက် အောင်လှပနေသည်။

ယနေ့ညဦး နှင်းအနည်းငယ်သာ ကျဆင်းနေသည်၊ ညလေအေးကတော့ တသုန်သုန်တိုက်ခတ်နေသည်။

တောလမ်းကလေးအတိုင်း လူနှစ်ယောက် ခပ်သွက်သွက် လျှောက်နေကြ၏။ အသက် ၄၀ခန့်ရှိသော အမျိုးသားကြီးမှာ ခန္ဓာကိုယ်ထွားကြိုင်းပြီး အသားညို၏။ သျှောင်တစောင်းထုံး



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ကြီးမားကျယ်ဝန်းသော မျက်လုံးအိမ်ကြီးတွေက ပညာဗဟုသုတနှင့် ပြည့်စုံကြောင်းကို ဖော်ညွှန်းနေ၏။ ထိုလူကြီးမှာ ကပ္ပိယကြီး ဦးဝီရိယဖြစ်သည်။

ဦးဝီရိယနှင့် ယှဉ်၍လျှောက်နေသူမှာ အသက် ၁၀နှစ်သာရှိသေးသော ဘုန်းကြီးကျောင်းသား မောင်ကံသာဖြစ်သည်။ မောင်ကံသာမှာ အသက်အရွယ်နှင့် မလိုက်အောင် အရပ်မြင့်ပြီး ခန္ဓာကိုယ်တောင့်တင်း၏။ မျက်နှာလေးကတော့ နုနယ်ပြီး ချစ်စဖွယ်ကောင်းသည်။

သူတို့သည် နှုတ်ဆိတ်စွာဖြင့် တောစပ်ရှိ မြစ်ကြီးသို့ မျက်နှာမူ၍ လျှောက်လာကြခြင်းဖြစ်သည်။ ကမ်းနဘေးရှိ သဲပြင်မှာ ရင်သပ်ရှူမောဖွယ် လှပနေ၏။

ဦးဝီရိယက မြစ်နဘေး၌ ခြေစုံရပ်တန့်လိုက်၏။

"ကဲ. . . မောင်ကံသာ စပေတော့. ."

"ဟုတ်ကဲ့. . . အဘ"

မောင်ကံသာက အင်္ကျီကိုချွတ်ထားခဲ့ပြီး ရေထဲသို့ တစ်လှမ်းချင်း ဆင်းသွား၏။ ခါးလည်ရောက်အောင် နစ်သည့်နေရာ၌ ရပ်တန့်ပြီး ဒူးကိုကွေးရင်း ခြေလက်များကို ဖြည်းညှင်းစွာ လှုပ်ရှားလိုက်သည်။ မြစ်ရေပြင်တွင် လှိုင်းကယက်များ ထလာ၏။



သူ၏ လှုပ်ရှားမှုမှာ တဖြည်းဖြည်း လျင်မြန်လာသည်နှင့်အမျှ ရေပြင်ပေါ်တွင် လှိုင်းကယက်များ ပို၍များပြား ထကြွလာ၏။

ညလေအေး တသုန်သုန် တိုက်ခတ်နေသည့် ဆောင်းညချမ်းတွင် အေးစိမ့်သော မြစ်ရေပြင်အတွင်း တိုက်ကွက်များကို လေ့ကျင့်ရသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။

မောင်ကံသာသည် ချမ်းအေးမှုကို လျစ်လျူရှုလျှက် စိတ်နှစ်ကာ လေ့ကျင့်နေ၏။ ဦးဝီရိယက သူ့ကိုကြည့်ရင်း ကျေနပ်ဟန်ဖြင့် ခေါင်းတညိတ်ညိတ် ရှိနေသည်။

ယင်းအချိန်. . . ရုတ်တရက်. . .

ရွှေရောင်တောက်ပသော အလင်းစက်ကလေးနှစ်ခုသည် မြစ်၏တစ်ဖက်ကမ်းမှ အရောင်တဖျတ်ဖျတ်လက်ရင်း ရွေ့လျားလာတာကို တွေ့ရ၏။

ဦးဝီရိယက ထိုအလင်းစက်လေးနှစ်ခုကို မျက်မှောင်ကုတ်ကြည့်ရင်း စိုက်ကြည့်နေသည်။

ရွှေရောင်အလင်းစက်နှစ်ခုသည် ညလေနှင့်အတူ လှုပဆန်းကြယ်စွာ လွင့်မျောလိုက်ပါလာသည်မှာ တဖြည်းဖြည်း နီးကပ်လာသည်။ ထိုအခါ. . . ရွှေရောင်အတောင်ပံတစ်စုံကို

www.burmeseclassic.com

www.burmeseclassic.com



တဖျပ်ဖျပ်ခတ်ရင်း ပျံလာနေသည့် ကို တွေ့လိုက်ရ၏။

အလွန်ထူးခြားလှပသော မြင်ကွင်းဆန်းကို ဦးဝီရိယ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတွေဖြင့် မျက်လုံးပြူးရင်း ကြည့်နေမိသည်။

ကြည့်စမ်း. . . လက်တစ်ထွာလောက်သာရှိသော ချစ်စဖွယ်ကောင်းလှသည့်
ပခုံးများပေါ်တွင် ရွှေရောင်အတောင်ပံတစ်စုံက ထူးဆန်းစွာ ပေါက်နေသည်။ ရွှေရောင်ပိုးသားပျော့ ဝတ်စုံလေးများကို ကိုယ်ခန္ဓာနှင့်အတိ ချပ်ရပ်သေသပ်စွာ ဝတ်ဆင်ထားကြ၏။ အလွန်ချောမောလှပကြ
ဆိုရပေမည်။

ဦးဝီရိယက ပါးစပ်အဟောင်းသားဖြင့် ငေးငိုင်ကြည့်နေ၏။ ထိုစဉ်. . .
ကောင်မလေးတို့က သူ၏ ပခုံးတစ်ဖက်တစ်ချက်၌ ရပ်တန့်လိုက်ကြ၏။

ဦးဝီရိယ၏ နားနားကပ်ရင်း ပြောသည်။ သက္ကတဘာသာစကားဖြင့် ပြောခြင်းဖြစ်၏။





"ကျွန်တော့်နာမည်က ဘော့မွန်ရိုးပါ. . . ကျွန်တော့် ညီမလေးရဲ့နာမည်ကတော့ မာရီလင်ပါ ခင်ဗျာ. . . ကျွန်တော်တို့က ဘဘဆီက အကူအညီတောင်းချင်လို့ လာတွေ့တာပါ"

သက္ကတဘာသစကားကို နားလည်တတ်ကျွမ်းသော ဦးဝီရိယမှာ သူ၏မျက်စိနှင့်နားတို့အပေါ် မယုံကြည်နိုင်လောက်အောင် ပို၍ အံ့အားသင့်သွားသည်။

"မင်းတို့က လူတွေလား. . . ငှက်တွေလား"

သူက သက္ကတဘာသာစကားဖြင့် ပြန်မေးလိုက်၏။ သူ့အသံကိုကြားတော့ မောင်ကံသာက လှုပ်ရှားမှုများကို ရပ်တန့်ပြီး လှည့်ကြည့်တော့မှ သူ၏ပခုံးများပေါ်က
လေးတွေကို မြင်၍ အံ့သြသွားသည်။ ကမ်းပေါ်သို့ ပြေးတက်လာ၏။

"ဘဘ. . ဘဘ. . ပခုံးပေါ်မှာ ရှိနေတာ ဘာလေးတွေလဲ. . . ကိန္နရီနဲ့ ကိန္နရာဆိုတာလား"

ဦးဝီရိယက ခေါင်းခါပြသည်။

"မဟုတ်လောက်ဘူး မောင်ကံသာ သူတို့က သေးသေးလေးတွေပဲ ကဲ. . ပြောကြပါဦး မင်းတို့က ဘာသတ္တဝါ လဲဆိုတာ"

"ကျွန်တော်တို့လဲ မသိဘူးခင်ဗျ. . . ဘဘတို့လို လူ



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေနဲ့ တူသလိုလိုနဲ့ မတူကြဘူးနော်. . . ဒါပေမယ့် ကျွန်တော်တို့ဟာ ဘဘတို့လိုပဲ မိသားစုတွေနဲ့နေကြတာပဲ. . . အိမ်တွေဆောက်ပြီးနေကြတာ"

"အံ့ဩစရာပဲ ထူးဆန်းလိုက်တာ ဒါနဲ့ မင်းတို့က ဘယ်မှာနေကြတာလဲ"

"ဒါကတော့ ပြောပြလို့ မဖြစ်ဘူးခင်ဗျ. . . ကျွန်တော်တို့ရဲ့လူကြီးမိဘတွေက အထပ်ထပ်တားမြစ်သတိပေးထားတာကြောင့် မပြောပါရစေနဲ့နော်"

ဗဟုသုတပြည့်စုံလှသော ဦးဝီရိယပင် ဘယ်လိုမှ မတွေးတတ်အောင်ဖြစ်သွားရသည်။ (ယခုအခါမှာတော့ ကမ္ဘာလောကပေါ်တွင်                သည်ဆိုသော အထောက်အထားကို အီဂျစ်ပညာရှင်တွတ်တင့်ဇမင် က ဖော်ထုတ်ရေးသားနိုင်ခဲ့ပေပြီ၊ ကျွန်ုပ်တို့သိနေကြသော ဤကမ္ဘာမှာ four dimen- sions ဖြင့် ရပ်တည်ရှင်သန်နေပေသည်ဟု ဆိုရပေမည်။ (ရေ၊ လေ၊ ဒြပ်ထုနှင့် ထုထည်တို့ဖြစ်၏။) ကျွန်ုပ်တို့ မသိမြင်ဘူးသော လူပုံသေးသေးလေးများအတွက်တော့ three dimensions ဖြင့် ရပ်တည်ရှင်သန်နေပေသည်ဟု ဆိုရပေမည်။ (ရေ၊ လေနှင့် ဒြပ်ထုတို့ရှိပြီး ထုထည်မရှိပါချေ။) ထိုအချက်မှာ ကမ္ဘာလောက



အတွင်းရှိ လျို့ဝှက်ဆန်းကြယ်မှုများထဲက တစ်ခုပင် ဖြစ်ပေတော့သည်။)

"ကျေးဇူးပြုပြီး ကျွန်မတို့ကို ကူညီပါနော်. . . ဘဘ"

မာရီလင်ဆိုသော ကောင်မလေးက အလောတကြီးဖြင့် တောင်းဆိုလေသည်။ သူမ၏ နက်မှောင်သော ဆံနွယ်ခွေလေးတွေမှာ ကျောပေါ် ဖြာကျနေ၏။

ဦးဝီရိယက လက်ဝါးတစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ဖြန့်ကားရင်း. . .

"ကဲ. . . မင်းတို့ ကျုပ်ရှေ့လာကြပါဦး. . . အေးအေးဆေးဆေးပြောကြတာပေါ့"

ဘော့မွန်ရိုးနှင့် မာရီလင်တို့က ခြေတောင်ပံများကို ဖြန့်ခတ်၍ ဦးဝီရိယ၏ လက်ပေါ်သို့လာရပ်ကြသည်။ ဦးဝီရိယက စိတ်ဝင်တစားဖြင့် လှုပ်လှုပ်ရွရွဖြစ်နေသော မောင်ကံသာမြင်သာအောင် သဲပြင်ပေါ် ထိုင်ချလိုက်၏။

"မင်းတို့က ကျုပ်တို့ကို သိလို့လား"

"သိပါတယ် ဘဘက ကပ္ပိယကြီး ဦးဝီရိလေ၊ တိုက်ရည်ခိုက်ရည်ပြည့်ဝတဲ့ ရဲမက်ဟောင်းတစ်ယောက်ပေါ့. . ဘဘစစ်တိုက်ထွက်နေတဲ့တစ်နေ့မှာ လမ်းလျှောက်တတ်ကာစသမီး

www.burmeseclassic.com

www.burmeseclassic.com



းလးပျောက်သွားတယ်၊ သမီးစိတ်နဲ့ ဘဘရဲ့ဇနီးသေဆုံးသွား ကဲ့နောက် ဘဘဟာအလုပ်ထွက်ပြီး လေလွင့်နေတာကြောင့် ဘုန်းတော်ကြီးက ခေါ်ထားခဲ့ရတာ မဟုတ်လား. . "

ဘော့မွန်ရိုး၏ စကားကြောင့် ဦးဝီရိယမျက်လုံးပြူးသွား သည်။

"ဟင်. . ဒါတွေကို မင်းတို့ဘယ်လိုသိတာလဲ"

မောင်ကံသာ အံ့ဩခြင်းမက အံ့ဩသွားရသည်။ သူ့ကို သားအရင်းနှင့်မခြားဂရုတစိုက် စောင့်ရှောက်သောဦးဝီရိယ အကြောင်းကို သူပင်မသိ. . ။ · တွေဟာ အရာရာကိုသိနေပါရော့လား. . ။

"ဟော့. . မင်းတို့ ငါ့အကြောင်းကော သိလား. . "

"သိပါတယ်၊ မင်းနာမည်က မောင်ကံသာ မိဘနှစ်ပါး သုံး ဆုံးပါးသွားပြီ အဘမင်းကို သင်ပေးထားတဲ့ ပညာတော် ချားများကို တတ်နေပြီ. . ငါတို့ပြောတတ်တဲ့သက္ကတ ဘာသာ စကားအပါအဝင်ပေ့ါ. . "

ဘော့မွန်ရိုးက ပခုံးပေါ်ဝဲကျနေသော ဆံနွယ်ပျော့ပျော့ လေးတွေကို ပင့်တင်ရင်းပြောပြ၏။

"မင်းတို့အစွမ်းက မသေးပါလား. . ဒါနဲ့တောင် ကျုပ်တို့





ကိုအကူအညီတောင်းလောက်ရအောင် ဘာအခက်အခဲများရှိလို့ လဲ. . "

"ကျွန်မတို့ရဲ့ လူသားမိတ်ဆွေတွေ ဒုက္ခရောက်နေလို့ ပါရှင်"

မာရီလင်က ဦးဝီရိယ၏အမေးကို အလျင်အမြန်ပင် ဖြေပေးလိုက်၏။ သူမ၏မိတ်ဆွေများအတွက် အလွန်စိုးရိမ် သောကရောက်နေပုံပေါ်သည်။

"အင်း. . ကျုပ်တို့ကို နားလည်အောင် ပြောပြပါ"

"ညီမလေး ပြောပြလိုက်မယ်. . အစ်ကို"

ဘော့မွန်ရိုးက ခေါင်းညိတ်ခွင့်ပြုပြီး ဦးဝီရိယ၏လက်ဝါး ပေါ်မှာ ထိုင်ချလိုက်၏။ မာရီလင်ကလည်း သူ့ဘေးနားမှာ ထိုင်ပြီးအောက်ပါအကြောင်းအရာများကို ပြောပြလေသည်။

* * *

ဝိမန. . . .

ဝိမနသည် ရိုးသားအေးဆေး၍ ကူညီတတ် သောစိတ်ကောင်းရှိသည့် လူငယ်ကလေးဖြစ်၏။ သူပိုင်ဆိုင်သော ယ်ကောကလေးကို ထွန်ယက်စိုက်ပျိုးရင်း တစ်ဦးတည်းနေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ယနေ့မနက်တွင် သူသည်စောစီးစွာ အိပ်ရာမှထ... သူတမေ့မှ မအိပ်ခဲ့ပါ။ ထိုတစ်ညလုံး မိုးသည်းထန်စွာ ရွာသွ... ခဲ့ပြီး လေပြင်းများ တရကြမ်းတိုက်ခတ်နေခဲ့သည်။ သစ်... ကြီးများ ကျိုးပဲ့သံတွေကို အဆက်မပြတ်ကြားနေခဲ့ရ၏။ လေ... တိုင်းကြောင့် သူ၏စိုက်ခင်း ပျက်စီးတော့မည့်အရေးကို တွေး... အိပ်မပျော်ခဲ့ပါ။

လေငြိမ်၍ မိုးစဲသွားသည်နှင့် သူပြတင်းတံခါးကိုဖွင့်... နှမ်းစိုက်ခင်းသို့ လှမ်းကြည့်လိုက်သည်။ ခြံဝင်းထဲရှိ နေရာအ... သစ်ကိုင်းအကျိုးအပဲ့များ ပြန့်ကျဲနေ၏။

သူ့မျက်နှာ ညှိုးနွမ်းသွားပြီးသက်ပြင်းယဲ့ယဲ့ချလိုက်သ... ထို့နောက် အိမ်တံခါးဖွင့်ဆင်းသွားပြီး သစ်ကိုင်းများကို ရှင်းလ... လေသည်။ အချိန်ကြာလာသည်နှင့်အမျှ သစ်ကိုင်းပုံကြီး... တဖြည်းဖြည်းမြင့်တက်လာပြီး ခြံတွင်းတွင် အတော်ပင် ရှင်းလ... သွားသည်။

နေကလည်း ထွက်လာပေပြီ။ ရုတ်တရက် နေ... အောက်တွင် ရွှေရောင်တဖျတ်ဖျတ်တောက်နေသော နေရာ... သို့ ဝိမနအကြည့်ရောက်သွားသည်။



"ဘာပါလိမ့်. ."

သူရွှေရောင်ထွက်နေသော အနားသို့ တိုးသွားပြီး ကြည့်၏။ ထိုအခါ. . ရွှေရောင်အတောင်ပံပိုင်ရှင် ဘော့မွှန်ရိုးနှင့် မာရီလင်ဆိုသော သူကို တွေ့ပြီး တအံ့တသြ ဖြစ်သွားသည်။

"ဟင်. . ဒါဘာသတ္တဝါလိမ့်"

ဘော့မွှန်ရိုး၏ဦးခေါင်းတွင် သွေးများထွက်နေ၏။ မာရီလင်၏ရွှေရောင်အတောင်ပံအရင်းမှာတော့ ရွှေရောင်အမွေး တွေကျွတ်ထွက်လျက် သွေးစသွေးနတွေ ရှိနေသည်။ သူတို့သည် သတိလစ်နေကြ၏။

ဝိမနက ကြီးစွာသောအံ့သြမှုဖြင့် ငုတ်တုပ်ထိုင်ချရင်း မျက်လုံးပြူးပြီး အသေအချာကြည့်သည်။

"ဘာလေးလဲတော့မသိဘူး. . ချစ်ဖို့ကောင်းလိုက်တာ ကိန္နရီ ကိန္နရာအသေးစားလေးတွေ ထင်တယ်၊ အသက်တော့ ရှိနေကြသေးတယ်. . ငါကယ်မှပဲ"

သူချက်ချင်းပင် ချစ်စဖွယ်ကောင်းသော သတ္တဝါလေး နှစ်ကောင်ကို ကောက်ယူပြီးအိမ်ပေါ် ပြေးတက်သွား၏။ ထို့နောက်. . သူတို့၏ဒဏ်ရာများကို ဆေးကြောပြီး အဆင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သောဆေးမှုန့်များကို သိပ်ပေးလိုက်သည်။ ရေစိုနေသော သူတို့၏ဆံပင်များကို သုတ်ပေး၏။ ရေစိုနေသော ပိုးပျော့ဝတ်စုံတို့ကို ချွတ်၍ရေသုတ်ပေးရသည်။

ရွှေရောင်အတောင်ပံတစ်စုံပါတာပဲကွာတယ်. . ချစ်စရာလေးတွေ”

ဝိမနက ဘော့မွန်ရှိုးနှင့်မာရီလင်တို့ကို ချစ်ခင်လျက် ကြင်နာစွာဖြင့် နွေးနွေးထွေးထွေးရှိစေရန် ဖန်တီးပေးနေ၏။ သူသည်အရာအားလုံးကို မေ့လျော့လျက် အထူးအဆန်းသတ္တဝါလေးနှစ်ကောင်အနီး၌ ထိုင်ရင်းပြုံးစုလေသည်။

မကြာမီမှာပင်. . ဘော့မွန်ရှိုးနှင့်မာရီလင်တို့ ရှေ့ဆင့်နောက်ဆင့် သတိရလာကြ၏။ သူတို့သည် အခြေအနေကို နားလည်သဖြင့် ဝိမနကိုကျေးဇူးတင်ကြောင်း သူတို့လည်ပတ်နေတုန်း လေမုန်တိုင်း ကျရောက်လာရာ ယခုကဲ့သို့ လွင့်ပါလာပြီး ထိခိုက်ဒဏ်ရာရကြောင်း စသည်တို့ကို သင်္ကေတဘာသာစကားဖြင့် ပြောဆိုကြသည်။

သူတို့ပြောတာတွေကို ဝိမနနားမလည်ပါ။ သူက သူတို့ဟန်အမူအရာလေးတွေကို ကြည့်ရင်းပိုချစ်လာမိ၏။

“ဒီသတ္တဝါလေးတွေက အတော်အသိဉာဏ်ရှိကြပုံရတယ်၊





ငါ့ကိုကျေးဇူးတင်နေကြပုံပဲ. . အင်းငါတော့ တစ်ယောက်တည်းပျင်းမနေရတော့ဘူးပေါ့”

ဝိမနစကားကိုလည်း ဘော့မွန်ရှိုးနှင့်မာရီလင်တို့ နားမလည်ပါ။ သူတို့သည် ဝိမနကျွေးသော သစ်သီးများကိုစား၏။ ဝိမနအမဲလိုက်ထွက်သောအခါ လိုက်သွားကြ၏။ သူတို့အတွက်ကလည်းအထူးအဆန်းဖြစ်လို့နေလေသည်။

ဒဏ်ရာတွေပျောက်သွားပြီး ကောင်းမွန်စွာပျံသန်းနိုင်ကြသည်တိုင်အောင် သူတို့ဝိမနထံက ထွက်သွားဖို့ စိတ်မကူးကြပါ။

သူတို့၏ဆွေမျိုးမိဘများကို သတိရလွမ်းဆွတ်လျက်ရှိသော်လည်း နေရပ်တို့မပြန်တတ်ကြသဖြင့် တစ်ဦးကိုတစ်ဦး အားပေးချော့မော့ရင်း ဝိမနနှင့်အတူ ပျော်အောင်နေနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
## "ဦးစိန္တာ၊ အိုပန်းနွယ်နှင့်ဝိမန"

ဝိမနသည် သူ၏စိုက်ခင်းပျက်စီးသွားပြီးနောက်. . ရှိသမျှ ငွေတွေဖြင့် လိုအပ်သောပစ္စည်းတို့ကို ဝယ်ယူလိုက်သည်။ မှန်ညှင်းဖြူများကို စိုက်ပျိုး၏။ ပြီးတော့. . ဝါသနာမပါသော မှဆိုးအလုပ်ကို လိုအပ်ရင်လိုအပ်သလို လုပ်ရသေးသည်။

သူ့ဒူးလေးတစ်လက်ဖြင့် အမဲလိုက်ထွက်ရင်း ဘော့မွန်ရိုးနှင့်မာရီလင်တို့ လိုက်ပါလာတတ်ကြသည်။ သူတို့ ကတော့ ပျော်ရွှင်နေကြ၏။ သူပစ်ခတ်ဖမ်းမိသော သားကောင်များကိုကိုင်တွယ်ကြည့်ရှုကြရင်း သူနားမလည်သော အသံထွက်မျိုးစုံဖြင့် ဆူညံနေကြ၏။ အံ့သြထူးဆန်းနေကြဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့လည်း သူသည်လူပျိုလေးတွေနှင့်အတူ ဒူးလေး ထမ်းရင်း တောထဲဝင်ခဲ့၏။ ပထမဦးစွာ သူသည်ထုံးစံအတိုင်း ကျော့ကွင်းထောင်ထားခဲ့သည့်နေရာ စမ်းချောင်းလေးနံဘေးသို့ သွားကြသည်။

ကံကောင်းထောက်မစွာဖြင့် ကြီးမားဝဖြိုးသော သမင် တစ်ကောင်ကျော့ကွင်းမှာ မိနေတာကို လှမ်းတွေ့လိုက်ရသဖြင့် သူဝမ်းသာသွားသည်။

"သားနဲ့သမီးတို့ရေ . . တို့တွေ ဒီနေ့စောစောစီးစီး အိမ်ပြန်ကြရမယ်"

ဘော့မွန်ရိုးနှင့်မာရီလင်တို့သည် ကြောက်အားလန့် အားဖြင့် ရုန်းကန်နေသော သမင်ကြီးထံသို့တဟုန်ထိုး ပျံသန်း သွားကြသည်။ သူတို့က သမင်၏ဦးချိုခက်များကြား၌ ရပ်ရင်း ဝိမနကို စောင့်နေကြ၏။

မကြာမီမှာပင် . . ဝိမနရောက်လာပြီး သူထောင်ထား သောကျော့ကွင်းမှာ မိနေသည့်သမင်ကို အသေအချာကြည့် လိုက်၏။

"ဟာ . . ဇီးကြီးနဲ့ပါလား"

သမင်မကြီးက ဝိမနကိုကြည့်ရင်း ထိတ်လန့်တုန်လှုပ်





စွာဖြင့် အော်ဟစ်ရုန်းကန်ရှာသည်။

"အို . . သနားစရာပဲ ငါမသတ်ရက်တော့ဘူး လွှတ်ပေး လိုက်တော့မယ်"

ဝိမနဆုံးဖြတ်ချက်ချပြီး လွှတ်ပေးလိုက်သည်နှင့် သမင်မ ကြီးက ထော့ကျိုးထော့ကျိုးဖြင့် ထွက်ပြေးသွား၏။

ထိုစဉ် . . .

သမင်မကြီး၏ ပြေးလမ်းရှေ့တည့်တည့်သို့ လူနှစ်ဦး ကသုတ်ကရက်ရောက်လာကြ၏။

အသက်အရွယ်အိုမင်းနေပြီဖြစ်သော ရသေ့ကြီးတစ်ပါး နှင့် အလွန်ချောမောလှပသော မိန်းမပျိုလေးတစ်ယောက်တို့ ဖြစ်သည်။

သမင်မကြီးက မိန်းမပျိုလေးရှေ့၌ ဝပ်ချလေရာ မိန်းမပျို လေးက ဒူးထောက်ထိုင်ချပြီး ကျောကိုပွတ်သပ်ပေးသည်။ သမင်မျက်လုံးများကဲ့သို့ အလွန်လှပသော မိန်းမပျိုလေး၏ မျက်လုံးတောက်တောက်လေးများက ဝိမနထံသို့ ရောက်ရှိသွား သည်။

ဝိမနက မိန်းမချောလေးကို ငေးကြည့်နေ၏။

"အလို . . ကျက်သရေရှိလိုက်တဲ့ မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



သူသတိလက်လွတ် ငေးစိုက်ကြည့်နေစဉ် ရသေ့အိုကြီး ကသူ့နဘေးသို့ ရောက်လာသည်။

"လူလေးက ကျော့ကွင်းကို ဖြုတ်ပေးလိုက်တယ် ထင်ပါ့ ဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ် ဘရသေ့ သမင်မကြီးမှာ ဇီးရှိ နေတာကြောင့် ကျုပ်မသက်ရက်လို့ပါ"

"သာဓု. . သာဓု. . သာဓု"

ထိုစဉ်. . .

မိန်းမပျိုလေးက ရသေ့အိုကြီးနံဘေးသို့ လာရပ်ပြီး. .

"ကျေးဇူးတင်ပါတယ်ရှင် အိုပန်းနွယ်တို့က သမင်လေး တွေပြန်လာတဲ့အထဲမှာ သမင်မကြီးမပါလာတာ သိသိချင်းပဲ လိုက်ရှာနေကြတာ. . သူ့အသံကြားလို့ ဒီဘက်ပြေးလာတာ တော်သေးတာပေါ့. . "

သူမ၏အသံက သာယာနာပျော်ဖွယ်ကောင်းလှ၏။

ဝိမနက အိုပန်းနွယ်ဆိုသော မိန်းကလေးနံဘေးကပ်ရင်း ပွတ်သီးပွတ်သပ်လုပ်နေသော သမင်မကြီးဆီသို့ အကြည့်လွှဲ လိုက်သည်။

"ကျုပ်က မုဆိုးအလုပ်ကို ဝါသနာပါလို့ လုပ်နေတာ





မဟုတ်ပါဘူး ဝမ်းရေးအတွက် မတတ်သာလို့ပါ"

"မောင်ကြီးမှာ မိသားစု ဘယ်နှစ်ဦးရှိပါသလဲ"

"မရှိပါဘူး. . ကျုပ်တစ်ယောက်တည်းပါ အဲ. . ဒါပေမယ့် ကျုပ်မှာချစ်စရာကောင်းတဲ့ သတ္တဝါလေးနှစ်ကောင်တော့ ရှိတယ်၊ ကဲ. . သားနဲ့သမီးတို့ ထွက်ပြလိုက်ကြပါ"

ဝိမနက ပြောပြောဆိုဆိုဖြင့် သူ့နောက်ကျောမှာ ပုန်းကွယ်နေကြသည့် ဘော့မွန်ရိုးနှင့်မာရီလင်တို့ကို မြင်သာ အောင် သူ၏ခန္ဓာကိုယ်ကို ဘေးသို့လျှပ်တပြက်ရွှေ့လိုက်သည်။

ထိုအခါ. . .

ရသေ့ကြီးနှင့်အိုပန်းနွယ်တို့က လူပျံလေးတွေကို မြင်သွားကြသလို အိုပန်းနွယ်ကို မြင်မြင် ချင်းချစ်ခင်သွားကြသည်။

"ဟယ်. . ချစ်စရာလေးတွေ"

အိုပန်းနွယ်က သူမပခုံးပေါ် လာနားကြသော လူပျံလေး တွေကို ယူပြီးလက်ဝါးပေါ် တင်ကာ တအံ့တသြကြည့်ရင်း ကြည်နူးနေပုံရသည်။ သူမကို ဝိမနက အရည်လဲ့သော မျက်လုံး များဖြင့် ငေးမောကြည့်ရင်း ပြုံးနေမိ၏။

ဝိမနကို အကဲခတ်ကြည့်နေသော ရသေ့အိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်လိုက်၏။

"အဟမ်း . . လုံမရေ ဘရသေ့တို့ ပြန်ကြပါစို့ သမင်မကြီးရဲ့ ခြေထောက်က ဒဏ်ရာကိုလဲ သက်သာပျောက်ကင်းအောင်ပြုစုပေးရဦးမယ်"

အိုပန်းနွယ်၏အလှမှာ နစ်မြောနေသော ဝိမနမှာ ရသေ့အိုကြီး၏စကားကိုကြားတော့ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"နေပါဦး ဘရသေ့ရယ် . . ဘရသေ့ရဲ့ အမည်ကို သိချင်ပါတယ်"

"သြော် . . ဘရသေ့အမည်က ဦစိန္တာပါ လူလေး"

"ဘရသေ့က ဘယ်နေရာမှာများ ကျောင်းသခ်မ်း စောင့်နေတာပါလဲ . . ကျုပ်တစ်ကြိမ်မှ မတွေ့ဖူးဘူး"

"အင်မတန် အေးချမ်းဆိတ်ငြိမ်တဲ့ လျှို့ဝှက်နေရာလေးမှာ နေတာကြောင့် လူလေးမတွေ့ဖြစ်တာပါ . . ဒါနဲ့ လူလေး အမည်ကကော . . "

ရသေ့အိုကြီး ဦးစိန္တာက စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားသည်။

"ဝိမနပါ . . ဘရသေ့ . . ကျုပ်ရသေ့ရဲ့ကျောင်းသခ်မ်း





ကိုလိုက်ပါရစေ . . "

ဦးစိန္တာက ပါးစပ်အားတင်းတင်းစေ့ရင်း မျက်လွှာချထားသည်။ ဝိမနက သူ့ကိုမလိုက်ပါစေချင်မှန်း နားလည်လိုက်သည်။ သို့သော် . . သူသည် အိုပန်းနွယ်ကို အရူးအမူးတွယ်တာမိသွားပြီဖြစ်သဖြင့် ဆက်လက်ပတ်သက်နိုင်ရန် ကြိုးစားဖို့ ဆုံးဖြတ်လိုက်၏။

ထိုစဉ် . . .

အိုပန်းနွယ်က မာရီလင်၏ဆံနွယ်များကို အသာလေး ပွတ်ရင်း မျက်လွှာပင့်ကြည့်လိုက်၏။

"သားသတ်သမားတစ်ယောက်ကို ကျွန်မတို့ရဲ့ နယ်မြေထဲကို ခေါ်သွားလို့မဖြစ်ပါဘူးရှင်"

ဝိမန ဘာဆက်ပြောရမှန်း မသိအောင် ဆွံ့အသွားရသည်။

ဦးစိန္တာက ဝိမန၏မျက်လုံးများကို ထွင်းဖောက်မတတ် စိုက်ကြည့်လိုက်၏။

"မုဆိုးအလုပ်နဲ့ အသက်မမွေးချင်ပါနဲ့ လူလေး . . မင်းက တစ်ယောက်တည်းသမားပဲ အပူအပင်တွေထားပြီး အကုသိုလ်အလုပ်နဲ့ ရှာမစားပါနဲ့တော့ . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ဝိမန ကျွန်မတို့ဆို သစ်သီးတွေပဲ စား
တာကောင်းကောင်းမွန်မွန် အသက်ရှင်နေနိုင်သားပဲ. . တတ်နိုင်
ရင် မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပါလား"

"ဒီနေရာတစ်ဝိုက်မှာ သစ်သီးပင်တွေ မရှိဘူး နှမငယ်
... အတွက် သစ်သီးတွေကိုတောင် လိုက်ရှာ
ဘယ်နေရတာ အဲဒီအတွက် အသပြာလိုတယ်လေ. . အဲဒီအသပြာ
အတွက်ကြောင့် ကျုပ်မုဆိုးအလုပ်ကို လုပ်နေရတာပါ"

"ရှင့်ရဲ့ဆင်ခြေက မလှပါဘူး ဒီတောတောင်ထဲမှာ
သစ်သီးဝလံပင်တွေ အများကြီးရှိပါတယ်"

"ကျုပ်က တောနက်ထဲထိ မသွားဖူးတာကြောင့် အရဲစွန့်
ပြီး လိုက်မရှာဝံ့ပါဘူး နှမငယ်ကသာ သစ်သီးတွေကို ပေးနိုင်
ရင် ကျုပ်မုဆိုးအလုပ်ကို ရာသက်ပန်စွန့်လွှတ်လိုက်ပါ့မယ်"

"တကယ်ပြောတာလား. . "

ဝိမနက တည်ကြည်လေးနက်မှုကို မျက်နှာပေါ် ဆော
ယူရင်း ခေါင်းညိတ်ပြ၏။

"တကယ်ပြောတာပါ ဒီမုဆိုးအလုပ်ကို အစကတည်း
ကမလုပ်ချင်တာကို ကျိန်ပြောဝံ့ပါတယ်"

အိုပန်းနွယ်က မျက်ဆံနက်နက်ကလေးများကို ဝေ





ကပ်ပြီး ဦးစိန္ဒာကို ကြည့်လိုက်သည်။ ဦးစိန္ဒာက ခေါင်းတဆက်
ဆက်ညိတ်ပြီး. .

"ကောင်းပြီ. . ဒီလိုဆို ဘရသေ့တို့ လူလေးကို ကူညီ
ပါ့မယ်၊ သတ္တဝါတွေ ပျက်စီးရာပျက်စီးကြောင်းကို လျော့ပါးစေ
ဖို့အတွက် လူလေးတို့ဝမ်းရေးကို ဖြေရှင်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ဘရသေ့ ကဲ. . ဒီလိုဆို ဒီဒူးလေး
သွားပေရော့. . "

ဝိမနက ဝမ်းသာအားရဖြင့် ဒူးလေးကိုစမ်းချောင်းထဲသို့
လွှင့်ပစ်လိုက်၏။ ဒူးလေးသည် စမ်းချောင်းအောက်ခြေသို့
တဖြည်းဖြည်းနစ်မြုပ်သွားလေတော့သည်။

* * *

ဝိမန နှင့်အတူ ရသေ့ကြီး
ဦးစိန္ဒာနှင့်အိုပန်းနွယ်တို့ခေါ် ရာနောက်သို့ လိုက်လာသည်။
သမင်မကြီးက အိုပန်းနွယ်နဘေးမှ ကပ်လိုက်နေ၏။ အချိန်ကြာ
လာသည်နှင့်အမျှ တောနက်ထဲသို့ ရောက်လာ၏။

အိုပန်းနွယ်တို့က မနေ့ညကတည်းက သမင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံရှာဖွေနေတာဖြစ်ကြောင်း သိရသည်။

ဦးစိန္ဒာက ရှေ့မှဦးဆောင်သွားနေ၏။ အိုပန်းနွယ်က စိတ်ဝင်တစားဖြင့်ကြည့်ရင်း လျှောက်နေသည်။ ဝိမနကတော့ အိုပန်းနွယ်လှုပ်ရှားပြုမူဟန်လေးတွေကိုအရိပ်တကြည့်ကြည့်ဖြင့် လိုက်ပါလာလေသည်။

မွန်းတည့်ချိန်အရောက်၌ သူတို့သည် အလွန်တရာကျယ်သော ချောက်ကြီးနဘေးသို့ ရောက်ရှိလာကြ၏။ ချောက်၏နဘေး၌ ချုံပင်ငယ်တွေ ဟိုတစ်စု သည်တစ်စု ရှိနေ၏။

အိုပန်းနွယ်က နက်ရှိုင်းဟန်ရှိသော ထိုချောက်ကြီးဆီသို့ မေးဆတ်ပြပြီး. .

"ကျွန်မတို့က ဒီချောက်ထဲမှာနေတာ"

"ဗျာ"

ဝိမနက မယုံကြည်ဟန်ဖြင့် ချောက်ထဲသို့ ငုံ့ကြည့်လိုက်၏။ ခပ်မတ်မတ်နိမ့်ဆင်းသွားသော ကျောက်သားနံရံတွေမှာ တွယ်ကပ်ပေါက်နေသည်။ အပင်တွေက ဆီးကာသဖြင့် အောက်ခြေကို မမြင်ရ၊ အတော်နက်မည်လို့တော့ ထင်၏။

"ဝိမန. . ကျွန်မပြောတာကို ရှင်မယုံဘူးထင်တယ်. . ဟုတ်လား. . "



"ဟုတ်တယ်. . ဒီချောက်ထဲကို နှမငယ်တို့ ဘယ်လိုဆင်းမတုန်း. . ခုန်ချရမှာလား. . "

အိုပန်းနွယ်က ရယ်မောရင်း ခေါင်းခါရမ်းပြီး. .

"ဘယ်ဟုတ်ပါ့မလဲရှင်. . ဟော့ဟိုချောက်ရဲ့အဆုံးကို ကြည့်စမ်း"

ဝိမနက အိုပန်းနွယ် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။ ချောက်၏အဆုံးသတ်၌ မြင့်မားသော ကျောက်တောင်ကြီးတစ်ခုရှိနေတာ တွေ့ရ၏။ ကျောက်တောင်ပေါ်မှ အရှိန်ဖြင့် ဝါးလုံးထိုးစီးကျနေသော ရေများက အောက်သို့ရောက်တော့ တောင်ကျချောင်းငယ်အဖြစ် ဆက်လက်စီးဆင်းနေလေသည်။

"ကျောက်ဆောင်ကြီးက အမြင့်ကြီးပဲနော်၊ အဲ့ဒီကျောက်ဆောင်ကြီးက ဘာထူးခြားလို့လဲ"

တောင်ကျချောင်းလေးထဲသို့ မျက်နှာမူ၍ လျှောက်သွားသော ဦးစိန္ဒာက နောက်သို့ လှည့်ကြည့်ပြီး. .

"ကဲ. . လုံမရေ၊ ဘာမှပြောမနေနဲ့တော့. . သဘာဝတရားရဲ့ လျှို့ဝှက်ဖန်တီးထားမှုတွေကို လက်တွေ့သာ ပြလိုက်ကြတာပေါ့. . "

"ဟုတ်ကဲ့. . ဘရသေ့၊ ကဲ. . လာ. . ကျွန်မနောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့. . ”

တောင်ကျချောင်းလေးထဲ၌ ကျောက်ခဲပိုင်းမျာ ထိုးထွက်နေ၏။ ကျောက်ခဲအချို့ကို ဖြတ်ကျော်ကြပြီးနောက် သူတို့သည် ကျောက်ဆောင်ကြီးပေါ်သို့ တက်သွားကြသည်၊ သမင်မကြီးက ရှေ့သို့ ပြေးထွက်သွားပြီး ရေမှုန်ရေမွှားမျာ ကြားသို့ တိုးဝင်ပျောက်ကွယ်သွား၏။

ဦးစိန္တာကလည်း သဘာဝအလျောက် လူတစ်ယောက် လျှောက်သာရုံ ကျယ်သောကျောက်မြေပြင်လမ်းလေးအဖြစ် အထစ်ကလေးအနေဖြင့်ရှိနေသော လမ်းကြောအတိုင် လျှောက်သွားပြီး ရေပြင်တွေကြားထဲသို့ ဝင်ရောက်ပျောက် ကွယ်သွားပြန်သည်။

ဝိမနသည် တအံ့တသြဖြင့် အိုပန်းနွယ်နောက် ကပ်လိုက်လာရာ. . ရေတံခွန်နားရောက်မှ အဖြစ်မှန်ကို သိလိုက်သည်။ ရေတံခွန်၏နောက်ဘက်၌ သဘာဝလိုဏ်ဂူ တစ်ခု လျှို့ဝှက်စွာရှိနေ၏။ အိုပန်းနွယ်က သူ့ကိုလှည့်ကြည့်ရင် ပြုံးပြပြီး လိုဏ်ဂူထဲဝင်သွားသည်။ သူလည်း

လိုက်ဝင်သွား၏။

လိုဏ်ဂူထဲ၏ ယာဘက်နံရံ၌ ကြီးမားသော အပေါက်



တစ်ပေါက်ရှိနေ၏။ ထိုအပေါက်နားသို့ ရောက်သွားသောအခါ အောက်သို့နိမ့်ဆင်းသွားသော ကျောက်လှေကားထစ်တွေကို တွေ့ရ၏။ လှေကားထစ်တွေကို နင်း၍ ဆင်းသွား၏။

လှေကားထစ်တွေက တစ်ခုနှင့်တစ်ခု အတော်ပင် ကွာ၏။

“ဒီကျောက်လှေကားတွေကတော့ သဘာဝအလျောက် ရှိနေတာ ဟုတ်ဟန်မတူဘူးနော်. . ”

“ဟုတ်တယ်. . ကျွန်မအထင်တော့ အရင်က ကျောက်ဂူရှေ့မှာ ရေတံခွန်ရှိခဲ့ဟန်မတူဘူး၊ နောက်မှ ရေကြော ပြောင်းရောက်လာပြီး ရေတံခွန်ရောက်လာရာက တောင်ကျ ချောင်းလေးဖြစ်သွားခဲ့ပုံရတယ်. . ”

“ဒီအတိုင်းဆို အရင်တုန်းက ဒီကျောက်ဂူကို လူတွေ အလွယ်တကူ မြင်နိုင်မှာပေါ့. . ”

“မြင်ရုံတင်ဘယ်ကမလဲ ဒီကျောက်ဂူထဲကိုတောင် လူတွေရောက်ခဲ့ကြတယ်၊ အဲဒီတုန်းက ဒီကျောက်လှေကား ထစ်နေရာမှာ ဆင်ခြေလျှောကြီးပဲ ရှိဦးမယ်. . အဲဒီဆင်ခြေ လျှောကတစ်ဆင့် ရှင်မြင်ခဲ့ရတဲ့ ချောက်ရဲ့အောက်ခြေကို ရောက်နိုင်တယ်၊ ဒါကိုသူတို့ တစ်နည်းနည်းနဲ့ သိသွားပုံရတယ်

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ လှေကားထစ်တွေလုပ်ပြီး ချောက်ထဲမှာ အခြေချ နေထိုင်သွားခဲ့ကြတယ်"

"ဟုတ်လား. ဒါဆိုမျိုးနွယ်စု တစ်မျိုးမျိုးနေခဲ့ကြတာပေါ့"

"ဟုတ်မှာပေါ့. . အောက်ကိုရောက်ရင် ရှင်အထူးအဆန်း တချို့တွေ့ရပါလိမ့်မယ်။ ဟော့ရှင်တို့ အပေါ်ကိုမော့ကြည့် လိုက်ပါဦး"

ဝိမနက အိုပန်းနွယ်ခိုင်းသည့်အတိုင်း အပေါ်သို့ မော့ကြည့်လိုက်သောအခါ ကျောက်ဆောင်ကြီးနှင့် ကြည်လင် တောက်ပနေသောကောင်းကင်တို့ကို တွေ့ရ၏။ ထို့ပြင်. . . ချောက်နှုတ်ခမ်းနှစ်ဘက်ကိုလည်း မြင်သည်။ ကျောက်ဆောင် ထဲမှ ထွက်လာနိုင်ခဲ့ပြီဖြစ်ကြောင်းနားလည်လိုက်သည်။

လှေကားထစ်တွေကတော့ ရှိနေသေး၏။ အောက်ခြေ ကိုဝိုးတဝါးလှမ်းမြင်နေရသည်။ ချောက်နံရံတွေမှာ ကပ်တွယ် ရှင်သန်နေကြသော သစ်ပင်တွေကို တွေ့မြင်ရ၏။ သစ်ကိုင်း တွေ အုပ်မိုးထားခြင်းခံရသော အောက်ခြေ၌မှောင်မည်းနေခြင်း မရှိပါ။ ထူးဆန်းစွာပင်ကြည်လင်အေးမြသော အလင်းရောင် ရှိနေ၏။

သူတို့သည် တဖြည်းဖြည်း သစ်ပင်များအောက်သို့





ရောက်လာကြသည်။ ထိုအခါ. . မြင်ခဲ့ပြီးသော သစ်ကိုင်းသစ် ခက်တွေအောက်၌ ဝိမနထင်မှတ်ထားသလို တခြားသောသစ်ပင် တွေ ရှိမနေပါချေ။ ချောက်အောက်သို့ရောက်လေ မြေသားမှာ ကျောက်သားဆန်လာပြီး ချောမွေ့နေတာကိုတွေ့ရ၏။

"အောက်မှာရှိနေတဲ့ အလင်းရောင်က နေရဲ့အလင်း ရောင်နဲ့မတူဘူး. . ဘယ်ကအလင်းရောင်ထွက်နေတာလဲ"

"ရှင်မဆိုးဘူး. . ဒီထူးခြားချက်ကို ချက်ချင်းသတိထား မိသားပဲ. . အလင်းရောင်က ချောက်ရဲ့အောက်ခြေအနိမ့်ပိုင်း မှာရှိတဲ့ နံရံနှစ်ဖက်က ထွက်နေတာပါ"

ဝိမန အံ့သြမှုတွေဖြင့် လှေကားထစ်များကို နင်းလျှောက် လာရာ ခေတ္တအကြာ၌ အောက်သို့ရောက်သွားကြသည်။ ထိုအခါ အစိမ်းရောင်ရှိသော ချောက်နံရံတွေကို ထူးခြားလှပစွာ တွေ့မြင်ရလေ၏။ (ကျောက်စိမ်းကြောဖြစ်ဟန်ရှိ၏။ အလင်း ရောင်အနည်းငယ် ထိတွေကခံရရုံဖြင့်တန်ပြန်အလင်းရောင် ကိုထုတ်ပေးနိုင်လေသည်။)

ကျောက်လှေကားထစ်၏ဘေး၌ စမ်းချောင်းငယ်လေး တစ်ခု ရှိနေ၏။ စမ်းချောင်းလေး၏ဘေး၌ ဝိမနလွှတ်ပေးလိုက် သော သမင်မကြီးနှင့် သမင်လေးနှစ်ကောင်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမင်လေးနှစ်ကောင်က သမင်မကြီး၏ခြေထောက်မှ သွေးစ
သွေးနတွေကို လျှာဖြင့်ကြင်နာစွာ လျက်ပေးနေကြသည်။
သမင်မကြီး၏ကလေးတွေဖြစ်ကြောင်း ဝိမနနားလည်လိုက်၏။

"အဲဒီသမင်မကြီးက အိုပန်းနွယ်နဲ့ အတော်ရင်းနှီးတယ်
နော်. . လူနဲ့တိရစ္ဆာန် အပြန်အလှန်နားလည်မှုတွေနဲ့ ရင်းနှီး
နေကြတာကို ကျုပ်အခုမှပဲ မြင်ဖူးတော့တယ်"

"သူ့ကိုကျွန်မရဲ့ ညီမလို့တောင် ပြောလို့ရပါတယ်၊ သူ့ရဲ့
အမေက ကျွန်မရဲ့အမေဆိုလဲ မမှားဘူး. ."

"မင်းစကားကို ကျုပ်မရှင်းဘူး"

"ဒီလိုပါ တကယ်တော့ ဘရသေ့ဟာ ကျွန်မရဲ့ဖခ
မဟုတ်ပါဘူး. ကျွန်မသုံးနှစ်သမီးအရွယ်လောက်မှာ သမင်မကြီ
တစ်ကောင်ရဲ့ကျောပေါ်မှာ ဖက်တွယ်ပြီး ပါလာတာတွေ့လို့
ဘရသေ့က စောင့်ရှောက်ထားတာပါ"

"အံ့သြစရာပဲ မင်းက ဘယ်လိုလုပ်ပြီးသမင်ကျောပေါ်
ရောက်နေတာလဲ"

"ဒါတော့ ကျွန်မလဲ ဘယ်သိပ့်မလဲ အဲဒီကိစ္စတော
ဘရသေ့ပြောပြလို့သိတာ. . ကျွန်မကတော့ ကျွန်မကိုချီပိုးခေါ်
လာတဲ့ သမင်မကြီးကိုသိပ်ချစ်တာပဲ သူသေသွားတုန်းက ကျွန်



သေမတတ်ခံစားခဲ့ရတာ"

အိုပန်းနွယ်၏မျက်နှာလေး ညှိုးနွမ်းသွား၏။ သူမ၏
မျက်ဝန်းထဲတွင် သေသွားခဲ့ပြီဖြစ်သော သမင်မကြီးနှင့်သူမ
လုံးထွေးကစားနေခဲ့ပုံကို မြင်ယောင်လာသည်။

"စိတ်မကောင်းစရာတွေကို ပြန်မတွေးပါနဲ့တော့
ကြည့်စမ်း. . အပေါ်က ချောက်ထဲကိုငုံ့ကြည့်တော့ အရမ်းနက်
မလိုလိုနဲ့ သိပ်တော့မနက်ဘူးနော်. ."

ဝိမနက အိုပန်းနွယ် အာရုံပြောင်းသွားစေရန် အပေါ်သို့
မော့ကြည့်ရင်း ပြော၏။ အိုပန်းနွယ်ကခေါင်းညိတ်ပြသည်။

"ဟုတ်တယ်. . ကြည့်စမ်းပါဦး. . ကျွန်မတို့နေတဲ့
နေရာလေးက မသာယာဘူးလား"

"သာယာတာပေါ့ သစ်သီးသစ်ဥတွေ အများကြီးရှိတယ်
ဆိုတာ မတွေ့ရသေးပါလား ဘေးတစ်ဖက်တစ်ချက်မှာ သစ်လုံး
အိမ်ကြီးတွေပဲ တွေ့နေရတယ်နော်. ."

သစ်လုံးအိမ်ကြီးများမှာ ဟောင်းနွမ်းပြိုပျက်နေကြပေပြီ။
တချို့အိမ်တွေမှာ တံခါးမကြီးပင် ပြိုကျနေသဖြင့် လူ့အသုံးအ
ဆောင်ပစ္စည်းများကို ဖုန်အလိမ်းလိမ်းတက်လျက် အနေအထား
ဖြင့်လှမ်းမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ မြင်နေရတဲ့အကွေ့လေးကို ကွေ့ဝင်သွားပြီးရင် တွေ့ရပါလိမ့်မယ်"

မှန်ပါသည်။ ဝိမနသည် 'ဂ'ငယ်သဏ္ဍာန်ချောက်ကွေ့ကိုကွေ့ပြီးနောက်. . မြင်ကွင်းမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားသည်။ အမျိုးအစားစုံလင်လှသော သစ်သီးပင်တွေကို တွေ့ရ၏။ သစ်သီးတွေက သာမာန်မြင်နေကြအရွယ်အစားထက် ပို၍ကြီးမားနေကြ၏။

ဘော့မွန်ရိုးနှင့်မာရီလင်တို့သည် ပျော်ရွှင်ဝမ်းမြောက်စွာ အော်ဟစ်ပြီးနောက် သစ်သီးပင်များထံ ဝဲပျံသွားကြ၏။ ထို့နောက် သစ်သီးများကို အားပါးတရစားကြသည်။

အပင်များကြား၌ ကျောင်းသင်္ခမ်းလေးတစ်လုံးရှိ၏။ တံခါးဝ၌ ရသေ့ကြီးဦးစိန္တာက ရပ်ရင်းလက်ယက်ခေါ်နေသဖြင့် ဝိမနနှင့် အိုပန်းနွယ်တို့ အမြန်ပြေးသွားကြသည်။

ဦးစိန္တာက သစ်သီးများကို လင်ပန်းအတွင်းထည့်၍ ဝိမနကိုကျွေး၏။ ဝိမနစားကောင်းကောင်းဖြင့် အတော်များများ စားလိုက်သည်။ စားရင်းသူသတိထားမိသည်က သစ်သီးပင်များပေါက်နေသော ဤနေရာတစ်ဝိုက်၌ မြေသားအသွင်ဖြင့်ရှိနေပြီး အလင်းရောင်နည်းပါးတာကို ဖြစ်သည်။





"ကဲ. . လူလေး မင်း ဒီကသစ်သီးတွေကို ကြိုက်သလောက် လာယူပါ ဒါပေမယ့် ဘရသေ့ကို တစ်ခုတော့ ကတိပေးရမယ်"

"ပြောပါ ဘရသေ့"

"ဒီနေရာလေးကို ဘယ်သူမှမသိပါစေနဲ့"

"ဟုတ်ကဲ့. . စိတ်ချပါ"

"ဒီလိုဆို မင်းနှစ်သက်ရာ သစ်သီးတွေကို သွားခူးပေတော့ လုံမရေသူကို လုံမနေတဲ့ အိမ်ကိုခေါ်သွားပြီး ပလိုင်တစ်လုံးပေးလိုက်ပါ. . " ဤသို့ဖြင့်. . .

ဝိမနသည် ကျေးငှက်နှင့်ရှဉ့်ကလေးများ ပေါများလှသော တောအုပ်ကလေးအတွင်းမှ သစ်သီးမျိုးစုံကို ခူးဆွတ်ပြီး လူပျံလေးနှင့်အတူပြန်ခဲ့သည်။

သစ်သီးအချို့ကို ဝိမနက ရောင်းချပြီးရရှိသောအသပြာဖြင့်အိုပန်းနွယ်အတွက်အသုံးအဆောင်ပစ္စည်းတွေ ဝယ်ပေးသည်။ သူတို့သည် ကြာလာသည်နှင့်အမျှ ရင်းနှီးမှုပိုလာပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်လျက် လက်ထပ်ထိမ်းမြားခြင်းအဖြစ်သို့ ရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## "နေရာဆန်း၏လျှို့ဝှက်ချက်များ"

"ဘရသေ့နောက် လိုက်ခဲ့ကြ"

ဦးစိန္တာ၏အမိန့်အတိုင်း ဝိမနနှင့်အိုပန်းနွယ်တို့ ဦးစိန္တာနောက်လိုက်လာကြ၏။ ဦးစိန္တာသည် တောအုပ်၏အဆုံးရှိကြီးမားသောကျောက်တုံးကြီးရှေ့၌ ရပ်တန့်လိုက်သည်။ ကျောက်တုံးကြီးက လူတစ်ရပ်စာခန့်မြင့်၏။

ဦးစိန္တာက ကျောက်တုံး၏အောက်ခြေတစ်နေရာထဲ ခြေထောက်ထိုးထည့်၍ ဖိနှင်းလိုက်သည်။

"ဝုန်း"

ကျောက်တုံးကြီးက ဘေးဘက်သို့ လိမ့်သွားပြီး ဂူပေါ်သို

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုကို တွေ့လိုက်ရ၏။ ကျောက်တုံးမှာ ဂူပေါက်ကိုပိတ်ထားသောတံခါးဖြစ်၏။ ဂူပေါက်ကိုဖွင့်နိုင်သည့် ခလုတ်ကို ကျောက်တုံး၏ အောက်ခြေ၌ စက်ကြောမယန္တရားအတတ်ဖြင့် လျှို့ဝှက်စွာ တပ်ဆင်ထားခြင်းဖြစ်သည်။

ဂူထဲမှာ အလင်းရောင်ရှိ၏။ ဦးစိန္တာက ဂူထဲဝင်သွားသဖြင့် ဝိမနနှင့် အိုပန်းနွယ်တို့ပါ လိုက်ဝင်သွားကြ၏။ ထိုအခါ စနစ်တကျ စီတန်းရှိနေသော လူအရိုးစုများနှင့် လက်ဝတ်ရတနာများကို ဟိုတစ်စု သည်တစ်စုတွေ့ရ၏။

ဂူထဲ၌ရှိနေသော အလင်းရောင်မှာ အလွန်ကြီးမားသော ပုလဲလုံးကြီးထံမှ ထွက်ပေါ်နေတာဖြစ်ကြောင်း တွေ့ရ၏။ ထိုပုလဲကြီးကို ဂူအလယ်ရှိ ကျောက်ဖျာပေါ်၌ တင်းထားသည်။

"ဟင်. . ဒီပုလဲက ထူးဆန်းလိုက်တာ အလင်းရောင်တွေဖြာထွက်နေတယ်နော်. . "

"အဲဒါကို ညလင်းပုလဲလို့ခေါ်တယ် အမှောင်ခွင်းနိုင်တဲ့ အစွမ်းရှိလို့လေ. . ကဲ. . မင်းတို့လင်မယား ဒီရတနာတချို့ကို ရင်းနှီးစားသောက်ဖို့ ယူသွားကြပါ"

"အို. . ဘရသေ့ ကျွန်မတို့က အင်မတန်အေးချမ်းတဲ့ ဒီနေရာလေးမှာပဲ တစ်သက်လုံးနေဖို့ ဆုံးဖြတ်ထားကြတာပါ. . 



ကျွန်မတို့ကို မနှင်ပါနဲ့"

"ဟုတ်ပါတယ် ဘရသေ့ရယ်. . ကျုပ်တို့ ဘရသေ့နဲ့ပဲ နေမယ်"

ဦးစိန္တာတွေဝေသွား၏။ ထိုစဉ်. . ဝိမနက ဂူနံရံမှာ ချိတ်ထားသော ရှေးဟောင်းကြေးမုံကြီးတစ်ချက်ကို သတိပြုမိပြီး ကြေးမုံပြင်ရှေ့သို့ လျှောက်သွားပြီး ကြည့်လိုက်၏။

"ဟာ. . ဘရသေ့ ဒီကြေးမုံပြင်က ကြည်လင်မနေဘဲ ဘာလို့များသွေးရောင်လို ရဲရဲနီနေရတာလဲ"

ဦးစိန္တာက မျက်နှာပျက်သွား၏။ သူချက်ချင်းပင် ဝိမနဘေး ကပ်သွားပြီး ကြေးမုံပြင်ကို လှမ်းကြည့်သည်။ ဝိမန၏ ပုံရိပ်မှာ ကြေးမုံပြင်ပေါ်မှာ ထင်ဟပ်နေ၏။ ဝိမနမှာ သွေးကန်ထဲဆင်းထားသလို ရဲရဲနီနေသော ပုံရိပ်ဖြစ်သည်။

"ဝိမနမင်းမှာ အသက်အန္တရာယ်ရှိနေပြီ ဒါဟာအနာဂတ်ကိုကြိုပြနိုင်တဲ့ ဗေဒင်ပညာရှင် ကြေးမုံပဲ. . မင်း. . မယုံမရှိနဲ့"

"ဗျာ"

ဝိမနက အံ့ဩသွားသလို အိုပန်းနွယ်ကလည်း မယုံကြည်နိုင်ဟန်ဖြင့် ကြေးမုံပြင်ရှေ့လျှောက်သွားပြီး အသေအချာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘရသေ့. . ကျွန်မလဲ ဒီကြေးမုံပြင်ကို အနီးရောင် အနေနဲ့ပဲ မြင်ရမယ်"

"အင်းလေ. . မင်းတို့က ကံတူအကျိုးပေးတွေပဲ ဖယ်ပါဦး. . ဘရသေ့လဲ အနာဂတ်အခြေအနေကို ကြည့်ကြည့်မယ်"

ဦးစိန္တာက ကြေးမုံပြင်ကို စိုက်ကြည့်ရင်း ငြိမ်ကျသွားသည်။ အတန်ကြာမှ. . .

"အင်း. . ဝဋ်ကြွေးရှိရင်တော့ ဆပ်ရမှာပေါ့လေ"

သူကဂူကြီးထဲမှ ပြန်ထွက်သွားသည်နှင့် ဝိမနနှင့် အိုပန်းနွယ်တို့ လိုက်ပါသွားကြသည်။ ကျောက်တံခါးကြီးကလည်း ပြန်လည်ပိတ်ဆို့သွား၏။

"ဝုန်း"

* * *

အမှောင်ထုက တဖြည်းဖြည်းလွင့်စဉ်လျော့ပါးလာနေ၏။

မာရီလင်က မောဟိုက်သွားဟန်ဖြင့် စကား ဖြတ်ပြီး ဘော့မွန်ရိုးဘက်လှည့်ကာ မေးဆတ်ပြလိုက်သည်။ ဆက်ပြောဆိုသည့် သဘောဖြစ်၏။





ဘော့မွန်ရိုးထရပ်ပြီး. .

"နောက်တော့ ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့ အကြီးအကဲတွေ တိတ်တဆိတ်လာခေါ်သွားကြတာကြောင့် ပြန်သွားခဲ့ကြရတယ်၊ အခုကျွန်တော်တို့ သူတို့ကို သတိရလွန်းလို့ ခိုးထွက်လာပြီး လာကြည့်တာ သူတို့ဒုက္ခရောက်နေကြတယ်"

မောင်ကံသာက စိတ်ဝင်တစားဖြင့် မေး၏။

"ပြောပြပါ့မယ်. . လောလောဆယ်တော့ ကျွန်တော်တို့ ဘဘတို့နောက်လိုက်ခဲ့ပါရစေ. . ကျွန်တော်တို့ သိပ်ကိုပင်ပန်းနေကြပြီ. . နေလဲထွက်တော့မယ်နော်"

ဘောမွန်ရိုးက သတိပေးမှ ဦးဝီရိယနှင့် မောင်ကံသာတို့ အချိန်အခါကို သတိပြုမိသွားကြသည်။ သူတို့သည် ချက်ချင်းပင် ဘုန်းကြီးကျောင်းဘက်သို့ ခြေဦးလှည့်လိုက်လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## "သိမ်းငှက်မြို့တော်"

ရမ္မာပူရမြို့တစ်မြို့လုံးအပေါ် ပဟေဠိတွေ ပေးထားနိုင်သော လျှို့ဝှက်တရားခံများကို စောနန္ဒ တွေ့မြင်ခွင့်ရနေပေပြီ။ ယခုသူသည် အဓိကတရားခံနှင့် မျက်နှာချင်းဆိုင်ထိုင်နေရ၏။

စောနန္ဒနှင့်မျက်နှာချင်းဆိုင် ထိုင်နေသူမှာ အသက်-၃၀ ကျော်ခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်၏။ မိန်းမချောချော၏။ သူ၏မျက်လုံးအစုံမှာတော့ ကောက်ကျစ်စဉ်းလဲမှုတွေ ပြည့်နေ၏။ နှုတ်ခမ်းပေါ်၌ ပြုံးရိပ်ထင်နေသည်။

"ကျုပ်နာမည်ကဇ အဂ္ဂပါ. . နန္ဒ. . ဩော်. . ရင်းရင်းနှီးနှီး နန္ဒလို့ပဲခေါ်မယ် သူ့ရဲ့ကောင်းလေးနန္ဒကို သိမ်းငှက်မြို့တော်ကလိုက်လှဲနွေးထွေးစွာ ကြိုဆိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓါတ်ရေးရာအပိုင်းကို ပြင်ဆင်ခဲ့ပြီးနောက် စောနန္ဒက အဂ္ဂကိုအကဲခတ်လေ့လာနေသည်။ အဂ္ဂ၏မျက်နှာထားမှာ အစဉ်အမြဲပြုံးရွှင်နေဟန်ရှိပြီး နှစ်လိုဖွယ်ကောင်း၏။ သို့သော်. . သူ၏မျက်လုံးအစုံ၌ ရက်စက်ကြမ်းကြုတ်မှု အရိပ်အယောင်တွေကို စောနန္ဒသတိပြုမိလိုက်သည်။

"ကျုပ်. . မိသဉ္ဇာကို တွေ့ချင်တယ်"

အဂ္ဂ၏မျက်နှာမှာ ပြုံးရွှင်သွား၏။

"မလောနဲ့လေ. . ကျုပ်ရဲ့တောင်းဆိုချက်တွေကို မင်းဖြည့်ဆည်းပေးနိုင်တယ်ဆိုမှ မိဥ္ဇာဇာနဲ့တွေ့ခွင့်ရမယ်"

စောနန္ဒက မိသဉ္ဇာမှလွဲ၍ ဘာကိုမှအလေးမထားဟန်ဖြင့်. . .

"ပြော. . ကျုပ်ဘာလုပ်ပေးရမလဲ"

"အင်း. . မင်းဆီက အကူအညီအများကြီးလိုတယ်၊ လောလောဆယ်အဓိက လိုအပ်နေတာကတော့ သုရမ္ဘရာဇာရဲ့ နန်းတော်ထဲက အခြေအနေကို အသေးစိတ်သိချင်တယ်၊ ရဲမက် အင်အားနဲ့ ဘယ်လိုအကာအကွယ်အစီအစဉ်တွေ ချမှတ်ထားသလဲဆိုတာကို ဟောဒီမှာချရေးပေး. . ."

စောနန္ဒမှာကြိုတင်ပြင်ဆင်ထားခဲ့သည့်တိုင်အောင်





ထိတ်လန့်တုန်လှုပ်မိသေး၏။

"ဟာ. . အဲဒါ. . အဲဒါတွေကို ကျုပ်ဘယ်လိုသိပါ့မလဲ ကျုပ်က မင်းမှုထမ်းလဲ မဟုတ်ဘူး. . မဖြစ်နိုင်တာကိုတော့ မခိုင်းနဲ့လေ"

အဂ္ဂက စောနန္ဒကို စိုက်ကြည့်ရင်း သွားတန်းလေးများ ပေါ်အောင် ပြုံးရယ်ပြ၏။ သူ့ပုံစံက အရာခပ်သိမ်းကို မကြွင်းမကျန်သိနေသည့်ဟန်ဖြစ်သည်။

"မင်းဟန်ဆောင်ကောင်းသားပဲ ကျုပ်ကသာ မင်းတို့အကြောင်းကို အတိအကျမသိထားခဲ့ရင် မင်းစကားကို ယုံကြည်မိနိုင်တယ်. . အင်းခက်တာက ကျုပ်ဟာအားလုံးကို သိနေတာပဲ မင်းတို့သားအဖဟာ လျှို့ဝှက်မင်းမှုထမ်းတွေ ယုံခြုံရေးအစီအစဉ်ကို ရေးဆွဲတဲ့နေရာမှာ မင်းတို့လဲပါတယ် မင်းငြိမ်းချင်သေးလား နန္ဒ"

စောနန္ဒ ပါးစပ်ပိတ်ထား၏။ သူ့ရင်ထဲ စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်လာနေပေပြီ။ အဂ္ဂမှာ အကြံကြီးကြံတတ်သော ကြောက်စရာလူယုတ်မာဖြစ်ကြောင်းကို သူကောင်းစွာ နားလည်သိရှိလိုက်ပေပြီ။

အဂ္ဂကပေရွက်နှင့် ကညစ်တံကို စောနန္ဒရှေ့သို့ တွန်းပို့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ရော့. . အသေအချာရေးနော်. . တစ်စုံတစ်ရာမှားယွင်းသွားရင်တော့ ကျုပ်ကညာမှာမဟုတ်ဘူး”

စောနန္ဒက ပူလောင်နေသောစိတ်ကို သက်သာစေရန် ကိုယ့်ကိုယ်ကိုကြိတ်၍ အားပေးပြီး နန်းတွင်းထဲက အခြေအနေတွေကိုအမှန်အတိုင်းရေးသင့် မရေးသင့်စဉ်းစားနေမိသည်။

သူကလုံခြုံရေးအစီအစဉ်တွေကို လွဲပြောင်းရေးချင်သော်လည်း ယခုကိစ္စသည် သူ့ကိုစမ်းသက်ရုံသက်သက်ဖြစ်နေလျှင် မိသဥ္ဇာကောသူပါ သိန်းငှက်မြို့တော်ဆိုသော ဤလျှို့ဝှက်နေရာဆန်းလေးအတွင်းတွင် တိတ်တဆိတ် ကွယ်ပျောက်သွားရပေမည်။

နောက်ဆုံး၌ သူသည်အဂ္ဂအလိုကျနေထိုင်ရင်း တဖက်တလမ်းမှသာ အဂ္ဂ၏ရည်ရွယ်ချက်ကို တိတ်တဆိတ်ဖျက်စီးပစ်နိုင်ဖို့ ဆုံးဖြတ်ပြီး နန်းတွင်းကလျှို့ဝှက်လုံခြုံရေးအစီအစဉ်တွေကိုအမှန်အတိုင်းရေးချပေးလိုက်လေသည်။

* * *

စောနန္ဒသည် မိသဥ္ဇာကို တွေ့ရချိန်မှာ အဂ္ဂအပေါ်ပို၍ထိတ်လန့်သွားမိ၏။



မိသဥ္ဇာသည် သူ့ကိုတွေ့ရချိန်၌ သူမျှော်လင့်တွေးထားသလို ဝမ်းမြောက်ဝမ်းသာဖြစ်သွားခြင်းမရှိ. . တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော လူတစ်ယောက်ကိုကြည့်သည့်အကြည့်မျိုးဖြင့်သာ ကြည့်နေ၏။ ခံစားမှုမရှိသော ပုံစံဖြစ်သည်။

“မိသဥ္ဇာ. . မိသဥ္ဇာ. . နေကောင်းရဲ့လား. . ဟင်”

စောနန္ဒက မိသဥ္ဇာ၏လက်ဝါးနှစ်ဖက်ကို ဆွဲပြီးမေးရာ မိသဥ္ဇာသူကို အရည်လဲ့သောမျက်လုံးများဖြင့် မော့ကြည့်သည်။

“မိသဥ္ဇာနေကောင်းပါတယ်. . ဒါနဲ့ရှင်က ဘယ်သူလဲ”

“ဟင်”

စောနန္ဒ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွား၏။ အသည်းနှလုံးက ပေါက်ထွက်မတတ်နာကျင်သွားရသည်။

ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးငြိမ်သက်သွားသောစောနန္ဒကို အဂ္ဂကကြည့်ရင်းခပ်တိုးတိုး ရယ်မောနေ၏။ အတန်ကြာမှ သူကထရပ်ပြီး မိသဥ္ဇာနဘေးသို့ လျှောက်သွားသည်။

“မိသဥ္ဇာ သူကမိသဥ္ဇာရဲ့ ခင်ပွန်းလောင်း စောနန္ဒလေ မမှတ်မိတော့ဘူးလား”

အဂ္ဂက မိသဥ္ဇာ၏ပခုံးကိုတရင်းတနှီးဖက်ရင်း ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံကြောင့် စောနန္ဒအတိုင်းအဆမဲ့ တုန်လှုပ်ချောက်ချားသွားရသည်။

မိသဥ္ဇာကလည်း အဂ္ဂအပေါ် ရင်းရင်းနှီးနှီးရှိ၏။

"စောနန္ဒ. . စောနန္ဒ မိသဥ္ဇာရဲ့ခင်ပွန်းလောင်း စောနန္ဒ ဩော်. . ဟုတ်ပေသားပဲ မိသဥ္ဇာမေ့နေပြန်ပြီ မိသဥ္ဇာအပြင်းဖျားပြီးကတည်းက မှတ်ဉာဏ်တွေ တော်တော်လေးကို မကောင်းတော့ဘူး ခက်တော့တာပဲ"

"စိတ်မညစ်ပါနဲ့ မိသဥ္ဇာရယ် မိသဥ္ဇာမေ့နေတာတွေကို အစ်ကိုတော် ပြောပြမှာပေါ့ သူကမိသဥ္ဇာထိမ်းမြားလက်ထပ်ရမယ့် သူရဲကောင်းလေးစောနန္ဒပဲ ကဲ. . ထိုင်ပြီး စကားပြောကြ"

အဂ္ဂက ထိုင်ခုံအနီး ပြန်လျှောက်သွားပြီး ထိုင်၏။ မိသဥ္ဇာကအဂ္ဂနဘေးရှိ ခုံမှာဝင်ထိုင်သည်။ ယခုအချိန်ထိ စောနန္ဒက မိသဥ္ဇာ၏ပြောင်းလဲမှုအပေါ် အံ့ဩနားမလည်နိုင်ဘဲ ငေးကြောင်ရပ်နေမိ၏။

"နန္ဒ. . လာကွာ. . . ထိုင် မိသဥ္ဇာကအပြင်းဖျားပြီး အတိတ်မေ့နေလို့ပါ နောက်ဆိုတဖြည်းဖြည်း သတိရလာပါလိမ့်မယ်. . မင်းဇနီးလောင်းလေးအတွက် မစိုးရိမ်ပါနဲ့ အစ်ကိုရင်းဖြစ်တဲ့ ကျုပ်တစ်ယောက်လုံး အနားမှာ ရှိနေသားပဲ"



အဂ္ဂက ပြုံးရင်းပြောနေရာမှ ဖျပ်ခနဲမျက်နှာတည်သွားပြီး လေသံပြောင်း၍ ပြောပြန်သည်။

"မင်းကိုတာဝန်တစ်ခု ထပ်ပေးမယ်. . မင်းစိတ်ရောကိုယ်ပါ နှစ်ပြီးအောင်မြင်အောင် ထမ်းဆောင်ပေးနိုင်ရင် မင်းဘဝတစ်လျှောက်လုံး အေးချမ်းသာယာလိမ့်မယ်. . ကျုပ်ပြောတာ နားလည်လား"

စောနန္ဒက ရင်တထိတ်ထိတ်ဖြစ်နေ၏။ ဦးခေါင်းတစ်ခုလုံး ထူပူနေသည်။ သူကမိသဥ္ဇာကို စိုက်ကြည့်ရင်း အံကိုတင်းတင်းကြိတ်ထားမိသည်။ အခြေအနေက သူမျှော်လင့်ထားသည်ထက်အဆပေါင်းများစွာ ဆိုးဝါးနေပေပြီ။ အဂ္ဂ၏ခိုင်းစေချက်များကို သူငြင်းပယ်၍ အကျိုးရှိမည်မဟုတ်. . သေမင်းနှင့် စောစီးစွာတွေ့သွားနိုင်သည် မဟုတ်ပါလော. . ။

ဤသစ်လုံးအိမ်ကြီးအတွင်း၌ သူနှင့်မိသဥ္ဇာ,အဂ္ဂတို့အပြင်လူကိုးဦးရှိနေ၏။ အဂ္ဂ၏နောက်မှာ ရပ်နေသူနှစ်ဦးမှာ ဝဏ္ဏနှင့်ကျော်ထင်တို့ဖြစ်၏။ ထိုလူငယ်နှစ်ဦးကိုမြင်ရုံဖြင့် ခေသူတွေမဟုတ်ကြောင်းရိပ်မိနေ၏။

ထို့ပြင်. . .

သူ့ကို တစ်ချိန်လုံးစိုက်ကြည့်နေသော လူ(၇)ယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း သိုင်းစွမ်းရည်မြင့်မားသူတွေဖြစ်ကြောင်း သူခန့်မှန်းမိသည်။ သူအသက်ရှုကြပ်သလို ခံစားရ၏။ တစ်ကြိမ်တစ်ခါမှ ယခုလောက်အထိ သူစိတ်ကျဉ်းကြပ်မှုများကို မခံစားရခဲ့ပါချေ။ အခြေအနေအရ သူ့ကသာအလိုက်အထိုက် အဆင်ပြေအောင် ဆက်ဆံတတ်ရပေမည်။

"ကျုပ်က ဘာလုပ်ပေးရဦးမှာလဲ"

သူခြောက်ကပ်ကပ်အသံဖြင့်မေးရင်း ယခင်ထိုင်ခဲ့သော ထိုင်ခုံအနီးပြန်လျှောက်သွားပြီး ထိုင်လိုက်၏။

အဂ္ဂ၏မျက်လုံးများက အရောင်တောက်ပလာ၏။

"သုရမ္ဘရာဇာရဲ့ ဦးခေါင်းပြတ်ကို ကျုပ်လိုချင်တယ်"

"ဒီကိစ္စကို ကျုပ်မလုပ်နိုင်ဘူး လုပ်ပေးနိုင်တဲ့အစွမ်းအစကျုပ်မှာ မရှိလို့ပါ"

"မင်းကိုလဲဒီတာဝန်မျိုးမပေးပါဘူး သုရမ္ဘရာဇာရဲ့ ဦးခေါင်းကို ငါကိုယ်တိုင်. . ."

အဂ္ဂ၏အသံက တင်းမာတုန်ခါနေ၏။ မျက်နှာကလည်း ကြောက်လန့်ဖွယ်ရာကောင်းအောင် တင်းမာခက်ထန်နေသည်။ နာကြည်းမုန်းတီးမှု အပြည့်ပျော်ဝင်နေ၏။

စောနန္ဒကအဂ္ဂ၏ကျစ်ကျစ်ပါအောင် ဆုပ်ထားသော





လက်သီးများကို စိုက်ကြည့်ရင်းကောက်ကာငင်ကာ မေးလိုက်သည်။

"ခင်ဗျားနဲ့သုရမ္ဘရာဇာမင်းရဲ့ ကြားမှာရန်ငြိုးရှိလို့လား"

"ရှိတာပေါ့ ကျုပ်သူ့ခေါင်းကို ဖြတ်ချင်တာဟာ ရမ္မာပူရမြို့ကိုအုပ်စိုးချင်လို့ မဟုတ်ဘူး ကျုပ်ဖန်တီးတည်ဆောက်ထားတဲ့ ဒီသိန်းငှက်မြို့တော်လေးမှာပဲ ကျုပ်တစ်သက်လုံးနေသွားမှာပါ"

"ဘယ်လိုရန်ငြိုးမျိုးကြောင့် ခင်ဗျားဒီလောက် ပြင်းဆင်နေရတာလဲ"

"မိသဥ္စာ. . နှမက ကောင်းကောင်းနေနိုင်သေးတာ မဟုတ်ဘူး သွားနားတော့. . "

အဂ္ဂက မိသဥ္စာကိုအလိမ္မာဖြင့် နှင်ထုတ်ပြီးမှ စောနန္ဒ၏မေးခွန်းကို ဖြေ၏။

"သုရမ္ဘရာဇာဟာ ကျုပ်ဖခင်ယသကို ကိုယ်တိုင် ခေါင်းဖြတ်သတ်ခဲ့တဲ့လူပဲ. . ဒီသွေးကြွေးကို ဆပ်နိုင်အောင် ကျုပ်အသေးစိတ်ပြင်ဆင်လာတာ ငါးနှစ်နီးပါးရှိပြီ"

"ဩော်. . လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဟိုးလေးတကျော်ကျော်နာမည်ကြီးခဲ့တဲ့ လူသတ်ဝရမ်းပြေးမဲပြကြီးယသ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ခင်ဗျားရဲဖခင်ကို"

"ဟုတ်တယ်. . အဘဟာ အခြေအနေမဟန်မှန်း သိတာနဲ့ ကျုပ်တို့အားလုံးလွတ်မြောက်ဖို့ သူတစ်ယောက်တည်း ရဲမက်တွေကို လှည့်စားပြီး မျှားခေါ်သွားခဲ့တာ သူဒဏ်ရာဗလပွ နဲ့ အဖမ်းခံရတဲ့အချိန်မှာကျုပ်တို့အားလုံးဟာ လုံခြုံတဲ့နေရာတွေ မှာ အသီးသီးခိုအောင်းနေခဲ့ကြတယ်. . အဘအပေါ် သစ္စာရှိကြ တဲ့လူတွေကကျုပ်ကို ခေါင်းဆောင်အရာထားပြီး အလုပ်ဆက် လုပ်ခဲ့ကြတယ်"

"အဆင်မပြေဘူး မဟုတ်လား"

"ဟုတ်တယ် ဒါ့ကြောင့် ကိုယ့်ဘာသာ ရွာတစ်ခု တည်ပြီး တောင်ယာအလုပ်ကိုပဲ ပင်ပင်ပန်းပန်းလုပ်ခဲ့ကြရတယ်၊ အဲဒီဘဝမှာ လူကြီးတွေက ပျော်သွားကြတယ်၊ အဘကိုမေ့သွား ကြတယ်၊ ကျုပ်ကတော့ဘယ်မေ့နိုင်ပါ့မလဲ အဲဒီသူရဲ့ဗရာဇာကို သတ်ချင်နေတာ မဖြစ်နိုင်တဲ့အခြေအနေတွေကြောင့် အဲဒီဆန္ဒ ကိုချိုးနှိမ်ထားခဲ့ရတယ်"

စောနန္ဒစိတ်ဝင်စားလာ၏။

"ဒါနဲ့တောင်ခင်ဗျား ဒီအခြေအနေကို ဘယ်လို ရောက်လာတာလဲ အံ့ဩစရာပဲ"



"ကံကြမ္မာရဲ့ ဖေးမစောင့်ရှောက်မှုကြောင့်ပေါ့ဗျာ. . ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့တဲ့ ဒီလိုအနေအထားမျိုး ရောက်အောင် ဖန်တီးပေးခဲ့တဲ့ကျေးဇူးရှင်ဟာ ဘယ်သူလဲ သိလား"

"ဘယ်သူလဲ"

"ဝက်ဝံကြီးတစ်ကောင်ပဲ"

"ဟမ်. . ဝက်ဝံကြီးကခင်ဗျားကို ကူညီခဲ့တယ် ဟုတ်လား"

အဂ္ဂက အလွန်အမင်းအံ့ဩသွားသော စောနန္ဒပုံစံကို ကြည့်ရင် ခပ်သောသောလေး ရယ်မောပြီးခေါင်းညိတ်၏။

"ဟုတ်တယ် အဖြစ်က ဒီလိုလေ"

* * *

အဂ္ဂသည် ပျားသလက်ကြီးကို ခွာပြီးသည်နှင့် သစ်ပင် အောက်ရှိ [illegible]းထဲသို့ပစ်ချလိုက်သည်။ ထို့နောက်သစ်ပင်ပေါ်မှ ပြန်ဆင်းပြီး အင်ဖက်များဖြင့် ပျားသလက်ကိုဖုံးလိုက်၏။

သူ[illegible]ုံးကို ကောက်ကိုင်လိုက်စဉ် သူ့မျက်စိရှေ့သို့

www.burmeseclassic.com



အမွှေးနက်များ ပိတ်ဖုံးနေသော ကြီးမားသည့် ခြေထောက်တစ်စုံ ရောက်လာသည်။ သူထိတ်လန့်သွား၏။ ဝက်ဝံကြီးမှန်း သူချက်ချင်း သိလိုက်သောကြောင့်ဖြစ်သည်။

"ဂါး"

ဝက်ဝံနက်ကြီးက ချွန်ထက်ရှည်လျားသော လက်သည်းကြီးများကိုဆန့်ထုတ်ရင်းအဂ္ဂကို လှမ်းဆွဲ၏။

အဂ္ဂက ပျားသလက်ထည့်ထားသောဘုံးကို ထိုးခံပြီး နောက်သို့ချာခနဲလှည့်ပြေးသည်။

"ဂါး"

ဝက်ဝံနက်ကြီး၏အော်သံက စူးရှကျယ်လောင်လွန်း၏။ သူ၏လက်သည်းရှည်ကြီးမှာ ဘုံး၌စိုက်ဝင်သွားရာ တချို့သော လက်သည်းများက ကျိုးပဲ့ကုန်သည်။ နာကျင်သွားဟန်ရသော ဝက်ဝံနက်ကြီးက ဒေါသတကြီးမာန်ဖီရင်း အဂ္ဂကိုခုန်အုပ် လိုက်၏။

အပြေးမြန်သော အဂ္ဂ၏ကိုယ်ပေါ် မိမိရရအအုပ်မိပေ မယ့် ကျောပြင်ကိုတော့ ကုပ်လိုက်နိုင်သည်။

"အ"

အဂ္ဂကညည်းညူရင်းမှာပင် ခန္ဓာကိုယ်ကို ချာခနဲလှည့်





လိုက်၏။ တဆက်တည်းမှာပင် ခါး၌ချိတ်ဆွဲထားသော ဓါးအိမ် ထဲရှိဓါးကိုဆွဲထုတ်ပြီး ဝက်ဝံနက်ကြီး၏ ဝမ်းဗိုက်ကို ထိုးစိုက်လိုက် ၏။

"ဂါး. . ဂါး"

ဝက်ဝံနက်ကြီးက အဂ္ဂကို ဖမ်းဆုပ်ဆွဲကိုင်ပြီး မြှောက် ယူလိုက်၏။ သူ၏လက်သည်းကြီးများကအဂ္ဂ၏ ပခုံးသားထဲသို့ နစ်ဝင်သွားသဖြင့် အဂ္ဂနာကျင်ထိတ်လန့်စွာ အော်ဟစ်ညည်းညူ မိ၏။

ဝက်ဝံနက်ကြီးက မာန်ဖီရင်း အဂ္ဂကို သူ၏ပါးစပ်နားသို့ မြှောက်ယူ၏။

ဝက်ဝံနက်ကြီး၏ ချွန်ထက်ရှည်လျားသော သွားစွယ်ကြီး တွေကိုအဂ္ဂမြင်တော့ အကြီးအကျယ် ကြောက်ရွံ့သွား၏။ ပူကိုကိုက်သတ်တော့မည်ကို နားလည်လိုက်သည်။

"ဝဏ္ဏရေ. . ငါ့ကိုကယ်ကြပါ. . ကျော်ထင်ရေ"

ပျားများကို မျှားခေါ်သွားကြသည့် ဝဏ္ဏနှင့်ကျော်ထင် ကိုအော်ခေါ်ရ၏။ ဝဏ္ဏနှင့်ကျော်ထင်ဆိုသော ၁၅-နှစ်အရွယ် ကောင်လေးများမှာ လမ်းပေါ်လျှောက်သွားနေခဲ့သော မိဘမဲ့ လေးများဖြစ်သဖြင့် အဂ္ဂကခေါ်ကာ စောင့်ရှောက်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂသည် အသည်းခိုက်မတတ်နာကျင်မှုကို ဂရုမစိုက်နိုင်သေးဘဲ အသက်ရှင်သန်ရေးအတွက် ကြိုးစာရုန်းကန်နေ၏။ သူ၏ခြေထောက်က ဝက်ဝံနက်ကြီး၏ ဝမ်းဗိုက်မှာစိုက်ဝင်နေသောဓါးကို ထိတွေ့မိသောအခါမှ သတိဝင်လာသည်။

သူသည်ဓါးရိုးထိပ်ကို ခြေဖြင့်အားကုန်ကန်ပစ်လိုက်၏။ ဓါးကဝက်ဝံနက်ကြီး၏ ဝမ်းဗိုက်တွင်းသို့ တဆုံးဝင်သွားသည်။

"ဂါး"

ဝက်ဝံနက်ကြီး၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားပြီး ယိမ်းယိုင်ပြိုလဲသွား၏။ ထိုစဉ် အဂ္ဂကသူကိုယ်နှင့်မကွာဆောင်ထားသော ဓါးမြှောင်ကိုခါးကြားမှ ဆွဲထုတ်၍ ဝက်ဝံနက်ကြီး၏ လည်မျိုကိုထိုးစိုက်လိုက်၏။ ယခုတစ်ချီတွင် ဝက်ဝံနက်ကြီးထံမှ ညည်းညူသံက မသဲမကွဲခပ်သဲ့သဲ့သာ ထွက်ပေါ်လာသည်။ အဂ္ဂကိုလည်း လွှတ်ချလိုက်၏။

"ဘုန်း"

အဂ္ဂမြေပေါ်သို့ ပြုတ်ကျကျချင်း ခန္ဓာကိုယ်ကိုလှိမ့်လျက်ဝက်ဝံကြီးနှင့် ဝေးရာသို့ရှောင်ထွက်သွားသည်။

သွေးရူးသွေးတန်း ဖြစ်နေသော ဝက်ဝံနက်ကြီးက ချက်ချင်းထပြီး အဂ္ဂထံပြေးလာသဖြင့်. . အဂ္ဂလူးလှိမ့်ထကာ





ပြေးရပြန်၏။ နောက်သို့လှည့်မကြည့်ဘဲ အားကုန်ပြေးရ၏။ သူမှာလက်နက်တစုံတရာ မရှိတော့သည့်အပြင် ဒဏ်ရာအပြင်းအထန်ရထားသဖြင့် ခုခံရန်အင်အားလည်း နည်းပါးနေပေပြီ။

ဝက်ဝံစက်ကလေးမှ မရပ်မနားဘဲ ပြေးရ၏။ အချိန်ကြာလာသည်နှင့်အမျှ အဂ္ဂ၏ဝေဒနာပိုဆိုးလာသည်မှာ မျက်လုံးတွေ ပြာဝေလာသည့်အထိပင်. . ။ ခြေကုန်လက်ပန်းကျနေသော်လည်း ကြောက်ရွံ့စိတ်ကြီးစိုးနေသဖြင့် ပြေးမြဲပြေးရင်းရုတ်တရက် သူ့ခြေထောက်များသည် မြေပြင်ကိုမနင်းမိဘဲခန္ဓာကိုယ်က အောက်သို့နိမ့်ဆင်းသွား၏။ ချောက်ထဲသို့ ကျသွားမှန်းကြောင်းနားလည်လိုက်သည်။

"အား"

အဂ္ဂထိတ်လန့်တုန်လှုပ်စွာ အော်မိ၏။ မျက်စိကို စုံမှိတ်ထားလိုက်သည်။ သူ၏ခန္ဓာကိုယ်သည် သစ်ကိုင်းသစ်ခက်များကို ကျိုးပဲ့လျက် အောက်သို့အလွန်လျင်မြန်စွာထိုးဆင်းသွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုကျုပ် သေပြီလို့ ကျိန်းသေတွက်ထားခဲ့တာ မထင်မှတ်ဘဲ ချောက်ထဲမှာ လူသားတွေ ရှိနေခဲ့တယ်၊ တကယ့်ကို မယုံကြည်နိုင်စရာပါပဲ. ."

အဂ္ဂ၏မျက်လုံးအစုံကလက်ဖြာနေ၏။

"အဲဒီချောက်ကြီးထဲမှာ ကျုပ်အတွက်ကံကောင်းမှုတွေစောင့်ကြိုနေခဲ့တယ်"

စောနန္ဒသည် အဂ္ဂ၏ဇာတ်ကြောင်းကို နားလည်သိရှိသွား၏။ အဂ္ဂ၏ရည်ရွယ်ချက်ကို သိရပြီဖြစ်သောကြောင့် ရေမြေရှင် သုရမ္မာရာဇာမင်းအတွက် စိုးရိမ်ပူပန်လာမိသည်။ ရမ္မာပူရမြို့သူမြို့သားပေါင်း သုံးရာကျော်လောက်ကို ငါးနှစ်အတွင်း တိတ်တဆိတ်ခေါ်ယူ၍ သိန်းငှက်မြို့တော်ကို ထူထောင်နိုင်သော အဂ္ဂ၏အရည်အချင်းကို စောနန္ဒအလေးမထားဘဲ မနေနိုင်ပါချေ။

"ဒါနဲ့ ခင်ဗျားဘယ်လိုနည်းနဲ့ လူတွေစုခဲ့တာလဲ လူတွေဟာ လောကကြီးထဲက ချက်ချင်းပျောက်ကွယ်သွားသလို ပျောက်သွားကြတာတယ်၊ ဘာသဲလွန်စမှ မကျန်ခဲ့ဘူး အဲဒါကို ကျုပ်အံ့ဩနေတာ"

"ဟား. . ဟား. . ဟား. . မင်းအံ့ဩတာ မဆန်းပါဘူး



လေ မင်းတို့ရမ္မာပူရမြို့ထဲမှာ အဲဒီကိစ္စကို မအံ့ဩတဲ့လူတစ်ယောက်မှ ရှိမှာမဟုတ်ဘူး ထင်တယ်"

"အဲဒီလျှို့ဝှက်ချက်ကို ကျုပ်သိချင်တယ်"

အဂ္ဂ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။

"အဓိကတော့ ကျုပ်ဖော်စပ်ထားတဲ့ တစ်နေ့တာမေ့ဆေးအစွမ်းကြောင့်လို့ ပြောရမယ်"

"တစ်နေ့တာ မေ့ဆေးအစွမ်းဟုတ်လား"

"ဟုတ်တယ်. . အဲဒီမေ့ဆေးမှုန့်တွေကို ရှူသွင်းမိတဲ့လူဟာ တစ်ရက်တိတိသတိလစ်မေ့မြောသွားတယ်၊ အဲဒီအချိန်အတွင်း သူ့ကိုဘယ်လိုပဲ နာကျင်ထိခိုက်အောင် လုပ်လုပ်. . လုံးဝမနိုးတော့ဘူး. . မေ့ဆေးအစွမ်းပယ်သွားမှ သတိရလာတာ အဲဆေးမှတ်တမ်းထဲမှာ ဖတ်ရတာကတော့ အဲဒါပဲ ဒါပေမယ့် ကျုပ်လက်တွေ့အသုံးချပြီးတဲ့အခါမှာတော့ တစ်နေ့တာမေ့ဆေးရဲ့ တခြားအစွမ်းသတ္တိတစ်မျိုးကို ထပ်တွေ့ရတယ်"

"ဘာလဲ"

"တစ်နေ့တု မေ့ဆေးအစွမ်းပျယ်လို့ သတိရလာတဲ့လူဟာ ကိစ္စအတော်များများကို မေ့လျော့နေကြတယ်၊ တချို့ဆိုကိုယ့်နာမည်တောင် ကိုယ်မမှတ်မိကြဘူး အဲဒီအချိန်မှာ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှကိစ္စအားလုံးကို သူတို့ကယုံကြည်လက်ခံသွား ကြတယ်”

စောနန္ဒမှာ ထိတ်လန့်တုန်လှုပ်မှုနှင့်အတူ ပဟေဠိအဖြေမှန်ကို သိရှိနားလည်လိုက်ပေပြီ။ တစ်ဆက်တည်းမှာပင် မိသဇ္ဈာ၏ ပြောင်းလဲမှုအပေါ် အံ့ဩစိတ်ပျောက်ကွယ်သွား၏။ အဂ္ဂကဲ့သို့ ကြောက်စရာလူမျိုးလက်ထဲကိုမှ ဆေးကျမ်းရောက်သွားသည့် ကံကိုကြိတ်၍အပြစ်တင်မိသည်။

“အဲဒီဆေးကျမ်းကို ခင်ဗျားဘယ်လိုရခဲ့တာလဲ”

“အင်း. . ဒီကိစ္စတွေမှာ ကျုပ်ဆက်ပြောပြပါ့မယ်”

အဂ္ဂက အားရကျေနပ်သော မျက်နှာပေးဖြင့် တံခါးဝမှတစ်ဆင့် အပြင်ဘက်လမ်းမကြီးပေါ်တွင် ကစားနေကြသော ကလေးငယ်လေးများကို လှမ်းကြည့်ရင်းပြုံး၏။ သူ၏မျက်လုံး အိမ်ပေါ်ရှိ ကလေးငယ်များ၏အရိပ်များမှာ မှုန်ဝါးပျောက်ကွယ်သွားပြီး အတိတ်ကာလမှ အရိပ်ဟောင်းများ ထင်ဟပ်လှုပ်ရှားလာလေသည်။

* * *

အဂ္ဂသည် သတိဝင်လာလာချင်း တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတာကို သတိပြုမိလိုက်၏။ ချောက်တစ်ခုထဲ ပြုတ်ကျခဲ့တာကို မှတ်မိသွားသောအခါ စိုးရိမ်မှုတစ်မျိုးက ရင်ထဲ





ဝင်လာသည်။

“ငါ. . ငါ. . သေသွားပြီထင်တယ်”

သူကလေးလံနေသော မျက်ခွံတွေကို အတင်းပင့်တင်လိုက်၏။ ထိုအခါ. . . သူ့မျက်နှာကိုငုံ့ကြည့်နေသော လူတစ်ယောက်ကို တွေ့ရ၏။ ပထမတော့ မပီဝိုးတဝါးတွေ့ရပြီး တဖြည်းဖြည်းမြင်ကွင်းကြည်လင်လာမှ ထိုလူမှာရသေ့ကြီးတစ်ပါး ဖြစ်တာကို ပီသထင်ရှားစွာမြင်ရသည်။

“သတိရလာပြီလား မောင်ရင်”

အဂ္ဂက ခြောက်သွေ့အက်ကွဲနေသော နှုတ်ခမ်းအစုံကို ဖွင့်ပြရင်း ခေါင်းညိတ်ပြလိုက်သည်။ သူမသေမှန်းကို သိလိုက်ရပေပြီ။

သူ၏ကယ်တင်ရှင် ရသေ့ကြီးက သူ၏နှုတ်ခမ်းပေါ်သို့ ရေစက်များချပေး၏။ သူသည်အငမ်းမရ စုပ်ယူမြိုချပြီးနောက် အတန်ငယ်လန်းဆန်းလာ၍ စကားပြောနိုင်လေသည်။

“ကျေးဇူးတင်လိုက်တာ ရသေ့ကြီးရယ်. . ကျွန်တော့်နာမည်က အဂ္ဂပါ ဝက်ဝံနက်ကြီးရန်က လွတ်အောင်ပြေးရင်း ချောက်ထဲကျလာတာ”

“ဝက်ဝံနက်ကြီးက လူလေးလက်ချက်ကြောင့် သေသွား



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ. . ကဲဒီမှာ မင်းသောက်ရမယ့်ဆေးရည် လိမ်းဆေးတော့ ထည့်ပေးပြီးပြီ စားစရာကတော့ သစ်သီးတွေပဲရှိတယ်၊ မင်းကြိုး စားထပြီး စားသောက်လိုက်ပါဦး"

အဂ္ဂအနည်းငယ်တော့ အံ့ဩသွား၏။ လူ့ဗမာတစ်ယောက် အားကိုယ့်ဘာသာထ၍ စားသောက်ရန်ပြောပြီးသည်နှင့် လှည့် ထွက်သွားသော ရသေ့ကြီး၏နောက်ကျောကိုငေးကြည့်ရင်း ကျန်ခဲ့၏။

"ဒီရသေ့ကြီးပုံစံက ငါ့ကိုလိုလားပုံမရဘူး. . ဘာဖြစ်လို့ ပါလိမ့်. . အင်းလေ. . တရားကျင့်တဲ့ပုဂ္ဂိုလ်တွေက ဒီလိုပါပဲ"

သူသည်ကုတင်ပေါ်မှ ဆင်းပြီး ဆေးရည်နှင့်သစ်သီး များရှိနေသော စားပွဲအနီးသို့ ဖြည်းဖြည်းချင်းလျှောက်သွား၏။ ခြေလှမ်းတစ်လှမ်းလှမ်းတိုင်း ဒဏ်ရာတွေက တိုး၍နာကျင်လာ ၏။ စားပွဲနဘေးက ထိုင်ခုံတစ်လုံးပေါ်မှာ ထိုင်မိတော့ ခန္ဓာကိုယ် တစ်ခုလုံးချွေးများရွှဲနေပေပြီ။ နာကျင်လွန်းသဖြင့် ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေသည်။

"တောက်. . ဒီရသေ့တော့လေ. . သူယူပြီး ကုတင် ပေါ်တင်ပေးသွားရင် ဘာဖြစ်မှာမို့လို့လဲ"

အဂ္ဂဒေါသကို ထိန်းရင်းငြိမ်သက်နေလိုက်သည်။



အတန်ကြာမှ အနည်းငယ်သက်တောင့်သက်သာဖြစ်လာသဖြင့် ဆေးရည်ခွက်များကို သောက်ပြီး သစ်သီးများကို စားလိုက်၏။ ထို့နောက်. . လမ်းလျှောက်ရင်း ခံစားရမည့် ဝေဒနာကို တွေး ကြောက်မိသဖြင့် ကုတင်ကြီးထံချက်ချင်း ပြန်မသွားသေးဘဲ မျက်စိရှေ့မှာရှိနေသော စာအုပ်ထူကြီးကို ဆွဲဖတ်မိ၏။

ဆေးဆရာတစ်ဦး၏ မှတ်တမ်း (တစ်နည်းအားဖြင့် ဆေးကျမ်း)ဖြစ်၏။ သူ့စိတ်မဝင်စားသော်လည်း ပျင်းပျင်းနှင့် လျှောက်ဖတ်နေမိ၏။ ထိုဆေးကျမ်းကို ပြုစုခဲ့သည့် သမားတော် ကြီးမှာ လူ့ခန္ဓာကိုယ်ကို ခွဲစိပ်ကုသပေးနိုင်သည်အထိ တတ်ကျွမ်း ၏။ ခွဲစိတ်ကုသခြင်းကို ခံယူရမည့်လူနာအတွက် 'တစ်နေ့တာ မေ့ဆေး'ကို ရှာဖွေဖော်စပ်ခဲ့သည်။ မေ့ဆေးနံ့ကို ရှူမိသော်လည်း မေ့သွားခြင်းမရှိဘဲ ခွဲစိတ်မှုများ ပြုလုပ်နိုင်ရန် သောက်ဆေး တစ်မျိုးကိုလည်း ဖန်တီးနိုင်ခဲ့၏။ ထို့ပြင်မေ့ဆေးမှုန့်များကို လိုအပ်သည်ထက်ပို၍ ရှူရှိုက်မိသောအခါ တစ်ရက်ထက်မက မေ့မြော၊နေတတ်ကြောင်းနှင့်ထိုအချိန်မျိုးတွင် လူနာကိုတိုက် ကျွေးရမည့် ဆေးမှုန့်ဖော်စပ်နည်းကိုပါ မှတ်တမ်းပြုစုထားခဲ့ လေသည်။

အလင်းရောင်က မှိန်ကျသွားသဖြင့် အဂ္ဂကဆေးကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပိတ်ပြီး နေရာတကျပြန်ထားလိုက်၏။ ထိုစဉ် . . ခြေသံနှင့် အတူအခန်းထဲသို့ ရသေ့ကြီး ရောက်ရှိလာ၏။ ရသေ့ကြီးက ကြေးဝါလင်ဗန်းတစ်ချပ်ကို ကိုင်ဆောင်လာသည်။

လင်ဗန်းထဲ၌ သစ်သီးစလံမျိုးစုံနှင့်အတူ အငွေ့တထောင်းထောင်းထနေသောဆေးရည် တစ်ပန်းကန်လုံးပါ၏။

"ကဲ . . ရော့ . . စားစရာရှိတာစား . . သောက်စရာရှိတာသောက် . . ပြီးရင်အိပ်ပျော်အောင်အိပ်ပေတော့"

ရသေ့ကြီးက ထိုသို့ပြောရင်း မနက်က ချန်ခဲ့သော လင်ဗန်းနှင့်ပန်းကန်လုံးတို့ကိုမပြီး ထွက်သွားဟန်ပြင်သည်။

အဂ္ဂက ကပျာကယာဟန့်တားလိုက်၏။

"နေပါဦး ဘရသေ့ရယ် . . ကျွန်တော်တို့ စကားလေး ဘာလေးပြောကြရအောင်"

"ကျုပ်မှာ အချိန်မရှိဘူး မောင်ရင် မင်းအတွက် အားလုံး ပြည့်စုံအောင် ကျုပ်စီစဉ်ပေးထားတယ်၊ မင်းအမြန်ဆုံး ကျန်းမာ အောင်ကြိုးစားပါ ကျန်းမာတာနဲ့ ဒီချောက်ထဲက ထွက်သွားပေး ချည် . ."

ရသေ့ကြီးက ခပ်ပြတ်ပြတ်ပြောပြီးသည်နှင့် ထွက်သွား ပြန်သည်။





အဂ္ဂအောက်သက်သက်ဖြင့် ဘာကိုမကျေနပ်ဖြစ်ရမှန်း မသိဘဲ ကျန်ခဲ့ရ၏။ အတန်ကြာမှ . . ဆေးရည်သောက်ပြီး သစ်သီးတွေစားလိုက်သည်။

အေးစိမ့်သောလေတွေက ပြတင်းတံခါးကို ဖြတ်၍ တိုက်ခတ်ဝင်ရောက်လာ၏။ အဂ္ဂပြတင်းတံခါးနားသို့ ဖြည်းဖြည်း ချင်းလျှောက်သွားပြီး အပြင်သို့ကြည့်လိုက်သည်။ သစ်လုံးအိမ် အိုဟောင်းတွေကို တွေ့ရ၏။

"အိမ်ထဲမှာ လူတွေလည်း မရှိပါလား . . ရသေ့ကြီး ကတော့ ဒီအိမ်ထဲမှာနေတာမှ ဟုတ်ရဲ့လားမသိဘူး"

သူသည်သူ့ကို လိုလားနှစ်သက်ဟန် မပြဘဲ ဆေးကုသ ပေးနေသော ရသေ့ကြီးအကြောင်းကို စဉ်းစားရင်း ပြတင်းတံခါး ကိုပိတ်ပြီး ကုတင်ဆီလျှောက်သွားလေတော့သည်။

* * *

"မင်း. ဒီအိမ်ထဲမှာပဲ နေပါ . . ဘယ်မှလျှောက်မသွားနဲ့ အပြင်ကိုလုံးဝမထွက်ရဘူး . . အကောင်းပကတိ ကျန်းမာလာ အောင်ကြိုးစားစမ်းပါ . ."



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးသည် အဂ္ဂကိုအထက်ပါစကားများသာ အထပ်ထပ်ပြောဆိုပြီး ကျန်သည့်ကိစ္စမှန်သမျှကို မပြောချေ။ အဂ္ဂကမေးလျှင်လည်း ဖြေကြားခြင်းမပြု။ ယုတ်စွအဆုံးနာမည်ကိုပင် မပြောပေ။

ဤသို့ဖြင့်. . .

ရက်ကြာလာသည်နှင့်အမျှ အဂ္ဂမှာ လှုပ်ရှားသွားလာနိုင်၏။ သို့သော်မကျန်းမာသေးဟန်ဆောင်ပြထားသည်။

အကြောင်းကား. . .

အဂ္ဂသည် ရသေ့ကြီးလှုပ်ရှားပြောဆိုပုံတွေမှာ လျှို့ဝှက်ဖုံးကွယ်ထားသည့် အမူအရာမျိုးတွေကို ကောင်းကောင်းသတိပြုမိလိုက်သဖြင့်. . စိတ်ဝင်တစားစုံစမ်းစူးစမ်းလိုသောကြောင့်ဖြစ်၏။

"ရသေ့ကြီးက ငါ့ကိုအမြန်ဆုံး ထွက်သွားစေချင်တာဟာ အကြောင်းထူးတော့ရှိမှာပဲ"

ထိုအတွေးဖြင့် အဂ္ဂတစ်ယောက်သည် ရသေ့ကြီးရှေ့၌ ကောင်းကောင်းမသွားလာနိုင်သေးဟန်ဆောင်ပြီး ရသေ့ကြီးနောက်သို့ ခိုးကြောင်ခိုးဝှက် လိုက်လံချောင်းတော့သည်။

ထိုအခါ. . .





ရသေ့ကြီးအမည်မှာ ဦးစိန္တာဖြစ်ပြီး သူနှင့်အတူတွေ့ရသည့်ဖနီးမောင်နှံနှစ်ယောက်မှာ ဝိမနနှင့် အိုပန်းနွယ်ဖြစ်ကြောင်းသိရသည်။

အဂ္ဂသည် အိုပန်းနွယ်ကိုမြင်မြင်ချင်း ကြီးစွာသောတက်မက်မှုဖြစ်ပေါ်လာ၏။ ဤနေရာဆန်းလေးမှ တစ်ဖဝါးမှပင်မခွာချင်တော့ပေ။ ရသေ့ကြီးက သူ့ထံက ပြန်သည်နှင့်နောက်ကလိုက်သွားပြီး အိုပန်းနွယ်ကို တစ်ချိန်လုံးငေးမောရင်း တွေဝေစဉ်းစားနေတတ်သည်။

"သူ့ဆီမှာ လင်ယောကျ်ားရှိနေတာက အခက်ပဲ ဒီဝိမနဆိုတဲ့ကောင်ကို ငါသတ်ပစ်ချင်လိုက်တာနော်. . ငါဝိမနကိုလုပ်ကြံပြီး အိုပန်းနွယ်ကို သိမ်းပိုက်လိုက်ရင် ကောင်းမလားအင်း. . ငါ့အသက်ကိုကယ်တင်ထားတဲ့ ကျေးဇူးရှင်ရသေ့ကြီးကလည်း ရှိသေးတယ်၊ ငါဘယ်လိုလုပ်ရပ့ါမလဲ"

သူ၏ရင်တွင်း၌ စိတ်ကောင်းနှင့်စိတ်ယုတ်မာလွန်ဆွဲရင်းရက်တွေကုန်လာခဲ့၏။ တစ်ညမှာတော့ သူခိုင်လုံသော ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ခဲ့သည်။

ထိုည၌အဂ္ဂသည် မာလကာပင်ကြီးပေါ်၌ တွဲလျှောင်းချထိုင်ရင်း ဝိမနနှင့် အိုပန်းနွယ်တို့၏အိမ်လေးကို ရှိုးစေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံဖြင့် ငေးမောကြည့်နေသည်။

ထိုစဉ်. . ရုတ်တရက်. . .

အိမ်တံခါးပွင့်သွားပြီး မီးရောင်တွေထွက်ပေါ်လာ၏။ အင်္ဂကခြေနှစ်ဖက်ကို သစ်ကိုင်းပေါ်သို့ အလျှင်အမြန်တင်လိုက်၏။

မီးအိမ်တစ်လုံးအား ဆွဲရင်းအိမ်ထဲမှ ထွက်လာသူမှာ အိုပန်းနွယ်ဖြစ်ကြောင်း မြင်တော့အင်္ဂစိတ်လှုပ်ရှားသွား၏။

အိုပန်းနွယ်က မီးစာကိုမြှင့်ပြီး အိမ်ပေါက်ဝမှာ ရပ်နေသောဝိမနကို မော့ကြည့်လိုက်သည်။

"လာပါ. . အစ်ကိုရယ်. . အိုပန်းနွယ်သေချာအောင် ထပ်ကြည့်ချင်လို့ပါ ကံကြမ္မာဆိုတာ ကိုယ့်ရဲ့လုပ်ရပ်ပေါ်မူတည်ပြီး ပြောင်းလဲကောင်းပြောင်းလဲနိုင်တယ်တဲ့ အခုအိုပန်းနွယ်တို့ကောင်းမှုတွေပြုခဲ့ပြီးပြီလေ. . အခုချိန်ထိလဲ ဘာမှမထူးခြားဘူးဆိုတော့မကောင်းတဲ့စိတ်တွေ လွင့်ပါးသွားပြီ ထင်ပါရဲ့"

"ဟုတ်တာပေါ့. . ညီမထင်တာ မှန်မှာပေါ့ စိတ်ပင်ပန်းမခံပါနဲ့ကွယ် ညီမကိုယ်စားအစ်ကိုပင်ပန်းလိုက်တာ လာ. . အနားယူတော့နော်"

ဝိမနက အိုပန်းနွယ်ကို သနားဂရုဏာသက်စွာဖြင့်





ဖေးမ၍အိမ်ထဲသို့ ပြန်ဝင်ခိုင်း၏။ အိုပန်းနွယ်က ချက်ချင်းရုန်းဖယ်ပစ်လိုက်သည်။

"သွား. . အစ်ကိုမလိုက်ချင်လဲနေခဲ့. . ."

အိုပန်းနွယ်က ဇွတ်ထွက်သွားသဖြင့် ဝိမနလိုက်ပါသွားရ၏။

အင်္ဂကလည်း သူတို့၏ထူးခြားသော ဟန်မူရာများကြောင့် စိတ်ဝင်တစားဖြစ်ကာ တိတ်တဆိတ်လိုက်ပါသွားသည်။

အိုပန်းနွယ်နှင့်ဝိမနတို့သည် ညလင်းပုလဲရှိနေသော လျှို့ဝှက်ဂူထဲသို့ ဝင်ကာအနာဂတ်အခြေအနေကို အရိပ်အမြွက်ပြနိုင်သည်ဆိုသော ကြေးမုံပြင်ရှေ့၌ ရပ်တန့်လိုက်ကြသည်။ ကြည်လင်သော ကြေးမုံပြင်မှာ တဖြည်းဖြည်း အနီရောင်လွှမ်းလာ၏။

"ကြည့်စမ်း. . . ဒီတစ်ခေါက် အရောင်ဟာ အရင်ကလောက်မနီတော့ဘူးတွေ့လား"

အိုပန်းနွယ်က စိတ်လှုပ်ရှားစွာဖြင့် အော်လိုက်၏။

ထို့နောက်. . . သူမသည် ဝိမန၏လက်မောင်းကို ဖက်တွယ်ရင်းလျှို့ဝှက်ဂူထဲမှ ပြန်ထွက်သွားခဲ့သည်။

ယခုတစ်ချိန်၌. . . အင်္ဂသည် အိုပန်းနွယ်နေအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်မသွားပါ။ သူမြင်ခဲ့ရသော လှို့ဂှက်ဂူတွင်းရှိ ရတနာပုံများကိုပြန်လည်မြင်ယောင်နေမိ၏။

"ရတနာတွေ. . . ရတနာတွေ အများကြီးပါလား. . . ဒီရတနာတွေကိုသာ ငါရရင် တိုင်းပြည်တစ်ခုကို အသာလေး ထူထောင်နိုင်တယ်. . ဟုတ်တယ် ငါ့ရဲ့အိပ်မက်ကို အသက်သွင်းနိုင်တော့မယ်"

အဂ္ဂသည် စိတ်လှုပ်ရှားဝမ်းမြောက်လျှက် လှို့ဂှက်ဂူကိုဖွင့်ရန် ကြိုးစားစစ်ဆေးကြည့်သော်လည်း ဘာမှမထူးခြားသဖြင့် မချင့်မရဲ ဖြစ်သွား၏။ ထို့နောက်. . . သူသည် အကြံအစည်များကို တွေးတောစီစဉ်ရင်း သစ်လုံးအိမ်ကြီးဆီသို့ ပြန်၍အိပ်လိုက်သည်။

နောက်တစ်နေ့၌ သူသည်ရသေ့ကြီးအား နှုတ်ဆက်ကန်တော့ပြီး ချောက်ထဲမှ ပြန်တက်သွားလေတော့သည်။

* * *

အဂ္ဂရွာထဲသို့ ဝင်လိုက်သည်နှင့် ရွာသူရွာသားအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဟော့. . အဂ္ဂ ပြန်လာပြီဟော့ အဂ္ဂ ဘာဖြစ်နေလို့လဲ"





"ငါတို့အားလုံး မင်းကိုစိတ်ပူနေကြတာ မင်းဘယ်ရောက်နေလို့လဲ"

ရွာသားများက ပိုင်းမေးသမျှကို ဖြေကြားနေရစဉ်. . ဝဏ္ဏနှင့်ကျော်ထင်တို့ကပြေးလွှားလာကာ သူ့ကိုပွေ့ဖက်ကြသည်။

"အစ်ကိုကြီး. . ."

သူတို့၏ခေါ်သံများက တုန်ခါ၍ ကျယ်လောင်လွန်း၏။

"အစ်ကိုကြီးကို ကျုပ်တို့ အမြဲရှာနေကြတာ. . ဝက်ဝံနက်ကြီးရဲ့အလောင်းကိုတွေ့ကတည်းက အစ်ကိုကြီးအသက်ရှင်နေဆဲပဲဆိုတာကို ကျုပ်သိတယ်"

ဝဏ္ဏက ဝမ်းသာအားရပြောတာကို ကျော်ထင်က ပျော်ရွှင်စာ အော်ဟစ်ရယ်မောရင်း ခေါင်းညိတ်ထောက်ခံလေသည်။

"ဟုတ်တယ်. . အစ်ကိုကြီးကို ဉာဏ်ကောင်းပြီး သူရသတ္တိနဲ့ပြည့်စုံတဲ့လူက တိရစ္ဆာန်တစ်ကောင်ကြောင့်နဲ့တော့ ဘယ်သေနိုင်ပါ့မလဲ. . အစ်ကိုကြီးဒဏ်ရာတွေတော့ ရခဲ့တယ်မဟုတ်လား"

"အေး"

"ကျုပ်တို့ သွေးစက်တွေကို ခြေရာခံပြီး လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ် နောက်ပိုင်းမှာရှာမတွေ့တော့လို့”

“တောကောင်တွေ လျက်သွားလို့ဖြစ်မှာပေါ့. . ဒဏ်ရာကတော့ မသေးဘူး. . ကဲ. . လာ. . လာ အဲဒီအကြောင်းတွေကို ကျုပ်ပြောပြမယ်၊ သြော်. . လူမှမစုံသေးဘဲ ညနေကျမှ အားလုံးလာခဲ့ကြ ကျုပ်မဟာစီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော်တော့မယ်”

အဂ္ဂသည် ဝဏ္ဏာနှင့်ကျော်ထင်ကိုဖက်ရင်း ရွှင်လန်းတက်ကြွစွာဖြင့် နေအိမ်သို့ ပြန်ခဲ့သည်။ အိမ်ပေါ်တက်တက်ချင်း မပီသသောအသံများကို ကြားရ၏။

“ဘာသံတွေလဲ”

“သိန်းငှက်ပေါက်လေးတွေရဲ့အသံပါ. . ကျော်ထင်ယူလာတာလေ”

“ဟုတ်တယ်. . ဒီသိန်းငှက်ပေါက်လေးတွေကို ကျီးကန်းတွေသုတ်မလို့ကြိုးစားနေတာ သိန်းငှက်အဖိုနဲ့အမကလည်း ကျီးကန်းတစ်အုပ်ကြီးကို တိုက်ခိုက်နေကြတာ အတော်ကြည့်ကောင်းတယ်. . နောက်တော့ ကျီးကန်းတွေ ထပ်ရောက်လာတယ်၊ ကျုပ်လဲမနေနိုင်တော့တာနဲ့ သစ်ပင်ပေါ်တက်ပြီး ခေါ်လာတာ ဒီကောင်တွေ သိပ်ကံကောင်းတယ်. . သူတို့ကို သူတို့မိဘတွေက



အသက်ပေးကာကွယ်ကြရှာတယ်နော်”

မိဘမဲ့ကလေးဖြစ်သော ကျော်ထင်၏စိတ်ခံစားချက်ကို အဂ္ဂနားလည်ပေးနိုင်ပါ၏။

“ကျော်ထင်. . မင်းငါ့ကို အစ်ကိုကြီးတစ်ယောက်လို ထက်ဖခင်တစ်ယောက်လို သဘောထားစမ်းပါ”

ဝဏ္ဏာနှင့်ကျော်ထင်တို့က အဂ္ဂကို အားကိုးတကြီးမော့ကြည့်ရင်း ပြုံးကာခေါင်းညိတ်ပြကြသည်။

ထိုစဉ်. . .

“ဂီး. . ဂီး. . . ဂီး. . ”

“ဖြန်း. . ဖြန်း. . ဖြန်း. . ”

သိန်းငှက်နှစ်ကောင်သည် အိမ်ထဲသို့ပျံဝင်လာပြီး ငှက်ပေါက်လေးများရှိနေသော သစ်သားဘုံးကြီးထဲသို့ ဝင်သွားကြသည်။ ငှက်ပေါက်စလေးတွေအသံကပို၍ ကျယ်လောင်လာကြ၏။ နောက်တော့ တိတ်သွားကြ၏။

“ဒီကောင်တွေက အတော်လေး အသိဉာဏ်ရှိကြတယ်၊ သူတို့ကလေးတွေကို ပြန်မခေါ်သွားကြဘူး. . ကျုပ်တို့နဲ့ပဲ အတူနေနေကြတာ အစ်ကိုကြီးရဲ့”

ကျော်ထင်က သိန်းငှက်ဖိုကြီး၏ဦးခေါင်းကို ပွတ်သပ်

www.burmeseclassic.com

www.burmeseclassic.com



**ရင်း နှုတ်ကျွမ်းပြောဆိုနေ၏။ သိန်းငှက်ဖိုကြီး၏ ဖူးရဲသောမျက်လုံး များကအဂ္ဂကိုစူးစိုက်ကြည့်နေကြသည်။**

အဂ္ဂသဘောကျသွားသည်။

"မဆိုးဘူး. . . ဒီကောင်တွေ မင်းတို့နဲ့ အတော်လေး ယဉ်ပါးနေပြီပဲ၊ သိန်းငှက်ဆိုတဲ့ တိရိစ္ဆာန်ဟာ လေ့ကျင့်ပေးတတ်ရင် အတော်ကို အသုံးဝင်မှာပဲ၊ ဟုတ်ပြီ သူတို့ကို ငါတို့ ကောင်းကောင်းအသုံးချရမယ်. . . သိန်းငှက်မြို့တော်တစ်ခုကို ငါတို့ တည်ထောင်ကြပါစို့"

* * *



BURMESE CLASSIC .com

## အခန်း (၁၀)
## "အသက်ကယ်ခြင်း၏ရလဒ်"

ဝိမနနှင့် အိုပန်းနွယ်တို့သည် စမ်းချောင်းကလေးနံဘေး၌ သမင်လေးများနဲ့အတူ ရှိနေ၏။ ဝိမနက ဝါးကျည်တောက်တွေကို ရေဖြည့်ပြီးမှ အိုပန်းနွယ်က သစ်သီးတွေကို ရေဆေးပြီး လင်ဗန်းလေးထဲသို့ စနစ်တကျထည့်သည်။

ထိုအချိန်ကျမှ သမင်လေးများက ရေသောက်ကြ၏။

ရုတ်တရက်. . . အော်သံများနှင့် ခြေသံတွေ လုံးထွေး ထွက်ပေါ်လာ၏။ မလှမ်းမကမ်းရှိ ကျောက်လှေကားကြီးတွေ ပေါ်မှ ထွက်လခြင်းဖြစ်သည်။

ဝိမနနှင့်အိုပန်းနွယ်တို့ အထိတ်တလန့်ဖြင့် မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြ၏။ ထိုအခါ. . . လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော ယောကျ်ားများ တဟုန်ထိုး ပြေးဆင်းလာတာကို တွေ့ရ၏။

သမင်များက သုတ်ခနဲ လှည့်ပြေးကြ၏။ ရောက်လာသူများမှာ ကောင်းသောလာခြင်းဖြင့် ရောက်လာခြင်း မဟုတ်ကြောင်းကို ဝိမန သတိပြုမိသည်နှင့် ချက်ချင်းပင်ဝါးကျည်တောက်များကို ပစ်ချပြီး ငေးကြောင်နေသော အိုပန်းနွယ်လက်ကိုဆွဲကာ ပြေးတော့သည်။

"ဒီလူတွေ ဘာကြောင့် ရန်လိုနေကြတာလဲ. . ရှင်သိလား. ."

အိုပန်းနွယ်က ပြေးလွှားရင်း မေးလိုက်သည်။ ဝိမနက အိုပန်းနွယ်၏ လက်ကို တင်းတင်းကြပ်ကြပ်ဆွဲကိုင်ဆုပ်ရင်း ပြေးနေသည်၏

"မသိဘူး. . . ဒီလျှို့ဝှက်နေရာလေးကို သိနေပုံထောက်တော့ ဘရသေ့ ကယ်ပေးခဲ့တဲ့ လူကြောင့်ဖြစ်မယ်. . . ကျုပ်တော့. . အနာဂတ်နိမိတ်ကိုပြနိုင်တဲ့ ကြေးမုံကြီးကို ပြန်မြင်နေမိတယ်"

ဝိမန စိုးရိမ်ထိတ်လန့်စွာပြော၏။ အိုပန်းနွယ်၏ရင်ထဲလေးလံလာသည်။ ပြေးရင်း နောက်လှည့်ကြည့်မိတော့ ပိုထိတ်



လန့်သွားရ၏။ ဓါးလွတ်ကိုယ်စီ ကိုင်ထားသော လူသုံးယောက်က သူတို့နှင့် အလွန်နီးကပ်စွာ လိုက်ပါလာနေသည် မဟုတ်ပါလော။

"ဘုရား. . . ဘုရား"

အဂ္ဂမှာ သူ့ကိုမျက်လုံးပြူးလေးဖြင့်ကြည့်ပြီး ဘုရားတရင်းပြန်လှည့်သွားသော အိုပန်းနွယ်၏ ကပိုကရိုအလှကို ကြည့်ရင်းပို၍စိတ်တက်ကြွလာသည်။

"မင်းတို့ သူတို့ကို ပန်းတက်နိုင်အောင် ကြိုးစားစမ်း"

ဝဏ္ဏနှင့်ကျော်ထင်ကို အော်ဟစ်အမိန့်ပေးလိုက်သည်။ ဝဏ္ဏနှင့်ကျော်ထင်တို့သည် အလွန်ဖျတ်လတ်သန်မာသော လူငယ်များဖြစ်ကြသည်။ သူတို့သည် တခဏချင်းမှာပင် ဝိမနနှင့်အိုပန်းနွယ်တို့ကို ကျော်တက်ပြီး လမ်းပိတ်ရပ်လိုက်နိုင်သည်။

"ဟိတ်. . မသေချင်ရင် ရပ်စမ်း"

"ရှေ့တစ်လှမ်းတိုးတာနဲ့ အခုတ်ခံရပြီသာမှတ်ပေတော့"

ဝိမနနှင့်အိုပန်းနွယ်တို့၏ ခြေလှမ်းများ တုန့်ခနဲရပ်တန့်သွားကြသည်။ သူတို့၏ တစ်ကိုယ်လုံး ချွေးများရွှဲနေပေပြီ။ ချွေးများဖြင့် စေးကပ်လျက်ရှိကြသော လက်များကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ရင်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ရှင်တို့ ဒါဘာလုပ်တာလဲ"

အိုပန်းနွယ်က ရန်ငြိုးရန်စမရှိပါဘဲ အန္တရာယ်ပြုလိုသည့် အသွင်ရှိနေကြသော လက်နက်ကိုင်ထားသည့်လူတွေကို မျက်လုံးဝိုင်းတွေဖြင့် ဝေ့ကြည့်ရင်းမေးသည်။

ထိုစဉ်. . .

ဝိမန်၏ လည်တိုင်ပေါ်သို့ ဓါးတစ်ချောင်း၏အသွားက လာကပ်၏။ ဓါးပိုင်ရှင်မှာ အဂ္ဂဖြစ်၏။ အဂ္ဂက ပေါ့ပါးရွှင်မြူးစွာ ရယ်မောပြီး. . .

"ဘာလုပ်မယ်ဆိုတာ အချိန်တန်တော့ သိရမှာပေါ့၊ အိုပန်းနွယ်ရယ်. . . လောလောဆယ်တော့ မကြာမီအချိန်ပိုင်းအတွင်း သေရတော့မယ့် ဒီကောင်ရဲ့လက်ကို လွှတ်လိုက်ပါ"

"ရှင် ဘာတွေပြောနေတာလဲ. . . ကျွန်မခင်ပွန်းက ရှင့်ကိုဘာများလုပ်ခဲ့ဖူးလို့တုန်း"

"ဒီလို လူပျော့လူညံ့က ကျုပ်အဂ္ဂကို ဘာလုပ်နိုင်မှာတဲ့လဲ၊ ဟော့ကောင်. . . အစောကြီးမသေချင်သေးရင် အိုပန်းနွယ်ရဲ့လက်ကိုလွှတ်လိုက်. . . လွှတ်လေကွာ"

အဂ္ဂက ပြောပြောဆိုဆိုဖြင့် အတင်းဆွဲဖြုတ်ပြီးနောက် ဝိမန်၏ ဒူးခေါက်ခွက်ကို ဖြတ်ကန်လိုက်၏။ ဝိမန်မှာ မြေပေါ်





ဒူးထောက်ကျသွား၏။ သူ၏ လည်ဂုတ်ပေါ်မှာ အဂ္ဂဓါးက ထိကပ်လျက်ရှိသည်။

ထိုစဉ်. . . အိုပန်းနွယ်ကို ဝဏ္ဏနှင့်ကျော်ထင်တို့က တဖက်တချက်မှ ချုပ်ကိုင်ထားပြီးပေပြီ။ အိုပန်းနွယ်က ရှိသမျှအားနှင့် ရုန်းကန်အော်ဟစ်နေ၏။

"လွှတ်. . ကျွန်မကိုလွှတ်၊ တောင်းပန်ပါတယ်ရှင်. . . ကျွန်မတို့ကို ရန်မပြုပါနဲ့၊ ရှင်တို့ဘာလိုချင်လို့လဲ"

"အိုပန်းနွယ် မကြောက်နဲ့ သူတို့ ကျုပ်တို့အပေါ် အထင်လွဲမှားနေတာ ဖြစ်ပါလိမ့်မယ်၊ ကျုပ်တို့မှာ မက်မောစရာ ဘာမှမရှိဘူး၊ သူတို့နဲ့ ရန်ငြိုးလဲမရှိခဲ့ဖူးဘူး၊ ကျုပ်တို့ကို အန္တရာယ်ဘာလို့ပေးရမှာလဲ. . ."

"ငါ့ကို လှည့်စားချင်တဲ့အကောင်. . မင်းကိုတော့ မှတ်လောက်သားလောက်အောင် ဆုံးမပြီးမှ သတ်ပစ်မယ်၊ ကဲဟာ. . . ကဲဟာ"

အဂ္ဂက ဓါးနောက်ဖြင့် ဝိမန်၏ဦးခေါင်းကို သုံးချက်ဆင့်ထုပြီးနောက် ခြေဖြင့်ကန်ကျောက်ထုနှက်လေသည်။

"အ. . အင့်. . အင့်"

"မလုပ်နဲ့. . အနိုင်မကျင့်ပါနဲ့၊ ကျွန်မ တောင်းပန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . .”

အိုပန်းနွယ်က ငိုရင်း အော်ဟစ်တောင်းပန် ရှုန်းကန်နေသည်။ ဝိမနမှာ ခေါင်းပေါက်သွားသည့် နေရာများကို လက်ဝါးဖြင့်ဖိအုပ်ရင်း အဂ္ဂ ထုရိုက်ကန်ကျောက်သမျှကို လှိမ့်ခံနေရ၏။

အဂ္ဂက မနာလိုခြင်းတွေဖြင့် ဝိမနကို စိတ်ကြိုက်နှိပ်စက်နေ၏။

“ငါ့ကိုများ လိမ်ချင်သေးတယ်၊ ဟိုဂူထဲမှာ ရတနာတွေ အများကြီးရှိတာ ငါမသိဘူးများ မှတ်နေသလား. . . ဟင်”

“ဩော်. . ရှင်က အဲ့ဒီပစ္စည်းတွေကို လိုချင်လို့ကို၊ ယူသွားကြပါ အလုံးယူသွားကြပါ. . ကျွန်မရဲ့ခင်ပွန်းကိုတော့ မနှိပ်စက်ပါနဲ့တော့”

အဂ္ဂက ဝိမနကို ဆံပင်က ဆွဲထူပြီး သူ၏လူများထံသို့ တွန်းပို့လိုက်၏။

သူ့လူများက ဝိမနကို ကျွမ်းကျင်စွာ ချုပ်ကိုင်ထားလိုက်ကြ၏။ ဝိမနမှာ သတိလစ်မေ့မြောနေပေပြီ။

အဂ္ဂက အိုပန်းနွယ်ရှေ့မှာ ရပ်တန့်လိုက်၏။

“အဲ့ဒီဂူရှေ့က ကျောက်တုံးကြီးကို ဖယ်ရှားနိုင်တဲ့



လျှို့ဝှက်ခလုတ်က ဘယ်နေရာမှာလဲ”

လူအများနှင့် ပေါင်းသင်းဆက်ဆံဖူးခြင်းမရှိသော အိုပန်းနွယ်က ချက်ချင်းပင် အဖြေမှန်ကိုပေးလေသည်။

“အဲ့ဒီကျောက်တုံးကြီးရဲ့အောက်ခြေက နေရာလွတ်မှာပါ. . .”

“မင်းစကားကို ကျုပ်ယုံကြည်ပါတယ်. . အိုပန်းနွယ်”

“ကျွန်မ မညာတတ်ပါဘူး၊ ရှင်တို့သွားယူကြပါတော့”

အဂ္ဂက အိုပန်းနွယ်၏ မျက်နှာလေးကို စူးစိုက်ကြည့်ရင်း ပြုံးကာ ခေါင်းညိတ်၏။

“သွားယူမှာပါ. . ဟိုကောင်ဝိမနကို ကိစ္စတုန်းပြီးတာနဲ့ သွားယူလိုက်ပါ့မယ်. .”

အိုပန်းနွယ်၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွား၏။

“အို. . ရှင့်ကို ကျွန်မအမှန်အတိုင်း ပြောပြီးပြီ. . အားလုံးယူသွားဖို့လဲ ခွင့်ပြုထားတာပဲ ဒါနဲ့တောင် ဘာလို့ဝိမနကို သတ်မှာလဲ”

အဂ္ဂက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။ ကောက်ကျစ်စဉ်းလဲသောအပြုံးဖြစ်သည်။

“ဘာလို့လဲဆိုတော့ ဝိမနဟာ ကျုပ်စွဲလမ်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ယောက်ျားဖြစ်နေလို့ပေါ့. . ”

“ဘာ”

အိုပန်းနွယ်၏ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော့သွား၏။ အဂ္ဂ၏သဘောထားကို သိရသည်နှင့် ပို၍တုန်လှုပ်ချောက်ချားသွားရသည်။

အဂ္ဂ၏မျက်နှာက ရုတ်ချည်းတည်သွားသည်။ သူက ခါးပြားကိုလက်ချောင်းများဖြင့် ပွတ်သပ်ရင်း အိုပန်းနွယ်ကို စေ့စေ့ကြည့်လိုက်သည်။

“မင်းဟာ ကနေ့ကစပြီး အဂ္ဂရဲ့ဇနီးဖြစ်ရမယ်”

သူကတစ်လုံးချင်း ပြောပြီးသည်နှင့် ချာခနဲလှည့်ပြီး ဝိမနထံသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

အိုပန်းနွယ်မှာ သည်းအူပြတ်မတတ် ထိတ်လန့်သွား၏။

“မလုပ်နဲ့. . သူ့ကိုမသတ်ပါနဲ့”

သူမ၏အသံမှာ ခြောက်သွေ့အက်ကွဲကာ တုန်ခါနေ၏။

ထိုစဉ် ရုတ်တရက်. . .

“အင်း. . ကျေးဇူးရှိမှ ကျေးစွပ်တယ်ဆိုတဲ့စကားက တယ်မှန်တာပဲ အခုတော့မင်းရဲ့အသက်ကို ကယ်တင်မိခဲ့တဲ့ အတွက်ရလဒ်က ဒါမျိုးလားအဂ္ဂ. . ဟင်”



ယူကျုံးမရဖြစ်ဟန်ရှိသည့် နောင်တစကားသံပိုင်ရှင်မှာ ရသေ့ကြီးဦးစိန္တာဖြစ်၏။ ဦးစိန္တာ၏မျက်လုံးအစုံသည် အဂ္ဂထံသို့ မမှိတ်မသုန်ကျရောက်နေ၏။

“မင်း. . သူ့ကိုမသတ်ဘဲ ချုပ်နှောင်ထားတာက ပိုအဆင်ပြေလိမ့်မယ် အသေအချာစဉ်းစားကြည့်ပါ”

အဂ္ဂက မျက်မှောင်ကြုတ်ရင်း ငြိမ်သက်သွား၏။

“အင်း. . ရသေ့ကြီးက မမှန်ကန်တဲ့စကားကိုတော့ မပြောလောက်ဘူး. . ဒီကောင့်ကိုချုပ်နှောင်ထားရင် ဘာအတွက် အသုံးဝင်နိုင်သလဲ အဲဟုတ်ပြီ သူ့ကိုသိပ်ချစ်တဲ့ အိုပန်းနွယ်ကို လိုသလိုကောင်းကောင်းထိန်းချုပ်ဖို့ အသုံးပြုရမှာပေါ့. . ”

ထိုသို့တွေးမိသည်နှင့် အဂ္ဂ၏မျက်လုံးအစုံမှာ အရောင်တောက်ပသွား၏။ သူကကျေနပ်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“ဟုတ်သားပဲ. . သူ့ကိုအသက်ဆက်ရှင်ခွင့် ပေးလိုက်မယ်. . ဘရသေ့နဲ့အတူ အဖော်ပြုခိုင်းရမှာပေါ့. . ကဲဟေ့. . သူနဲ့ဘရသေ့ကို နှောင်ကြိုးတုပ်ပြီး ဘယ်နေရာမှာ ချုပ်ထားမလဲ ဆိုတာကို လိုက်ရှာကြဒီက သစ်လုံးအိမ်တွေက နေလို့ရသေးတယ် အထဲမှာ အသုံးအဆောင်ပစ္စည်းတွေလဲ အဆင်သင့်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်. . အားလုံးလိုက်ကြည့်ရင်း ရှင်းလင်းကြစမ်း. . ”

အဂ္ဂ၏လူများက အဂ္ဂခိုင်းစေသည့်အတိုင်း တသွေမတိမ်း လုပ်ဆောင်ကြရာ အချိန်တိုအတွင်းမှာပင် ပြီးစီးသွားကြ၏။ ဦးစီးနွာနှင့်ဝိမနကို သေးငယ်တောင့်တင်းသော သစ်လုံးအိမ်တစ်ခုထဲမှာ ချုပ်နှောင်လိုက်ကြသည်။ ထိုအိမ်ရှိ ပြတင်းပေါက်အားလုံးကို အသေပိတ်ပြီး ဝင်ပေါက်,ထွက်ပေါက် တံခါးများ၌ အပြင်မှာ မင်းတုန်းကိုတပ်ဆင်လိုက်၏။

“အိမ်တွေက အများကြီးပဲ မင်းတို့ရဲ့မိသားစုတွေနဲ့ နေဖို့ အဆင်ပြေမယ့်အိမ်ကို ကိုယ့်ဘာသာရွေးနေကြ. . မိသားစုဦးရေ ပိုများတဲ့လူကို ဦးစားပေးပြီး ရွေးချယ်ခွင့်ပြုတယ်. . ”

အဂ္ဂ၏လက်အောင်ငယ်သားများက ပျော်ရွှင်တက်ကြွစွာဖြင့် အသံအမျိုးမျိုးအော်ဟစ်လိုက်ကြ၏။

အဂ္ဂက လက်နှစ်ဖက်မြှောက်ရင်း ဟန့်တားသည်နှင့် အသံအားလုံး တိတ်သွား၏။

“အခုချိန်ကစပြီး ကျုပ်တို့ဟာ လူချမ်းသာတွေဖြစ်သွားကြပြီ. . အစစအရာရာ ပြည့်စုံတဲ့မြို့တော်တစ်ခုကို ထူထောင်မယ်. . အားလုံးပဲ ကျုပ်ကိုကူညီပေးကြပါ. . ”

“ကူညီပါ့မယ်. . ”



“သူကြီး ခိုင်းသမျှလုပ်ပေးပါ့မယ်”

“ဟော့. . သူကြီးမဟုတ်တော့ဘူး. . အဂ္ဂမှာ ငါတို့ဘဝတွေကိုအရောင်ပြောင်းပေးနိုင်တဲ့ အရည်အချင်းကောင်းတွေ ကပြည့်ရှိတယ်. . ငါတို့ဒီနေ့ကစပြီး အရှင်သခင်လို့ပြောင်းခေါ်ကြပါစို့. . ”

အားလုံးက တက်ကြွစွာဖြင့် ကတိတွေပေးနေကြ၏။ အဂ္ဂကကျေနပ်အားရစွာပြုံးရင်းအိုပန်းနွယ်ကို လှည့်ကြည့်လိုက်သည်။

အိုပန်းနွယ်သည် တံခါးဘေးရှိချောင်းပေါက်ကလေးရှေ့ ရပ်တန့်နေသည်။ အိမ်ထဲရှိရသေ့ကြီးက သူမကိုနှစ်သိမ့်နေရာသည်။

“ဝဋ်ကြွေးရှိရင် ဆပ်ရတယ်. . လုံမလေး. . ဝဋ်ကြွေး ကျတဲ့နေ့ကို ဇကန်မုချရောက်ဦးမှာပါ. . အဲဒီနေ့ကို မျှော်လင့် ရင်း လုံမကောင်းကောင်းမွန်မွန်အသက်ရှင် နေသွားရမယ်နော် ...ားလား. . ”

“အဲဒီလိုနေ့မျိုး တကယ်ရောက်လာနိုင်ပါ့ဦးမလားရှင်”

“ဖြစ်ပြီးရင် ပျက်တတ်တာ လောကဓမ္မတာပဲလေ ကြံ့ကြံ့ ...ရင်ဆိုင်လိုက်စမ်းပါကွယ်. . . ”

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

အဂ္ဂက အိုပန်းနွယ်အနီးရောက်လာပြီး ဆတ်ခနဲကောက်ချီကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွား၏။ အိုပန်းနွယ်မှာ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ရုန်းကန်ရင်း ပါသွားလေတော့သည်။

* * *

"အဲ့ဒီနောက်ပိုင်းမှာ ကျုပ်ကစနစ်တကျ အစီအစဉ်တွေဆွဲတယ်၊ ကျုပ်လူတွေလဲ အရည်အချင်းပြည့်တဲ့လူတွေဆိုတော့ ကျုပ်လိုချင်တဲ့ အနေအထားရောက်အောင် ဖန်တီးပေးနိုင်ခဲ့တယ်. . အခုဆုသုရမ္မရာဇာမင်းနဲ့ ကောင်းကောင်းယှဉ်နိုင်တဲ့ အခြေအနေရောက်နေပြီ"

အဂ္ဂက ကျေနပ်အားရဟန်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောလေသည်။ ထို့နောက်. . . သူကစောနန္ဒကို အကဲခတ်ကြည့်၏။

စောနန္ဒက အရောင်တဖျတ်ဖျတ်တောက်ပနေသော မျက်လုံးအစုံဖြင့် အဂ္ဂကိုငေးကြည့်နေသည်။



"ခင်ဗျားတကယ်တော်တဲ့လူပဲ ဒီလောက်ခက်ခဲတဲ့ စီမံကိန်းကြီးကို ရအောင်အကောင်အထည် ဖော်နိုင်တယ်နော်. . ချီးကျူးပါတယ်ဗျာ. . "

"အဲဒီစကားကို မင်းစိတ်ရင်းအမှန်နဲ့ ပြောတာဟုတ်ရဲ့လား. . . "

"ကျုပ်ရင်ထဲမှာ ခင်ဗျားရဲ့ထက်မြက်မှုကို အသိအမှတ်မပြုဘဲမနေနိုင်တော့တာ အမှန်ပဲ ခင်ဗျားယုံချင်ယုံ မယုံချင်နေ"

အဂ္ဂက လေးနက်တည်ကြည်သော အသွင်ကိုဆောင်ယူရင်း စောနန္ဒကိုစေ့စေ့ကြည့်လိုက်သည်။

"ယုံချင်ပါတယ်. . ဒါပေမယ့် ယုံကြည်ပေးလို့တော့ မဖြစ်နိုင်ဘူး. . "

"ဘာဖြစ်လို့လဲ. . "

"မင်းဟာ ဘယ်လိုလူစားမျိုးလဲဆိုတာကို သိနေလို့ ပေါ့ သိန်းငှက်မြို့တော်ဆီ မင်းကိုခေါ် ရတာဟာ ငါ့ရဲ့အကြီးမားဆုံး စွန့်စားမှုလို့ဆိုရမယ်"

"အဲဒီလောက်တောင်ပဲလား. . "

"ဟုတ်တယ်လေ. . မင်းဟာဉာဏ်ရည်ထက်မြက်တယ် ပရိယာယ်ကြွယ်တယ်. . ဒါ့ဖြင့်တိုက်ရည်ခိုက်ရည်ရှိတယ်. . မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့မျှော်လင့်ချက်ကို ပြည့်မြောက်အောင် ကူညီပေးနိုင်သလို အန္တရာယ်ဆိုးတစ်ခုကိုပဲ ဖန်တီးပေးနိုင်တယ်. . ဒါ့ကြောင့်မင်းကို အလွယ်တကူနဲ့ အကြွင်းမဲ့ယုံကြည်ပေးလို့ မဖြစ်ဘူး. . ”

စောနန္ဒက စိတ်ပါလက်ပါရယ်မောပြီး. . .

“ခင်ဗျား. . ကျုပ်ကို အတော်တန်ဖိုးထားထားတာပဲ ကျေးဇူးတင်ပါတယ်. . ဒါနဲ့ခင်ဗျား ကျုပ်ကိုဘယ်လိုနေရာမျိုးမှာအသုံးချချင်တာလဲ. . ကျုပ်အခုထိ မရိပ်မိသေးဘူး”

“အသုံးချတယ်လို့ မသတ်မှတ်ပါနဲ့ အကူအညီတောင်းတယ်လို့ပဲ သုံးချင်ပါတယ်. . သုရမ္ဗာရာဇာရဲ့ဦးခေါင်းကို ဖြတ်နိုင်ဖို့ စီမံကိန်းတစ်ခုရေးဆွဲပေးပါ. . ”

စောနန္ဒက စိတ်ပါလက်ပါရယ်မောပြီး. .

“ခင်ဗျား. . ကျုပ်ကို အတော်တန်ဖိုးထားတာပဲ ကျေးဇူးတင်ပါတယ်. . ဒါနဲ့ခင်ဗျား ကျုပ်ကိုဘယ်လိုနေရာမျိုးမှာ အသုံးချချင်တာလဲ ကျုပ်အခုထိမရိပ်မိသေးဘူး. . ”

“အသုံးချတယ်လို့ မသတ်မှတ်ပါနဲ့ အကူအညီတောင်းတယ်လို့ပဲ သုံးချင်ပါတယ်. . သုရမ္ဗာရာဇာရဲ့ဦးခေါင်းကို ဖြတ်နိုင်ဖို့ စီမံကိန်းတစ်ခုရေးဆွဲပေးပါ. . ”

စောနန္ဒက ဟန်မူရာကင်းမဲ့သော မျက်နှာထားဖြင့် အဂ္ဂ



၏မျက်လုံးအစုံကို စိုက်ကြည့်လိုက်သည်။

“ကျုပ်ရဲ့စီမံကိန်း အောင်မြင်ရင်. . . ”

သူကစကားကို တပိုင်းတစဖြင့် ရပ်ထားရာ. . အဂ္ဂက ပြုံးရင်း. .

“မင်းက ရမ္မာပူရမြို့ရဲ့အရှင်သခင်ဖြစ်ရမယ်. . မအောင်မြင်ရင်တော့ မင်းအတွက်မဆုံးနိုင်တဲ့ ကြေကွဲမှုတွေကို ခံစားရမယ်ဆိုတာ မှတ်ထားပါ. . ”

ဟုတစ်လုံးချင်း ပြောလေသည်။

စောနန္ဒ၏ကျောရိုးတလျှောက် စိမ့်တက်သွားသည်။

“အကျိုးအမြတ်က အတော်ကြီးသလို အရင်းအနှီးကလဲ-မသေးဘဲကိုးကျုပ်စိတ်ဝင်စားပါတယ်. . စွန့်စားရတာကို ကျုပ်နှစ်သက်တယ်. . ကဲ. . ခင်ဗျားမှာရှိတဲ့ အင်အားကိုပြောပါ”

အဂ္ဂကအားပါးတရ ပြုံးလိုက်၏။

“ကျုပ်မှာ လူလေးရာလောက်ပဲ ရှိတယ်. . ဒါပေမယ့် ကျုပ်ရဲ့လူလေးရာဟာ သုရမ္ဗာရာဇာရဲ့ စစ်သည်တော်လေးထောင်လောက်နဲ့ညီမျှအောင် လေ့ကျင့်ပေးထားပြီးပြီ. . မင်းရဲ့စီမံကိန်းကောင်းမွန်ပြည့်စုံရင် ကျုပ်ရည်ရွယ်ချက် အောင်မြင်မှာပါ”

“အင်း. . ကျုပ်က တစ်ဦးချင်းစီရဲ့ အစွမ်းအစ၊ အမူ

www.burmeseclassic.com

www.burmeseclassic.com



အကျင့် အသေးစိတ်ကို သိချင်တယ်. . ဒါမှသင့်တော်သလို သုံးလို့အဆင်ပြေမှာပေ့ါ. . တာဝန်ခွဲပေးတဲ့ကိစ္စက အရေးကြီးဆုံးပဲလေ. . ”

အဂ္ဂက စောနန္ဒပြောသမျှကို နားထောင်ရင်း ခေါင်းကဲဆတ်ဆတ်ညိတ်လိုက်သည်။

“ကျုပ်နားလည်ပြီ. . ဒီလိုဆို ကျုပ်မင်းသိချင်တာတွေ သိရအောင်စီစဉ်ပေးမယ်”

ထိုစဉ်. . အိပ်ခန်းတွင်းမှ အလွန်ချောမောလှပသော မိန်းမပျိုလေးတစ်ဦးထွက်လာပြီး အဂ္ဂနဘေးသို့ ဝင်ထိုင်သည်။

“အဂ္ဂ ကျွန်မခေါင်းကိုက်နေတယ်”

“အိုပန်းနွယ်. . ဟော့. . သမားတော်ကြီးကို တစ်ယောက် သွားခေါ်စမ်း”

အဂ္ဂက လှုပ်လှုပ်ရှားရှားဖြစ်ကာ အော်ဟစ်ခိုင်းလိုက်၏။ ထို့နောက်. . အိုပန်းနွယ်အား သူ၏ပခုံးတွင် မှီနေစေ၏။

“လာ. . ကျုပ်ကိုမှီပြီး မှေးနေ. . အတော်ခံရခက်နေသလား. . ဟင်”

အိုပန်းနွယ်က ရယ်မောရင်း အဂ္ဂ၏လက်ဝါးကြီးက သူမလက်ကလေးများဖြင့် ဆုပ်ကိုင်လိုက်သည်။ မျက်လုံးများကို



မှေးမှိတ်ထားရင်း. .

“အရမ်းကြီး မစိုးရိမ်ပါနဲ့ ခေါင်းကိုက်တာနဲ့တော့ မသေလောက်ပါဘူးရှင်. . ”

ဟုနူးညံ့သိမ်မွေ့သော လေသံဖြင့်ပြော၏။ အဂ္ဂ၏ဂရုတစိုက်ရှိမှုအတွက် ကျေနပ်ပျော်ရွှင်ဟန်တွေက သူမ၏အပြုံးမျက်နှာပေါ်မှာ အထင်းသားပေါ်လွင်နေသည်။

“အင်း. . အိုပန်းနွယ်ကိုလည်း သူမေ့ဆေးသုံးပြီး လှည့်စားထားတာပဲ ဒီလူကို သတိမပြတ်ထားပြီး ဆက်ဆံရမယ်”

စောနန္ဒက ကိုယ့်ကိုကိုယ်ကြိတ်၍ သတိပေးနေ၏။ ထိုစဉ်. . အဂ္ဂကခေါင်းထောင်လာပြီး သူ့ကိုကြည့်သည်။

“နန္ဒ. . ကျုပ်တို့ နောက်မှဆက်ဆွေးနွေးကြတာပေ့ါ”

“ကောင်းပြီ”

စောနန္ဒက တက်ကြွလိုလားဟန်အပြည့်ဖြင့် ခေါင်းညိတ်ပြပြီး ထပြန်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## "မရဏာချောက်သို့"

"ကျွန်တော်တို့ နောက်တစ်ကြိမ်ရောက်သွားတဲ့အခါမှာ ားလုံးပြောင်းလဲနေတာကို တွေ့ရတယ်. . လှိုဏ်ချောက် ဲမှာ လူတွေအများကြီးနေနေကြတယ်. . အုံ့ညြဖို့အကောင်း ုံးကတော့ အိုပန်းနွယ်ဟာ ဝိမနမဟုတ်ဘဲ တခြားယောကျ်ား အတူရှိနေတာပဲ. ."

ဘော့မွန်ရိုးက မကျေမချမ်းဖြင့် ပြော၏။ မာရီလင် ကလည်း ခံပြင်းဟန်လေးဖြင့်ဝင်ပြောသည်။

"ဟုတ်တယ်. . ကျွန်မတို့လဲ သူ့ဘေးကလူကြီးတွေကို ကြောက်တာနဲ့ သွားမတွေ့ရဲဘူး. . ဝိမနနဲ့ ရသေ့ကြီးဦးဒိန္နာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပဲ လိုက်ရှာခဲ့ကြတယ်. . ”

“တွေ့လား. . ”

မောင်ကံသာက စိတ်လောကြီးစွာဖြင့် မေးလိုက်၏။ မာရီလင်နှင့်ဘောမွန်ရိုးတို့က ခေါင်းညိတ်ပြကြသည်။

“တွေ့တယ်. . သူတို့ကတော့ အိမ်တစ်လုံးထဲမှာ အချုပ်ခံထားရတယ်. . အစောင့်တွေလဲ ချထားတယ်. . ကျွန်မတို့တော့ ဘယ်လိုဖြစ်သွားတယ်ဆိုတာကို မစဉ်းစားတတ်တော့ပါဘူး. . ”

“ဝိမနက ကျွန်တော်တို့ကိုတွေ့တော့ ငိုပြီးစကားတွေပြောတယ်. . ဘာတွေပြောနေတာလဲဆိုတာတော့ ကျွန်တော်တို့လဲနားမလည်တော့ မသိခဲ့ရဘူး. . ဒုက္ခရောက်နေတာတော့ ကျိန်းသေတယ်. . ဒါကြောင့်. . အကူအညီပေးနိုင်မယ့် ပုဂ္ဂိုလ်ကိုကျုပ်တို့လိုက်ရှာနေကြတာ. . ဘာဘတို့မှာ ကူညီနိုင်တဲ့အရည်အချင်းရှိပါတယ်. . ကူညီကြပါနော်. . ”

ကပ္ပိယကြီး ဦးဝိရိယက ဆေးတံကိုတသွင်သွင်ဖွာရှိုက်ရင်းမျက်လုံးများကို မှေးကျဉ်းထား၏။ မောင်ကံသာနှင့်တွေက တိတ်ဆိတ်စွာဖြင့် သူ့မျက်နှာကို မျှော်လင့်တကြီး ငေးကြည့်နေကြသည်။



အတန်ကြာမှ. . .

ကပ္ပိယကြီးက ဆေးတံထဲက ပြာတွေကို ခေါက်ချရင်း. .

“မောင်ကံသာ. . ငါတို့ဒီကိစ္စ ဘယ်သူ့ကိုမှ အသိမပေးဘဲခိုးထွက်သွားတာ ပိုကောင်းလိမ့်မယ်. . ”

ဟုပြောသဖြင့် အားလုံးအားတက်ရွှင်လန်းသွားကြလေသည်။

ကပ္ပိယကြီးဦးဝိရိယနှင့် မောင်ကံသာတို့သည် အထုပ်အပိုးကိုယ်စီဖြင့် ဘောမွန်ရိုးနှင့်မာရီလင်တို့ ခေါ်ဆောင်ရာသို့ လိုက်ခဲ့သည်မှာ ယနေ့ဆိုလျှင် သုံးရက်မြောက်နေ့ဖြစ်၏။ ထိုနေ့နေဝင်ချိန်၌၎င်းတို့သည် ချောက်ကြီးနဘေးသို့ ရောက်လာကြသည်။

ဘောမွန်ရိုးက ဦးဝိရိယ၏ပခုံးပေါ်သို့ ဆင်းသက်လိုက်၏။

“အဲဒီချောက်ကြီးပဲ. . ဘာဘတို့ အောက်ကိုဆင်းဖို့တော့ မလွယ်ဘူးချောက်ထဲကိုဆင်းနိုင်တဲ့ လျှို့ဝှက်ကျောက်

www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်တွေမှာအစောင့်တွေရှိနေတယ်”

“ဒီအတိုင်းဆင်းသွားလို့ ဘယ်ဖြစ်ပါ့မလဲ ငါတို့အောက်ကိုရောက်အောင် ဆင်းနိုင်ရင်တောင် ဘာဆက်လုပ်လို့ ဘယ်လိုနေရမှန်းသိမှာ မဟုတ်ဘူး သူတို့ ငါတို့ဟာလူစိမ်းတွေဆိုတာကို အနေ့းနဲ့အမြန် သိသွားကြမှာပဲ”

“ဟုတ်သားပဲ. . သူတို့က လူအင်အားလဲများတယ်. . အန္တရာယ်ကတော့ အများသား. . ”

“လူများတာက အကြောင်းမဟုတ်ပါဘူး အခြေအနေကြည့်ပြီး လှုပ်ရှားလို့ဖြစ်ပါတယ်. . အခုချိန်မှာ အရေးကြီးတာကအန္တရာယ်ကင်းကင်းနဲ့ သူတို့ထဲဝင်နိုင်ဖို့ပဲ”

“အင်း. . ဟုတ်တယ်. . ကျွန်တော်တို့ နည်းလမ်းကို စဉ်းစားရမယ်. . ဒါကိုကျွန်တော်မတွေးမိခဲ့ဘူး. . ”

“ငါတွေးမိပါတယ်. . သူတို့ထဲကို ခိုးကြောင်ခိုးဝှက် ဝင်နေဖို့တော့ မဖြစ်နိုင်ဘူး ပြောင်ပြောင်တင်းတင်း ဝင်ရောနိုင်မယ့် နည်းလမ်းကို ရှာရမယ်. . အင်း. . ဒါကလဲ သူတို့အကြောင်းကို သိမှဖြစ်မှာ ဒီတော့ကားငါတို့ ဒီပဓာ်ဝန်းကျင်မှာပုန်းနေပြီး. . စောင့်ကြည့်ကြမယ်. . ပြီးမှမီးစင်ကြည့်ကတာပေါ့”

ဤသို့ဖြင့်. . .



ဦးဝီရိယနှင့် မောင်ကံသာတို့သည် ချုံနွယ်များအတွင်းပုန်းကွယ်ရင်း အခြေအနေကို စိတ်ရှည်ရှည်ဖြင့် စောင့်ကြည့်ကြသည်။ ဘော့မွန်ရိုးနှင့်မာရီလင်တို့က သူတို့အတွက် သစ်သီးများနှင့်ရေကို ယူဆောင်ပေးကြလေသည်။

နွေဦးရာသီဖြစ်၏။ တောပန်းရောင်စုံတို့က ပွင့်းတည့်နေအား အန်တု၍ လန်းဆန်းနေကြ၏။ လေပူတွေကလည်း တိုက်ခတ်နေသည်။

ကြီးမားသော ညောင်ပင်တစ်ပင်အောက်တွင် အသက် ၄၀-အရွယ်အမျိုးသားကြီးတစ်ယောက်နှင့် အသက်၁၀-နှစ်အရွယ် ကောင်လေးတစ်ယောက်တို့ ရှိနေသည်။ အမျိုးသားကြီးကညောင်ပင်၏ပင်စည်ကိုမှီရင်း ဆေးတံသောက်နေ၏။ မျက်ကြေးစင်းရင်းသူ့ရှေ့တွင် အဆတ်မပြတ်လှုပ်ရှားနေသောပုံရိပ်တစ်ခုကို ကြည့်နေသည်။

ပုံရိပ်ပိုင်ရှင်မှာ ကောင်လေးဖြစ်၏။ ကောင်လေးသစ်ကိုင်းခြောက်တစ်ခုကို ဓါးသဖွယ်အသုံးပြုရင်း တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



များကို လေ့ကျင့်နေသည်။ သူ၏လှုပ်ရှားမှုမှာ လျင်မြန်ဖျတ်လတ် လွန်းသဖြင့် အရိပ်သဖွယ်သာ တွေ့မြင်နိုင်၏။

ရုတ်တရက်. . .

"ဝှီး. . ဝှစ်"

လေတိုးသံက ကောင်လေး၏နောက်ကျောမှ ထွက်ပေါ် လာ၏။ ကောင်လေးက ဘေးဘက်သို့ အထိတ်တလန့်ခုန်ရှော လိုက်သည်။ သစ်ကိုင်းခြောက်နှစ်ခုက ကောင်လေးနံဘေးမှ ဖြတ်ကျော်ပြီး ဆေးတံသောက်နေသော အမျိုးသားကြီးထံသို့ ဆက်လက်ပြေးလွှားသွားသည်။

အမျိုးသားကြီးက သူ့ထံတိုးဝင်လာသော သစ်ကိုင် ခြောက်များကို ဣန္ဒြေမပျက်စိုက်ကြည့်ရင်း ဆေးတံကိုအားပါ တရဖွာရှိုက်လိုက်သည်။ ထို့နောက်. . အနားသို့ ရောက်လာ သောသစ်ကိုင်းခြောက်များကို ဆေးတံရိုးဖြင့် ရိုက်ဖယ်လိုက်၏။

သစ်ကိုင်းခြောက်နှစ်ပိုင်းက မြေပေါ်ပြုတ်ကျသွား၏။

"ဟေ့. . ခိုးကြောင်ခိုးဝှက် တိုက်တာ ဘယ်သူတွေလဲ ထွက်ခဲ့စမ်း. . "

ကောင်လေးက ဒေါသတကြီးဖြင့် နောက်သို့လှည့်ကြည့် ပြီး အော်ဟစ်ကြိမ်းမောင်းလိုက်သည်။ အမျိုးသားကြီးကတော့



ဆေးတံထဲဆေးတစ်ဆုံအသစ်ဖြည့်ပြီး မီးညှိကာဆက်လက်ဖွာ ရှိုက်နေ၏။

ထိုစဉ်. . .

"ဖြောင်း. . ဖြောင်း. . . ဖြောင်း. . "

လက်ခုပ်သံများက မလှမ်းမကမ်းရှိ အင်ကြင်းပင်ကြီး နောက်မှ ထွက်ပေါ်လာ၏။ မကြာမီမှာပင်. . အင်ကြင်းပင်၏ တစ်ဖက်တစ်ချက်မှ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိကြသော လူငယ်တစ်ဦးစီ ထွက်လာကြသည်။

သူတို့က ပြုံးရွှင်သောမျက်နှာထားဖြင့် ကောင်လေး၏ လက်တစ်ကမ်းအကွာ၌ ပြိုင်တူရပ်တန့်လိုက်ကြသည်။

ကောင်လေးက လက်ထဲရှိ သစ်ကိုင်းခြောက်ကို တစ်ချက်ဝှေ့ယမ်းပြီး လူငယ်နှစ်ဦးကို စူးစူးရဲရဲစိုက်ကြည့်လိုက် လေသည်။

"ခင်ဗျားတို့ ဘာလို့ကျုပ်တို့ကို ရန်ပြုချင်ရတာလဲ"

"ဟာ. . ညီလေး အထင်လွဲနေပြီ. . အစ်ကိုတို့က ပညာစမ်းရုံသက်သက်ပါ. . ထိခိုက်စေချင်တဲ့ဆန္ဒမျိုးနဲ့ ပစ်လိုက် တာမဟုတ်ပါဘူး"

"ဟုတ်တယ်. . ငါ့ညီက ကလေးဘဝမှာတောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကျွမ်းကျင်နေတာထောက်တော့ အရွယ်ရောက်လာရင် ပြိုင်စံရှားဖြစ်တော့မှာပဲ. . ”

ကောင်လေးက နှာခေါင်းရှုံ့ပြီးခေါင်းခါ၏။

“ကျုပ်ပြိုင်စံရှား မဖြစ်ချင်ဘူး သူဌေးပဲဖြစ်ချင်တယ်၊ အခုကျုပ်တို့ မြေအဘိုးနယ်လှည့်ပြီး ငွေများများရမယ့် အလုပ်မှန်သမျှ လိုက်လုပ်နေတာဟာ တစ်နေ့မှာ ကျုပ်လူချမ်းသာဖြစ်ဖို့ပဲ. . ”

သူကပြောပြီးသည်နှင့် လူငယ်နှစ်ဦးကို ကျောခိုင်းပြီး တိုက်ကွက်များကို ဆက်၍လေ့ကျင့်နေသည်။

လူငယ်နှစ်ဦးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်းခေါင်းတစ်ချက်ညိတ်ပြီး ဆေးတံသောက်နေသော အမျိုးသားကြီးထံသို့ ချဉ်းကပ်သွားကြသည်။

“ကျုပ်နာမည် ဝဏ္ဏပါ. . သူ့နာမည်က ကျော်ထင်”

မှန်ပါသည်။ ထိုလူငယ်နှစ်ယောက်မှာ သုရမ္ဘာရာဇ မင်းကိုလုပ်ကြံရန်အကွက်ချစီစဉ်နေသော အဂ္ဂ၏အားအထားရဆုံး ဝဏ္ဏနှင့်ကျော်ထင်တို့ဖြစ်၏။

အမျိုးသားကြီးက သူတို့ကိုတစ်ချက်ကလေးမျှ မကြည့်ဘဲဆေးတံကိုသာ စိတ်ပါလက်ပါ ဖွာရှိုက်နေ၏။



ဝဏ္ဏက အမျိုးသားကြီးကို စေ့စေ့ကြည့်ရင်း. .

“ဒီကလေးရဲ့ အရည်အချင်းကိုမြင်တာနဲ့ ဦးလေးရဲ့ အစွမ်းကို ဘယ်လောက်ရှိတယ်ဆိုတာကို ကောင်းကောင်းခန့်မှန်းမိပါတယ်. . လူတော်တွေနဲ့ မိတ်ဆွေဖွဲ့ချင်တယ်. . ဦးလေးတို့ နာမည်က. . ”

“ဟေ့. . တော်တော်. . အသပြာများများနဲ့ မြန်မြန်ရဖို့ အရေးရမ္မာပူရမြို့မှာ ဘယ်လိုအလုပ်မျိုး လုပ်ရမယ်ဆိုတာ စဉ်းစားနေတယ်. . သိတတ်ရင် မနှောင့်ယှက်စမ်းနဲ့”

“ရမ္မာပူရမြို့မှာ အလုပ်သွားလုပ်မလို့ ဟုတ်လား. . ”

ကျော်ထင်၏တအံ့တဩအမေးကို အမျိုးသားကြီးက မဖြေပါ။ ဆေးတံထဲက ပြာတွေကိုခေါက်ချနေ၏။ ပြီးတော့ ဆေးတစ်ဆုံဖြည့်ပြီး မီးညှိကာဆက်သောက်သည်။

“ရမ္မာပူရမြို့ရဲ့အခြေအနေကို ခင်ဗျားမကြားမိဘူး ထင်တယ်. . ”

“ကြားသားပဲ ငါက စကားပြောပျင်းပေမယ့် နားထောင်ရတာတော့ မပျင်းပါဘူး. . ”

“ဒါနဲ့တောင် ဘာလို့ရမ္မာပူရမြို့မှာ အလုပ်သွားလုပ်မှာလဲ. . ”

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက သက်ာမကင်းဖြစ်လာပြီး စကားနှိုက်ရန် ကြိုးစား၏။ အမျိုးသားကြီးက သူ့ကိုမျက်လုံးလှန်ကြည့်ရင်း . .

"မင်းကိုကြည့်ရတာ ဉာဏ်ကောင်းမလိုလိုနဲ့ အတော်တုံးတာပဲကို အခုလို အခြေအနေမျိုးမှာ သမီးပျိုတွေရှိတဲ့ အိမ်တွေအတွက် ကျုပ်တို့လိုပညာရှင်တွေ အရေးတကြီးလိုအပ်နေမယ်ဆိုတာကို မစဉ်းစားမိဘူး ဟုတ်လား. . ."

"ဟာ. . ဟုတ်ပါရဲ့ ဒါပေမယ့် အန္တရာယ်များတယ်နော် ဦးလေး. ."

"ဒါကိုတွေးနေလို့ ဘယ်ဖြစ်ပါ့မလဲ အရေးကြီးတာက အသပြာများများရမယ့် အလုပ်မျိုးဆို ဘာမဆိုလုပ်ရမှာပဲ ကျုပ်မရှိတော့ရင် ကျုပ်မြေးလေး တစ်ကောင်ကြွက်ဘဝနဲ့ မတင့်မတယ်မကျန်ခဲ့စေချင်ဘူး ငွေကြေးပြည့်စုံတဲ့ဘဝမျိုးနဲ့ ထားခဲ့နိုင်ဖို့ ကျုပ်ဒီလောက်တော့ စွန့်စားရမှာပဲ. ."

ဝဏ္ဏနှင့်ကျော်ထင်တို့၏မျက်လုံးများ အရောင်တောက်ပသွားကြသည်။ တိုက်ရည်ခိုက်ရည်ရှိသော လူများကိုစည်းရုံးပြီး လျှို့ဝှက်စွာတည်ရှိနေသည့် သိန်းဝှက်မြို့တော်သို့ ခေါ်ဆောင်သွားတတ်သည့် သူတို့သည်ထိုမြေအဘိုးကို မရမကသိမ်းသွင်းရန်ဆုံးဖြတ်လိုက်ကြသည်။





ကျော်ထင်က အမျိုးသားကြီးရှေ့၌ ထိုင်ချလိုက်၏။

"အဲဒီနည်းက မချမ်းသာနိုင်ပါဘူး ဦးလေးလိုချင်တဲ့ အခြေအနေမျိုးရောက်နိုင်မယ့် လုပ်ငန်းတစ်ခုရှိတယ်"

အမျိုးသားကြီးက ဆေးတံသောက်ရပ်သွား၏။

"ကျုပ်တို့ မြေးအဘိုးချက်ချင်း ချမ်းသာနိုင်မယ့် လုပ်ငန်းမျိုးရှိလို့လား. ."

ကျော်ထင်က တည်ကြည်လေးနက်သောဟန်ပန်ဖြင့် အမျိုးသားကြီးကို စေ့စေ့ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

"ရှိတယ်. ."

အမျိုးသားကြီးက ချက်ချင်းပုံစံပြောင်းသွား၏။ အားတက်သရောဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"အဲဒီအလုပ်ကို ပြောပြပါကွယ်. . ကျုပ်ကျေးဇူးဆပ်ပါ့မယ် ဩော်. . ကျုပ်နာမည်က ဦးဝီရိယတဲ့ ကျုပ်မြေးလေးနာမည်က မောင်ကံသာ. ."

ဦးဝီရိယနှင့်မောင်ကံသာတို့သည် အလွန်တရာခမ်းနားလှသော အခန်းကျယ်ကြီးတစ်ခုသို့ ရောက်ရှိလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထင်ဆိုသည့်လူငယ်ကရှေ့မှ ဦးဆောင်ခေါ်လာခြင်းဖြစ်သည်။

သူတို့က အခန်းကြီး၏ခမ်းနားသားနားပုံအား တအံ့တသြဟန်ဖြင့် မျက်လုံးများချာလပတ်လည်အောင် လိုက်လံကြည့်ရှုနေသည်။ ကျော်ထင်ရှေ့မှသွားနေရာမှ သူတို့အား တစ်ချက်လှည့်ကြည့်လိုက်လေသည်။

သူတို့အားကြည့်၍ ရုတ်ချည်းဆိုသလို ကျော်ထင်၏မျက်လုံးများထံ၌ ပြုံးရိပ်တစ်ခုဖြတ်သန်းသွားခဲ့သည်။ သူတို့လည်းလုံးဝသတိမထားဟန်ဖြင့် မသိကျေးကျွန်ပြုကာ ပါးစပ်အဝိုင်းသားဖြင့် အဖိုးတန်အသုံးအဆောင်ပစ္စည်းများတို့သာ တစ်ခုပြီးတစ်ခုလိုက်ကြည့်နေလိုက်သည်။

"ဦးတို့မြေးအဘိုးနှစ်ယောက်ကို ကျွန်တော်တို့ရဲ့သိန်းငှက်မြို့တော်သခင်ကြီးက အထဲမှာတွေ့ဖို့စောင့်နေတယ်၊ သခင်ကြီးကအရည်အသွေး ပြည့်ဝတဲ့လူတွေဆိုရင် အရမ်းသဘောကျတာဗျ. . ထိုက်ထိုက်တန်တန်ချီးမြှင့်မြှောက်စားလေ့ရှိတယ်. ."

ဦးဝီရိယအချိုသာဆုံး မျက်နှာချိုသွေးပြုံးရယ်ကာ. .

"ဦးအခုလက်ရှိ အခြေအနေကို တွေ့လိုက်ရတာနဲ့





အားလုံးကို သဘောပေါက်နားလည်ပါတယ်ကွယ်. . . ဦးတို့ရဲ့ဘဝကို မြင့်မားတိုးတက်ကြီးပွားအောင် မြှောက်စားနိုင်တဲ့သူဟာမင်းတို့ရဲ့သခင်ကြီးကလွဲလို့ ဘယ်သူမှမရှိနိုင်ပါဘူး. . . မင်းတို့ရဲ့ကျေးဇူးကိုလည်း ဦးမမေ့ပါဘူးကွာ၊ ကျေးဇူးအရမ်းတင်ပါတယ်"

"ရပါတယ်၊ ကိစ္စမရှိပါဘူးဗျာ. . . ဦးတို့လိုအရည်အချင်းရှိတဲ့လူတွေရတာပဲ ဝမ်းသာလှပါပြီ ဟား. . . ဟား. . ."

ကျော်ထင်မှာ သူ၏စကားအား ဘဝင်တွေ့ဟန်ဖြင့်အားပါတရရယ်မောနေလေသည်။ ခဏကြာတော့ သူကရယ်မောခြင်းကို ရပ်တန့်လိုက်၏။

"လာ. . . ဦးလေး အခုမြင်နေရတဲ့ကွေ့လေးကိုချိုးလိုက်တာနဲ့ သခင်ကြီးဆီရောက်ပြီ"

ကျော်ထင်ပြောသည့်ကွေ့လေးအား ချိုးကွေ့လိုက်သည်နှင့် လူနှစ်ရပ်စာမျှမြင့်မားလှသော စင်မြင့်ကြီးတစ်ခုအားတွေ့လိုက်သည်။ ထိုစင်မြင့်ပေါ်ရှိ ရွှေရောင်တဖိတ်ဖိတ်တောက်ပနေသော နဂါးတစ်ကောင်က သူ၏ ကိုယ်လုံးဖြင့်ရစ်ပတ်ထားပုံပေါ်သည်။ ရွှေထိုင်ခုံမြင့်ကြီးတစ်လုံး၌ အဖိုးတန်အဖြူပိုးဖဲကတ္တီပါဝတ်စုံအား ခန့်ငြားသေသပ်ကျနစွာ ဝတ်ဆင်ထားသော အသက်၃၀ကျော်ခန့်ရှိသော လူရွယ်တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ခန့်ထည်ဝင့်ကြွားစွာထိုင်နေလေသည်။

လူရွယ်မှာ မိန်းမဆန်ဆန်ချောမောသန့်ပြန့်သော ရုပ်သွင်ရှိပြီး နီရဲနေသော နှုတ်ခမ်းပါးတစ်စုံက အမြဲတစေ ကွေးညွတ်နေဟန်ဖြင့် ပြုံးရောင်သန်းနေ၏။ ထိုလူရွယ်ဘေးတွင် ဝဏ္ဏဆိုသော လူငယ်က ရွံ့ကျိုးစွာရှိနေပြီး လူရွယ်၏ နားနားကပ်၍ စကားများ တတွတ်တွတ်ပြောနေသည်။ လူရွယ်နှစ်လို သဘောကျဟန်ဖြင့် နားစိုက်ထောင်နေ၏။

ထို့နောက်. . .

လူရွယ်က သူတို့အား တွေ့ရှိသွားကာ ထိုင်ခုံပေါ်မှ ဆတ်ခနဲထရပ်လိုက်ပြီး. . .

"ဩော် ဦးဝီရိယနဲ့ မောင်ကံသာတို့ရောက်လာပြီကိုး လာ. . လာ အပေါ်ကိုတက်လာခဲ့ပါ၊ ဦးတို့အကြောင်းကို ဝဏ္ဏက အခုပဲ ကျုပ်ကိုပြောပြနေတာ"

ဦးဝီရိယက လူရွယ်အပေါ်အား ရိုသေလေးစားဟန် အပြည့်ဖြင့် ခါးလေးကိုင်းလျက် ဦးညွတ်လိုက်ကာ. . .

"ဟုတ်ကဲ့ သိန်းငှက်မြို့တော်ရဲ့သခင်ကြီးနဲ့ အခုလို ရေစက်ဆုံပြီး တွေ့ဆုံခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းသာကြည်နူးမိပါတယ်ဗျာ. . "



လူရွယ်က လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

"ရပါတယ်ဗျာ. . . ကျုပ်လည်း ဦးတို့နဲ့အခုလို တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်. . "

ဟုဖော်ရွေလှိုက်လှဲသော အသံဖြင့် ဆိုလိုက်၏။

ယင်းနောက်. . .

သူတို့သည် ကျောက်လှေကားထစ်များအတိုင်း စင်ပေါ်သို့တက်လာခဲ့ပြီး ကျော်ထင်က သူတို့အတွက်နေရာ စီမံပေးလေသည်။

"ကျုပ်နာမည် အဂ္ဂလို့ခေါ်ပါတယ်. . . မှတ်ထားပေ့ါဗျာ အားလုံးရင်းရင်းနှီးနှီးပေါ့. . "

အဂ္ဂဆိုသော် လူရွယ်က မာန်မာနကင်းစင်ဟန်ဖြင့် နှစ်ပေါင်းများစွာက ချစ်ခင်ရင်းနှီးသိကျွမ်းလာသူများအား ရုတ်တရက်ပြည်လည်ဆုံတွေ့လိုက်ရသူတစ်ယောက်ကဲ့သို့ ချိုအေးကြည်သာသောအသံဖြင့် ရင်းရင်းနှီးနှီးပင် သူတို့အား ပြောဆိုဆက်ဆံနေသည်။ အဲဒါဟာသူ့ရဲ့ လိမ္မာပါးနပ်လှသော နည်းပရိယာယ်တစ်မျိုးပင်ဖြစ်သည်။

ရှင်းရှင်းပြောရလျှင် သူတို့၏ စိတ်နှလုံးအား သူ့ဘက်သို့ပါအောင် သိမ်းကြုံးညှို့ငင်ယူဆောင်ခြင်းသားဖြစ်သည်။ ဦးဝီရိယ

www.burmeseclassic.com

www.burmeseclassic.com



၏စိတ်ထဲ၌ အတွေးများဖြင့် တုန်ယင်လှိုက်မောနေရ သည်။ အဂ္ဂမှာ သူထင်မှတ်ထားတာထက် အဆပေါင်းများစွာပို၍ ကြောက်စရာကောင်းသူဖြစ်ကြောင်းကောင်းစွာနားလည် သိရှိလိုက်ရသည်။

မောင်ကံသာက သူ့အားဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ကျွန်တော်တို့ စိတ်ထဲမှာသေချာမှတ်သားထားပါ့မယ်. . ကျွန်တော်စိတ်ထဲမှာက သိန်းငှက်မြို့တော်ရဲ့ သခင်ကြီးဆိုတော့ အသက်အတော်ကြီးနေပြီထင်တာ. . အခုတော့ သခင်ကြီးအဂ္ဂက အသက်ငယ်ငယ်လေးပဲ ရှိတာကိုး အံ့သြစရာပဲသခင်ကြီးက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကြီးမြတ်တဲ့အောင်မြင်မှုတွေနဲ့ ပစ္စည်းဥစ္စာတွေ အများကြီးပိုင်ဆိုင်ထားတယ်နော်လေးစားစရာပဲ. . "

"ဟား. . ဟား. . ဒီလောက်လဲ မဟုတ်ပါဘူး မောင်ကံသာရယ် မင်းကလည်း အသက်ငယ်ငယ်လေးနဲ့ စွမ်းရည်သတ္တိတွေ အရမ်းထက်မြက်နေတော့ မင်းဟာ မောင်ကံသာဆိုတဲ့နာမည်နဲ့လိုက်အောင် ကံရဲ့မျက်နှာသာပေးခြင်းခံရမယ့် ကလေးပဲ အောင်မြင်ကြီးပွားမှုတွေ အများပိုင်ဆိုင်ရဦးမယ်. . "



"အဲဒါဟာ သခင်ကြီးရဲ့ချီးမြှင့်မြှောက်စားမှုကြောင့်ဖြစ်ပါလိမ့်မယ်. . "

"အင်း. . နှုတ်ပရိယာယ်အတော်ကြွယ်ဝတဲ့ကလေးပဲ ...တ်ချပါ ကျုပ်မင်းကိုထိုက်ထိုက်တန်တန်ချီးမြှင့်မြှောက်စားမှာ ... . သြော်. . ကျုပ်ကိုရင်းရင်းနှီးနှီး အစ်ကိုကြီးအဂ္ဂလို့ပဲ ...ပါ. . . "

"ဟာ. . မခေါ်ဝံ့ပါဘူး. . ရင်းရင်းနှီးနှီး အစ်ကိုကြီး ...ဂ္ဂလို့ခေါ်ရင် သခင်ကြီးအပေါ်ကို မလေးစားရာ ရိုင်းရာကျ ...းမှာပေါ့. . ကျွန်တော်မခေါ်ဝံ့ပါဘူး. . "

"ကဲ. . ကဲ. . ဒါတွေခဏထားလိုက်ပါဦး. . ဦးလေး ...ယတို့ကို ကျုပ်ညစာတည်ခင်းဧည့်ခံပါ့မယ်"

"ဖြောင်း. . ဖြောင်း. . "

အဂ္ဂ၏လက်ခုပ်သံဆုံးသွားသည်နှင့် တပြိုင်နက်အသား ...ညီနှင့်လူသန်ကြီးနှစ်ယောက်က စားပွဲရှည်ကြီးတစ်လုံးအား ...တို့...ရှေ့သို့ ယူဆောင်လာသည်။ စားပွဲသူတို့ရှေ့သို့ရောက် ...သည်နှင့် တပြိုင်နက် မိန်းမငယ်ပေါင်းများစွာက စားသောက် ...အမျိုးမျိုးတို့အား သယ်ဆောင်၍စင်မြင့်နောက်ကွယ်၍ ...က်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အငွေ့များတထောင်းထောင်းထနေကြသော ဟင်းပေါင်းအမျိုးနှစ်ဆယ်ထက်မနည်းသော ဟင်းလျာမျိုးစုံတို့အား သူတို့နှစ်ယောက် တအံ့တသြငေးမောကြည့်နေရသည်။ ဘုရင့်စားပွဲတော်နှင့်မခြား အားလုံးစုံလင်လှသည်။

"ကဲ. . ဦးလေးတို့ ဆာလောင်နေရောပေါ့. . အားမနာတမ်း သုံးဆောင်ကြပါ. . "

"ဟာ. . ဦးလေးတို့ မြေးအဖိုးနှစ်ယောက်အတွက် ဒီလောက်ဟင်းတွေအများကြီး မလိုပါဘူးကွယ်. . တစ်မျိုးနှင့်တစ်မျိုးဆိုရင် လုံလောက်ပါပြီ ခုတော့. . သခင်ကြီးအတွက် အလုပ်ပိုရှုပ်ရတာပေါ့. . "

"စိတ်ထဲမထားပါနဲ့ ကျုပ်အတွက်ဘာမှအပန်းမကြီးပါဘူး ဦးလေးတို့ကျုပ်ဆီမှာနေရင် ဒီလိုဟင်းတွေကို တစ်နေ့တစ်နေ့မရိုးမအီအောင် နေ့စဉ်သုံးကြရမှာပါ. . ဘာမှအားနာစရာမလိုပါဘူး. . "

ထို့နောက်. . . သူတို့သည် စားသောက်စရာများအားဗိုက်ဆာဆာဖြင့် နတ်သုဒ္ဓါတမျှ ကောင်းမွန်လှသော လက်ရာများအား အားပါးတရမြိန်ရေယှက်ရေ စားသောက်လိုက်ကြသည်။ သူတို့စားသောက်ပြီးစီးသောအခါ အဂ္ဂမှ. . .





"ဦးလေးတို့ကို ကျုပ်မေတ္တာလက်ဆောင်တစ်ခုထပ်ပေးပါရစေ. . ဖြောင်း. . ဖြောင်း. . "

အဂ္ဂ၏လက်ခုပ်သံမဆုံးမီမှာပင် အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးတစ်ယောက်က လင်ပန်းတစ်ခုအားသယ်ဆောင်လာကာ အဂ္ဂ၏ရှေ့၌ တရိုတသေဖြင့်ဒူးထောက်ထိုင်ချ၍ လင်ပန်းငယ်အား လက်နှစ်ဖက်ဖြင့်ပင့်မြှောက်ထားလိုက်၏။

အဂ္ဂကလင်ပန်းပေါ်ရှိ အနီရောင်ကတ္တီပါ ရှူ့အိတ်လေးအားဦးဝီရိယဆီသို့ လှမ်းပေးလိုက်၏။ ဦးဝီရိယရှုံ့အိတ်လေးအားလက်နှစ်ဖက်ဖြင့် ယူလိုက်စဉ် ရှုံ့အိတ်မှာအဆမတန်အလေးချိန်နှင့် စီးနေပုံထောက်ခြင်းအားဖြင့်အဖိုးတန်ပစ္စည်းတစ်စုံတစ်ရာဖြစ်လိမ့်မည်ဟု ချက်ချင်းခန့်မှန်းမိလိုက်၏။

သူရှုံ့အိတ်အားဖွင့်ကြည့်လိုက်သောအခါ အိတ်တွင်း၌ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပနေသော ကျောက်သံပတ္တမြားတို့အား အရွယ်အစားအစုံအလင်ပင် တွေ့ရှိလိုက်လေသည်။

ဦးဝီရိယအံ့ဩဝမ်းသာကြည်နူးဟန်ဖြင့် သူ့အားဖျတ်ကနဲမော့ကြည့်လိုက်သည်။ သူကပျော့ပျောင်းချိုသာစွာဖြင့် နူးနူး



www.burmeseclassic.com

www.burmeseclassic.com



ညံ့ညံ့ပြုံးလျက်. . .

"အဲဒါ. . ကျုပ်ရဲ့ဦးလေးတို့အပေါ်ထားရှိတဲ့ မေတ္တာ လက်ဆောင်ပါ. . "

ဦးဝီရိယပျာပျာသလဲ ဦးညွှတ်လိုက်ပြီး. . .

"ကျေး. . ကျေးဇူးတင်ပါတယ်. . သခင်ကြီးတို့ ဘယ်ကိစ္စမဆို ယုံယုံကြည်ကြည်နဲ့ခိုင်းနိုင်ပါတယ်. . ဦးတို့အစွမ်း ကုန်ကြိုးစားလုပ်ဆောင်ပေးပါ့မယ်"

အဂ္ဂကျေနပ်နှစ်ခြိုက်စွာ ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီဗျာ. . ကျုပ်အဂ္ဂမှာအရေးကြီးကိစ္စ ပေါ်ပေါက်လာရင် ဦးလေးတို့ကို ခေါ်လိုက်ပါ့မယ်"

ရုတ်တရက် သူ့မျက်လုံးတွေက ဦးဝီရိယထံမှ ဖယ် သွားပြီး. . .

"ဟာ. . သူရဲကောင်းလေးနန္ဒပါလား. . လာလေ. . ဘယ်လိုစိတ်ကူးပေါက်ပြီး ဒီကိုရောက်လာတာလဲ. . "

ဟူ၍အဂ္ဂမှ ပျာပျာသလဲဖြင့် အရေးတယူနှုတ်ဆက်လိုက် သောအသံဦးဝီရိယစိတ်ဝင်တစားနှင့်ခေါင်းငဲ့ကြည့်လိုက် သူတို့ရှိရာသို့ ဦးတည်လာနေသော ယောကျ်ားပီသ၍ ရုပ်ရည် ချောမောသန့်ပြန့်ခန့်ညားလွန်းသော လူငယ်အားတွေ့မြင်လိုက်



ရသည်နှင့် သူ၏ရင်ထဲ၌ ဒိုင်းခနဲတစ်ချက်မြည်ဟည်းတုန်ခါ သွားရသည်။

ထိုလူငယ်ကား ရမ္မာပူရမြို့တော်၌ နာမည်ဂုဏ်သတင်း ကျော်ဇောလှသော ရွာကြီးသုံးရွာအား အပိုင်စားထားရသည့် ရွာစားကြီးဦးစောသီဟ၏ လက်ရုံးသဖွယ်အားကိုးအားထားပြု နေသောတစ်ဦးတည်းသော သားစောနန္ဒဖြစ်ကြောင်း သူချက် ချင်းမှတ်မိလိုက်၏။

စောနန္ဒလည်း တိုင်းသူပြည်သားလူငယ်လူရွယ်များနှင့် မိန်းမပျိုလေးများ၏ ပါးစပ်ဖျား၌အထူးရေပန်းစားနေသူပင် ဖြစ်သည်။

ဦးဝီရိယ၏စိတ်ထဲ၌ အဂ္ဂအပေါ်ကြီးစွာ တုန်လှုပ်သွား ရသည်။ စောနန္ဒလိုလူမျိုးကိုတောင် သူ့ဘက်သို့ပါအောင် ဆွဲဆောင်သိမ်းသွင်းနိုင်သည်ဆိုသော် အဂ္ဂ၏အရည်အချင်းအား အသိအမှတ်ပြုမလေးစား မချီးကျူးဘဲ မနေနိုင်ပါချေ။ သူကိုယ် တိုင်လည်း အစစအရာရာ၌ ပီရိသေသပ်စေ့စပ်သေချာရမည်ဟု ကိုယ့်ကိုကိုယ်အကြိမ်ကြိမ်သတိပေး ရေရွတ်နေမိသည်။

"ထိုင်ကွာ. . လာ. . နန္ဒ. . ဘယ်လိုအရေးကြီးကိစ္စ ကြီးယ်များပေါ်ပေါက်လာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



စောနန္ဒကခန္ဓာကိုယ် ထွားကျိုင်းသန်မာကျစ်လစ် တောင့်တင်း၍ သျှောင်တစောင်းထုံးထားသော အမျိုးသားကြီး တစ်ယောက်နှင့် ဆယ်ကျော်သက်အရွယ်ကောင်လေးတို့အား တစ်ချက်အကဲခတ်ကြည့်ရှုရင်း အဂ္ဂနဘေးရှိထိုင်ခုံ၌ ဝင်ရောက် ထိုင်ချလိုက်သည်။

အဂ္ဂသူ့ဘေး၌ ရပ်နေကြသော ဝဏ္ဏနှင့်ကျော်ထင်တို့ အားမော့ကြည့်လိုက်ပြီး. . .

"ဝဏ္ဏနဲ့ကျော်ထင်. . မင်းတို့အခန်းဘေးကလွတ်နေတဲ့ အခန်းတစ်ခုမှာ ဦးလေးဝီရိယတို့အတွက် နေရာထိုင်ခင်း ပြည့် ပြည့်စုံစုံနဲ့ ဘာတစ်ခုမှချို့ယွင်းလိုအပ်ချက်မရှိရလေအောင် စီမံ ဆောင်ရွက်ပေးလိုက်ပါ. . "

"ဟုတ်ကဲ့. . သခင်ကြီး"

ဦးဝီရိယ အဂ္ဂ၏ရည်ရွယ်ချက်သဘောထားအား ကောင်းစွာနားလည်သဘောပေါက်သိရှိလိုက်သည်။ တကယ်တော့ သူတို့အားကျော်ထင်တို့နှင့်အခန်းချင်းကပ်လျက်နေထိုင်ခိုင်း သည်မှာ သူတို့၏ပြုမူလှုပ်ရှားမှုအားလုံးတို့အား ဝဏ္ဏတို့မှ သေချာ အကဲခတ်စောင့်ကြည့်ခိုင်းခြင်းသာဖြစ်လေသည်။

* * *



## အခန်း (၁၂)
## "ပရိယာယ်"

ဝဏ္ဏတို့ ထွက်ခွာသွားသည်နှင့် အဂ္ဂက သူ့ဆီသို့ မျက်နှာ မူလိုက်ပြီး. . တည်ကြည်လေးနက်သောအသံဖြင့်. . .

"နန္ဒ. . ကျုပ်မင်းကိုရေးခိုင်းထားတဲ့ စစ်ဗျူဟာတွေ ပြီးသွားပြီလား. . "

"ကျုပ်စရေးနေပါပြီ. . သိပ်မလောပါနဲ့ ဖြည်းဖြည်းပေါ့ ဗျာ. . ဒီကိစ္စက သေချာဦးနှောက်နဲ့အကွက်စေ့စေ့ စဉ်းစားဆုံး ဖြတ်ပြီးအဘက်ဘက်က ဟာကွက်မရှိရလေအောင် တစ်ဖက် ရန်သူရဲ့ အခြေအနေနေရာအနေအထားတို့ကို သေချာပြန်စဉ်း စားပြီး ကိုယ်က ဘယ်လိုထိုးဖောက်တိုက်စစ်ဆင်ရမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုစဉ်းစားတွေးခေါ်ရတဲ့ အလုပ်လေ. . နည်းနည်းလေး
မှားယွင်းတိမ်းစောင်းသွားလို့မရဘူး မဟုတ်လား. . ခင်ဗျ
ကလည်း အမှားအယွင်းဆိုတာကြီးကို လုံးဝလက်ခံနိုင်မယ်
လူစားမဟုတ်ဘူးလေ. . ခင်ဗျားက ကိုယ့်ဘက်ကလူအင်အ
ချင်းအဆမတန်နည်းပါးနေပေမယ့် အချိန်မြန်မြန်အတွင်းမှ
တစ်ခါတည်းအောင်မြင်မှုရယူဆွတ်ခူးချင်တာ မဟုတ်လား. .

စောနန္ဒက တည်ကြည်လေးနက်သော အသွင်ကို
ဆောင်ယူရင်း စကားဆက်လိုက်၏။

"ဒါ့ကြောင့် ကျုပ်ဘက်ကနန်းတွင်းရဲ့လုံခြုံရေ
လှည့်ကင်းအခြေအနေကို သေချာပြန်စဉ်းစားရသေးတယ်
စိတ်ချပါ. . ခင်ဗျား. . ဆန္ဒပြည့်ဝစေရမယ်. . ခင်ဗျားကိုယ်တို
သုရဗ္ဗာရာဇာမင်းရဲ့ဦးခေါင်းတော်မြတ်ကို သံလျက်နဲ့ခုတ်ပိုင်
ဖြတ်ပြီးခင်ဗျားဖခင်အတွက် ကလဲ့စားချေမှာပေါ့. . "

အဂ္ဂက သဘောကျစွာရယ်မော၍ခေါင်းတဆတ်ဆတ်
ညိတ်ကာ. . .

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်ဗျာ. . သူရဲကောင်းလေ
စောနန္ဒပြောတာ အကုန်မှန်ပါတယ်. . ကျုပ်ဘက်ကနည်းနည်
စိတ်လောသွားသလို ဖြစ်သွားတယ်. . ခွင့်လွှတ်ပါနော်. . ယူ



မင်းကြိုက်သလောက်အချိန်ယူပြီး စစ်နည်းဗျူဟာကိုအကောင်း
ဆုံးမင်းစိတ်ကြိုက်ရေးဆွဲပါ. . မင်းစစ်နည်းဗျူဟာ ရေးထုတ်နေတဲ့
အချိန်မှာ ကျုပ်တို့ကလည်း လူကောင်းတွေတက်နိုင်သမျှ
လိုက်စုစည်းပြီးရှိနေတဲ့အတွက် ကျုပ်လူတွေကိုလည်း သေသေ
ချာချာ ကြပ်ကြပ်မတ်မတ်လေ့ကျင့်ခိုင်းနိုင်တာပေါ့. . ဟင်း. .
ဟင်း. . နောက်ပြီး. . ကျုပ်တို့ကိစ္စပြီးမြောက်သွားလို့ရှိရင်
မင်းနဲ့ကျုပ်နှမလေး မိသဉ္ဇာကိုကျုပ်ကိုယ်တိုင် ခမ်းခမ်းနားနား
နဲ့အကြီးအကျယ်ဆုံးဖြစ်အောင် ထိမ်းမြားလက်ထပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ ကျုပ်အပေါ် အခုလို စေတနာထားတဲ့အတွက်
ကျေးဇူးတင်ပါတယ်ဗျာ. . "

စောနန္ဒ၏ အတွင်းစိတ်ထဲ၌ အဂ္ဂကသူ၏အကြောင်း
ပြချက်အားလုံးအား လိုလားသဘောတူကျေနပ်ခွင့်ပြုသည့်
အတွက် အလွန်ပျော်ရွှင်ကျေနပ်မိသည်။ အမှန်တွင်သူသည်
ထိုစစ်နည်းဗျူဟာအား အချိန်ဆွဲကာအကြောင်းပြရေးသား၍
တစ်ဖက်မှအဂ္ဂ၏ ရည်ရွယ်ချက်စိတ်ကူးအကြံအစည်များ
ပျက်ပြားအောင် ဆောင်ရွက်ရန်အတွက် အခွင့်အရေးကောင်းများ
အားစောင့်ဆိုင်းနေခြင်းသာဖြစ်သည်။

သူတို့စကားပြောနေစဉ်မှာပင် အဂ္ဂရုတ်တရက် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာအား သတိရမိဟန်ဖြင့်. . .

"သြော်. . ကျုပ်မင်းကို မိသဥ္စာနဲ့ ပတ်သက်တဲ့ကိစ္စ တစ်ခုကိုပြောဖို့ မေ့နေတယ်"

"ဘာလဲ . . ပြောလေ. . "

သူအလောတကြီးပင် မေးမြန်းလိုက်မိသည်။

"အင်း. . သိပ်အရေးကြီးတဲ့ကိစ္စတော့ မဟုတ်ပါဘူး မိသဥ္စာကို ကျုပ်ရဲ့လေ့ကျင့်ရေးမှူးက ကျုပ်ဆီမှာလာတောင်းတယ်. . "

"ဗျာ"

စောနန္ဒ၏ မျက်နှာပြင်တစ်ခုလုံး ချက်ချင်းသွေးဆုတ်ဖြူလျော့ကျသွားလေသည်။

"သိပ်လဲစိတ်မပူပါနဲ့ သူရဲကောင်းစောနန္ဒရဲ့ ဇနီးလောင်းကို ကျုပ်ဘယ်ပေးပါ့မလဲနော်. . မဟုတ်ဘူးလား. . ကျုပ်ကို နားပူနားဆာလုပ်လွန်းအားကြီးတဲ့ လေ့ကျင့်ရေးမှူးကိုတော့ သူစိတ်ကျေနပ်တဲ့အထိ အတော်နှစ်သိမ့်ဖြောင်းဖြထားရတယ်၊ အချိုသပ်ထားရတာပေါ့. . အင်းကျုပ်ဆိုတဲ့အဂ္ဂအကြောင်းလည်း မင်းသိတဲ့အတိုင်းပဲ. . ကိုယ့်လက်အောက်မှာရှိတဲ့လူတွေအားလုံးရဲ့စိတ်ချမ်းသာပျော်ရွှင်ချမ်းမြေ့မှုကို အရမ်းလိုလားတဲ့ ခေါင်း



ဆောင်ကောင်းတစ်ယောက်လေ. . စိတ်တော့ဘယ်ကောင်းနိုင်ပါ့မလဲ ဒါပေမယ့် ကျုပ်လည်းမတတ်နိုင်ဘူးလေ. . သူ့ထက် သူရဲကောင်းစောနန္ဒက ကျုပ်အတွက် အဆတစ်ရာပိုတန်ဖိုးရှိပြီး ကျုပ်အတွက်မရှိမဖြစ်လိုအပ်တယ်လေ သြော်. . ဒါနဲ့သူရဲကောင်းစောနန္ဒရဲ့ စစ်နည်းဗျူဟာက ဘယ်တော့လောက်ပြီးမလဲဟင်. . ဖြစ်နိုင်ရင် ဒီတစ်လအတွင်းမှာပဲ အားလုံးပြီးပြည့်စုံချောမွေ့စေချင်ယ်. . တစ်လအတွင်း ပြီးနိုင်တယ်မဟုတ်လား"

စောနန္ဒလှိုက်မောတုန်ယင်သောစိတ်ဖြင့် တည်ငြိမ်မှုရအောင် ကြိုးစားထိန်းချုပ်လိုက်ပြီး. .

"ပြီးနိုင်ပါတယ်. . ကျုပ်အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးပါ့မယ်. . "

ထိုစဉ်. . .

သူတို့အခန်းတွင်းသို့ အသားအရည်မည်းနက်ကာ ရုပ်ရည်ကြမ်းတမ်းလှ၍ အရက်အလွန်မူးနေဟန်ရှိသော လူကြီးတစ်ယောက်က ယိုင်ထိုးယိုင်ထိုးဖြင့် လေးလံသောခြေလှမ်းများဖြင့် သူတို့ရှိရာစင်မြင့်ပေါ်သို့တက်ရန် ဟန်ပြင်နေလေသည်။

ထိုလူမှာတခြားသူမဟုတ် ပန်းပဲဆရာမင်းရောင်ခင် ဖြစ်သည်။ သူ၏မျက်နှာပြင်တစ်ခုလုံးမှာ အရက်ရှိန်ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



လောမသိခရမ်းချဉ်သီးမှည့်ကဲ့သို့ နီရဲသွပ်ကာအဆီပြန်နေ၏။ ငါးတစ်ကောင်၏ မျက်လုံးများကဲ့သို့ အရှေ့သို့ပြူးငေါ်ထွက်နေသောမျက်လုံးပြူးပြူးကြောင်ကြောင်ကြီးများဖြင့် စင်မြင့်ပေါ်သို့ အဂ္ဂထံသို့လှမ်းမော့ကြည့်ရင်း သွားသုံးဆယ်နှစ်ချောင်းပေါ်အောင်ပါးစပ်ကြီးဖြဲ၍ ရယ်ပြလိုက်၏။

ထို့နောက် . . .

မူမမှန်သောခြေလှမ်းများဖြင့် ကျောက်လှေကားထစ်တစ်ခုပေါ်သို့ လှမ်းတက်၍ နောက်လှေကားထစ်ပေါ်သို့ ထပ်တက်ရန် ဟန်ပြင်လိုက်စဉ် သူ၏ခန္ဓာကြီးမှာ ဘေးသို့ယိုင်နဲ့သွားပြီး ခြေကားယားလက်ကားယားဖြင့် ပြုတ်အကျစင်မြင့် အောက်ရှိ စောင့်ကြပ်နေသော လက်နက်ကိုင်လူနှစ်ယောက်က ကမန်းကတန်း သူ့အား ဖေးမထားလိုက်ရသည်။

"သူ့ကိုအပေါ်ခေါ်လာခဲ့ပါ. ."

အဂ္ဂ၏ဩဇာလွှမ်းမိုးသော အမိန့်သံထွက်ပေါ်လာသည်နှင့် ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက်ရပ်နေသော လက်နက်ကိုင်အစောင့်တစ်ယောက်က မင်းရောင်အား ဖေးမကူညီတွဲပေးရင်း သူတို့ရှိရာသို့ခေါ်လာခဲ့သည်။

အပေါ်ရောက်သည်နှင့်မင်းရောင်မှာ ထိုသူ၏လက်ထဲမှ



ရုန်းထွက်၍ အဂ္ဂဆီသို့ရှိရာသို့ အူယားဖားယားပြေးလာသည်။

စောနန္ဒ. . အရက်နံ့များ မခံမရပ်နိုင်လောက်အောင်ထောင်းထောင်းထနေသော အသားမည်းနက်နေသည့် ထိုလူအားကြည့်၍ နှာခေါင်းမရှုံ့မိစေရန် သတိထားထိန်းချုပ်လိုက်ရသည်။

အဂ္ဂကတော့ ဖက်လှဲတကင်းပြုံးချိုသော မျက်နှာဖြင့်. .

"ဦးလေးမင်းရောင် ဘာကိစ္စရှိလို့လဲ. ."

"ဟဲ. . ဟဲ. . ကျုပ်သခင်ကြီးဆီမှာ တစ်ခုတောင်းဆိုရာရှိလို့ပါ. . အေ့. ."

ဟူ၍အာလေးလျှာလေးဖြင့်ပြော၍ လေချဉ်တက်လိုက်ရာ အောက်သိုးသိုးချဉ်စော်ပုပ်စော်ရနံ့ဆိုးများကြောင့် စောနန္ဒမျက်နှာချာခနဲ မလှည့်မိစေရန်အသက်ခဏအောင့်ထားလိုက်ရသည်။

သို့သော်. .

အံ့ဩစရာကောင်းသည်မှာ အဂ္ဂကမူ မင်းရောင်ဆိုသော လူ၏ကိုယ်၌ အလွန်မွှေးကြိုင်လှသော ရနံ့များထွက်နေသည့်အလား တစ်စက်ကလေးမျှ အပြုံးမပျက်သွားချေ. .။

"ဘာများလဲဗျ. ."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လေ. . အခုတစ်လောရင်တွေအရမ်း ရှုပ်ထွေးနောက်ကျိနေပြီး အတော်စိတ်ဆင်းရဲနေရတယ်. . သခင်ကြီး"

အဂ္ဂကမျက်ခုံးအစုံကို ဟန်ပါပါပင့်တင်လိုက်ပြီး. .

"ဘာကြောင့်များပါလိမ့်. . "

မင်းရောင် အဆီများပြန်၍နီရဲနေသော သူ၏နှာခေါင်းပွပွကြီးအား တစ်ချက်ပွတ်သပ်လိုက်ပြီး. . .

"မယ်အိမ်ဖြူရဲ့အစ်မမယ်ဒွန်းကို လိုချင်တယ်ဗျာ. . မယ်အိမ်ဖြူကို ကျုပ်စိတ်ကုန်သွားပြီ ငြီးငွေ့သွားပြီကွာ၊ မယ်အိမ်ဖြူက ကလေးတစ်ယောက်လိုပဲ အမြဲကျုပ်ကိုနားပူနားဆာနဲ့ဂျီတိုက်ရန်လိုနေတာပဲ၊ ဒါ့ကြောင့်ရင့်ကျက်တည်ငြိမ်တဲ့သူ့အစ်မမယ်ဒွန်းကို ကျုပ်သဘောကျမိတယ်. . "

စောနန္ဒရင်ထဲ၌ အတော်စိတ်ထိခိုက်ကြေကွဲသွားရသည်။ မယ်အိမ်ဖြူနှင့် မယ်ဒွန်းတို့ဆိုသည်မှာ ရွာစားကြီးတစ်ယောက်အသက်မကချစ်မြတ်နိုးတန်ဖိုးထားလွန်းသော သမီးနှစ်ယောက်ပင်ဖြစ်ကြောင်း သူချက်ချင်းသိရှိလိုက်သည်။

အခုတော့ ရမ္မာပူရမြို့တော်ကြီးအတွင်း၌ လျှို့ဝှက်စွာရှိနေသော ဘာမဟုတ်သည့်တိုင်းပြည်ငယ်လေးတစ်ခု၌ အဖိုးတန် သမီးပျိုလေးမှာ သက်မဲ့ကစားစရာပစ္စည်းတစ်ခုကဲ့သို့





အနှစ်သာရတန်ဖိုးကင်းမဲ့လွန်းနေသည်။ သူမတို့၏ဖခင်ရွာစားကြီးကတော့ သမီးဇောဖြင့်အိပ်ယာထဲဘုန်းဘုန်းလဲနေပြီဖြစ်သည်။

အဂ္ဂ မျက်မှောင်ကျုံ့လိုက်သည်။

"ဒါက. . "

မင်းရောင် . . အဂ္ဂလက်အား ဆွဲကိုင်လိုက်ကာ တောင်းပန်တိုးလျှိုးလေသံပျော့ပျော့ဖြင့်. . .

"သခင်ကြီးရယ်. . ကျုပ်ဆန္ဒကိုဖြည့်ဆည်းပေးပါနော်ကျုပ်အပေါ်မရက်စက်ပါနဲ့. . သခင်ကြီးသေချာပြန်စဉ်းစားကြည့်ပါကျုပ်အခုလိုစိတ်လေလွင့်နေတဲ့အတွက် သခင်ကြီးအတွက်လက်နက်ပစ္စည်းအကောင်းစားတွေထပ်ပြီး ပြုလုပ်ဖန်တီးထွက်ပေါ်လာနိုင်ပါ့မလဲဗျာ. . "

အဂ္ဂ၏မျက်နှာပေါ်တွင် လျှို့ဝှက်နိုင်သောအရောင်တစ်မျိုးဖြတ်ပြေးသွားသည်ကို သူသေချာတွေ့လိုက်ရသည်။ သို့သော်. . ဘာလဲဆိုတော့ သူလည်းသေချာမသိချေ။ လုံးဝမခန့်မှန်းပါ။

"ဟုတ်တာပေါ့. . လူတစ်ယောက်မှာ အဓိက,ကစိတ်ပဲ စိတ်ချပါကွာ ကျုပ်စီစဉ်ပေးပါ့မယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျေး. . ကျေးဇူးတင်ပါတယ်. . သခင်ကြီး ကျေးဇူးအရမ်းတင်ပါတယ်. . "

မင်းရောင်မှာ အဂ္ဂအားထိုင်ရှိခိုးမတတ် ကျေးဇူးတင်စကားတွေ အထပ်ထပ်ပြောလျက် ပြန်လည်ထွက်ခွာသွားတော့လေသည်။

✱ ✱ ✱

## အခန်း (၁၃)

## "ဝိဉာဉ်ခေါ်သည့် ရွှေခေါင်းလောင်းသံ"

မင်းရောင်ထွက်သွားပြီးနောက် သိပ်မကြာခင်မှာပင် အခန်းတွင်းသို့အပြင်ဘက်ရှိစောင့်ကြပ်နေသော လက်နက်ကိုင်တပ်သားတစ်ယောက်အပြေးအလွှားရောက်လာပြီး အဂ္ဂရှေ့၌ လက်နှစ်ဖက်ဆုပ်လျက် ခန္ဓာကိုယ်အားတစ်ချက်ညွတ်ကိုင်းလိုက်၏။

"သခင်ကြီး မင်းခေါင်ပြန်ရောက်လာပါပြီ"

"အေး. . သူ့ကိုအထဲလွှတ်လိုက်ပါ"

ထိုလူအပြေးလေးပြန်ထွက်သွားပြီး တဒင်္ဂ၌ အခန်းတွင်းသို့အသက်သုံးဆယ်ကျော် လူရွယ်တစ်ယောက်က လေးလံသောခြေလှမ်းများဖြင့် တစ်လှမ်းချင်းလှမ်းဝင်လာသည်။ သူ၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မှာညှိုးလျော့ပျော့တော့နွမ်းနယ်နေပြီး ထိတ်လန့်တုန်လှုပ်ခြင် တစ်မျိုးကိန်းဝပ်နေပုံရသည်။

အခန်းတွင်းသို့ ဝင်လာသောမင်းခေါင်ဆိုသော ထိုလု ရွယ်အားကြည့်၍အဂ္ဂ၏မျက်နှာပြင်မှာ ကြောက်မက်ဖွယ် ကောင်းအောင်တင်းမာပြောင်လက်လာပြီး. .

"မင်း. . ခေါင်. . ကျုပ်ခိုင်းလိုက်တဲ့ကိစ္စ မအောင်မြ ခဲ့ဘူးလား. ."

သူ့အသံအားကြားလိုက်သည်နှင့် မင်းခေါင်မှာရေခဲပြ ထဲသို့ရုတ်ချည်းထိုးကျသွားသည့်အလား ခန္ဓာကိုယ်မှာဆတ်ခ တုန်ခါသွားပြီး ကြမ်းပြင်ပေါ်သို့ ချက်ချင်းဒူးထောက်ချလိုက်၏ မျက်နှာအားကြမ်းပြင်နှင့်ထိလုမတတ် နိမ့်ဆင်းထားပြီး. . .

"ခွင့်လွှတ်ပါသခင်ကြီး အမတ်ကြီးသူရက အင်မတ ဉာဏ်အမြော်အမြင်ကြီးပြီး ပရိယာယ်ကြွယ်ဝလွန်းအားကြီး လူတစ်ယောက်ပဲ သူ့သမီးအခန်းထဲမှာ. . ."

"တိတ်စမ်း. . ကျုပ်အဂ္ဂက ဘယ်လိုဆင်ခြင်အကြော ပြချက်ကိုမှမကြားချင်ဘူး. ."

အဂ္ဂ၏အသံမှာမိုးခြိမ်းအလား ကျယ်လောင်ပြင်းထ ခက်မာစွာ ဟန့်တားသံထွက်ပေါ်လာပြီး. . မျက်ဝန်းအစုံ၌လ





အေးစက်ကြောက်မက်ဖွယ်ကောင်းသော အငွေ့အသက်များ ထွက်ပေါ်နေသည်ဟု ထင်မှတ်ရသည်။

"ကျွန်တော်မျိုးကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ. . သ. . သခင်ကြီး. . နောက်နောင်. . ဒီလိုမျိုးမဖြစ်စေရပါဘူး သခင်ကြီး. ."

အဂ္ဂက နှုတ်ခမ်းနှစ်ဖက်မှာ ရက်စက်လိုဟန်အပြည့်ဖြင့် တစ်ချက်တွန့်ကွေးသားပြီး. .

"မရတော့ဘူး. . မင်းခေါင်. . နောက်နောင်ဆိုတဲ့ စကားက သိပ်နောက်ကျလွန်းနေပါပြီ. . ကျုပ်အကြောင်းကို မင်းတို့ကောင်းကောင်းသိပါတယ်"

ဟုအေးခဲနေသော အသံကကျယ်ချမ်းဖွယ်ကောင်း လောက်အောင်ပင် တစ်လုံးချင်းထွက်ပေါ်လာခဲ့သည်။

ထို့နောက်. . ဦးဝီရိယတို့သားအဖ စားသောက်သွားသော စားပွဲပေါ်ရှိ အစိမ်းရောင်အကြွမ်းပန်းကန်လုံးတစ်လုံးအား မျက်-နဲ့လှမ်းယူ၍ လျှပ်တပြက်သူ့ရဲ့လက်အားတစ်ချက် ဆန့်ထုတ်လှုပ်ရှားလိုက်၏။

ချက်ချင်းဆိုသလို အကြွမ်းပန်းကန်လုံးလေးမှာ အရှိန် ပြင်းစွာဖြင့် လေကိုခွင်း၍ ဝိုးခနဲမြည်အောင် ထိုးဖောက် ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ အကြမ်းပန်းကန်လုံးဦးတည်ရွေ့လျားနေရာမှ စင်မြင့်အောက်ဖက်ထောင့်စွန်းနေရာရှိ ငွေမောင်းကြီးများ၊ ရွှေခေါင်းလောင်းလေးများအား စနစ်တကျအစီအရီထားရှိနေသောနေရာသို့ဖြစ်သည်။

မင်းခေါင်ခန္ဓာကိုယ်တဆတ်ဆတ်တုန်ယင်နေလျက် မျက်လုံးအပြူးသားဖြင့် အကြမ်းပန်းကန်လုံးရောက်ရှိထိမှန်မည့် အရာအားအထိတ်တလန့်ဖြင့် အသက်ပင်မရှူဘဲ ငေးကြည့်နေ၏။

အကြမ်းပန်းကန်လုံးမှာ ငွေမောင်းကြီးဆီသို့ ဦးတည်သွားနေရာမှ ရုတ်တရက်ရွှေခေါင်းလောင်းလေးများ ချိတ်ဆွဲထားသော သံမဏိနန်းကြိုးမျှင်ပါးပါးလေးဆီသို့ လမ်းကြောင်းပြောင်းသွားသည်။

"ခွမ်း. . ချလွင်. . ချလွင်. ."

အကြမ်းပန်းကန်လုံးက နန်းကြိုးမျှင်ပါးပါးလေးနှင့် အရှိန်ပြင်းစွာထိမှန်ပြီး နှစ်ခြမ်းကွဲထွက်သွားခြင်းနှင့်အတူ ချိုလွင်လှသော ရွှေခေါင်းလောင်းသံများက အဆက်မပျက်ထွက်ပေါ်လာသည်။

သို့သော်. .



မင်းခေါင်၏နားထဲမှာတော့ ယင်းချိုလွင်သာယာနေသောခေါင်းလောင်းသံများမှာ သေမင်းက သူ့အားလှောင်ပြောင်ရယ်မောကာ အော်ဟစ်ခေါ်နေသော အမင်္ဂလာခေါင်းလောင်းသံပင်ဖြစ်သည်။ သူမကြာခင်မှာပဲသေဆုံးရတော့မည်ဖြစ်ကြောင်း နားလည်လိုက်ပါသည်။ သူ၏ခန္ဓာကိုယ်၌ အသွေးအသားစွမ်းအင်သတ္တိများ ရုတ်ချည်းဆွဲဆုပ်ယူငင်ခံလိုက်ရသည့်နှယ် အားအင်ကုန်ခမ်းဖြူဆုတ်ကျသွားသည်။

စောနန္ဒချက်ချင်းပြောင်းလဲသွားသော မင်းခေါင်၏ အရိပ်အခြေအားကြည့်၍ ဘာမှနားမလည်ဘဲရှိနေသည်။ ခေါင်းလောင်းသင်္ကေတမှာ အမိန့်တစ်ခုခုဆိုတာကိုတော့ သူရိပ်စားမိသည်။

ခေါင်းလောင်းသံများပျောက်ကွယ်သွားပြီးနောက် သိပ်မကြာခင်မှာပင်. .

"ဝေါင်း. . ဝေါင်း. ."

ကြောက်ခမန်းလိလိ ဝမ်းခေါင်းသံကြီးနှင့်အတူ ဒေါသတကြီးအော်ဟစ်လိုက်သော ကျားတစ်ကောင်၏အသံအား ရုတ်တရက်ကြားလိုက်ရသည့်အတွက် သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။ ဒီလိုနေရာမျိုးတွင် ဘယ်လိုလုပ်ပြီး ကျားတစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကဝင်ရောက်လာသနည်းဟု စဉ်းစားလိုက်မိသည်။

အဂ္ဂအပါအဝင် စဉ်မြင့်အောက်ရှိ လက်နက်ကိုင် အစောင့်များ၏ မျက်နှာအား တစ်ချက်ဝေ့ဝဲအကဲခတ်ကြည့်လိုက်ရာဘာသံမှမကြားရှိသည့်အလား ပကတိအတိုင်းငြိမ်သက်တိတ်ဆိတ်နေ၏။ အခန်းတစ်ခုလုံး၌ အသက်ရှုရှိုက်သံမှ တစ်ပါးအပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်မှုက မင်းမူနေသည်။

ထိုစဉ်. .

အနက်ဝတ်ဆင်ထားကြသော လူသန်ကြီးလေးယောက်ကလှပကြီးမားသော ကျားတစ်ကောင်ပါရှိသည့် သံမဏိလှောင်ချိုင့်ကြီးတစ်ခုအား ဝါးပိုးဝါးကြီးနှစ်လုံးဖြင့်ဘေးဖက်မှ ညှပ်ထိုး၍ ဘေးတစ်ဖက်တစ်ချက်စီ၌ လူသန်ကြီးလေးယောက်က လက်နှစ်ဖက်ဖြင့် ဝါးလုံးအစွန်းလေးဖက်အား တစ်ဖက်ဆီမချီယူဆောင်လာကြသည်။

ကျားမှာ လူသန်ကြီးလေးယောက်၏ အလယ်မှနေ၍ လှောင်အိမ်ထဲရှိ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက်ဖြင့် သံတိုင်များကြားမှ သူ၏ကွေ့ကောက်ချွန်ထက်နေသော လက်သည်းရှည်ကြီးများကို ထုတ်၍လူသန်ကြီးများအား လှမ်းကုပ်နေလေ





သည်။

ထို့နောက်. . .

လူသန်ကြီးများက လှောင်ချိုင့်အား မင်းခေါင်၏ ဝါးတစ်ပြန်ခန့်အကွာ၌ ချထားလိုက်ပြီးဝဲယာသို့ ရှောင်ဖယ်သွားကာစနစ်တကျ ရပ်နေလိုက်သည်

"ဝေါင်း. . ဝေါင်း. . "

ကျားဟာကျားဆိုးကြီးတစ်ကောင်ဖြစ်ဟန်ရှိသည်။ သူလုံးဝကြောက်ခြင်းမရှိဘဲ မင်းခေါင်အားကြည့်၍ ချက်ချင်းကိုက်ဖြတ်စားတော့မည့်အလား သူ၏ချွန်ထက်လှ၍ သားရည်များစီးကျနေသော အစွယ်ဖွေးဖွေးရှည်ရှည်ကြီးများအားဖြဲကား၍ တဝေါင်းဝေါင်းဖြင့် အော်ဟစ်နေ၏။

"ဟင်း. . ဟင်း. . စိတ်ချပါ ငါ့သားကြီးတေဇရယ်. . မင်းဆယ်ရက်လုံးလုံး ဘာအစာမှမစားရသေးဘူးဆိုတာ ကျုပ်သိပါတယ်. . ဒီနေ့မင်းရဲ့စိတ်ဆန္ဒပြည့်ဝတော့မှာပါ. . အင်း. . ခက်တာက မင်းကလူသားကိုမှခံတွင်းတွေ့ပြီး တခြားအသားတွေမှမစားချင်ဘူးကိုးကွ. . မင်းအခုဘယ်လောက်အထိ ဆာလောင်မွတ်သိပ်နေလဲဆိုတာ ကျုပ်နားလည်ပါတယ်. . ဒီနေ့မင်းကြိုက်တဲ့လူသားချိုချိုကို ကောင်းကောင်းပွဲတော်တည်ရမှာကွ. .



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ခဏလေးငြိမ်ငြိမ်နေစမ်းပါကွ. . ”

“ကဲ. . မင်းခေါင်. . မင်းကိုကျုပ်အခွင့်အရေးတစ်ခုပေးမယ်. . ကျုပ်သားကြီးတေဇကို မင်းရဲ့အသားကို မင်းကိုယ်တိုင်လိုလိုလားလား ကျေကျေနပ်နပ်နဲ့ ကျုပ်သားကြီး ပင်ပန်းခံစရာမလိုဘဲ စားသုံးခွင့်ပြုမှာလား. . ဒါမှမဟုတ်. . ကျုပ်သားကြီးနဲ့ယှဉ်ပြိုင်တိုက်ခိုက်ဦးမှာလား. . ”

ဒါသည်သူတို့သိန်းငှက်မြို့တော်၏ စည်းကမ်းချက်ပင်ဖြစ်သည်။ အရည်အချင်းရှိ၍ အောင်မြင်မှုရရှိသည့်သူများကို အောင်မြင်သလို ထိုက်ထိုက်တန်တန်ကြီး ဆုချီးမြှင့်သလို တာဝန်မကျေပွန်သူများကိုလည်း ရက်ရက်စက်စက်ပြစ်ဒဏ်ပေးလေ့ရှိသည်။ တစ်ခုတော့ရှိသည်။ ကျားနှင့်အပြစ်ဒဏ်ပေးခံရသူ သည်ကျားဆိုး၏လှောင်အိမ်ချိုင့်ထဲသို့ ဝင်၍ကျားဆိုးနှင့်သူသေကိုယ်သေရဲဝံ့စွာ ယှဉ်ပြိုင်တိုက်ခိုက်ရသည်။

အကယ်၍ လူကကျားဆိုးအား အနိုင်ရသူ သတ်ဖြတ်နိုင်ပါက ထိုသူ၏အပြစ်အားလုံးပြေပျောက်၍ လွတ်ငြိမ်းချမ်းသာခွင့်ရရုံတင်မက ရာထူးကြီးများကို ချီးမြှင့်မြှောက်စားမည်ဖြစ်သည်။

သို့သော်. . .



အခုအချိန်ထိတော့ မည်သူတစ်ဦးတစ်ယောက်ကမှ ယိုကျားဆိုးကြီးအား ယှဉ်ပြိုင်တိုက်ခိုက်အနိုင်ယူခြင်း မရှိသေးချေ။

မင်းခေါင် အင်္ဂအားတစ်ချက် ဦးညွှတ်လိုက်ပြီး. .

“ကျွန်. . . ကျွန်တော့်အသားကို ကျေနပ်ကြည်ဖြူစွာနဲ့စားသုံးခွင့်ပြုပါ့မယ်. . သခင်ကြီး. . အဲဒီအတွက် ကျွန်တော်သခင်ကြီးအိမ်မှာ ကျွန်တော်မသေခင်တစ်ခုတောင်းဆိုချင်ပါတယ်. . ကျွန်တော်အရင်သိန်းငှက်မြို့တော်အတွက် စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့ဖူးတဲ့အတွက် အကျိုးတရားတွေကို ငဲ့ညှာထောက်ပြီး လိုက်လျောစေချင်ပါတယ်. . သခင်ကြီး. . ”

သူ၏အသံမှာ အနည်းငယ်တုန်နေသယောင် ရှိပေမယ့်ရဲဝံ့ပြတ်သားတည်ကြည်လှသည်။ သူ၏မျက်နှာပေါ်တွင်လည်းစောစောတုန်းကလို ခြောက်ချားတုန်လှုပ်စေမည့် အရိပ်အယောင်များက ကင်းစင်ပပျောက်နေ၏။

ဒါဟာလောကကြီး၏ အမှန်တရားပင်ဖြစ်သည်။ အသွေးအသားဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြသော လူသားတိုင်းသည် သူတို့သေရတော့မည်ဟု သိရှိလိုက်သူတို့ဘဝရှင်အကြီးအကျယ်ဆုံးခြောက်လှန့်တုန်လှုပ်သွားသည်မှာ ဓမ္မတာပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သို့သော်. . .

ကိုယ့်ကိုကိုယ်တကယ်သေလူတစ်ယောက် သတ်မှတ်ချက်ချလိုက်သောအခါ ပထမအစတုန်းကလောက်လို သွေးကြွဆူပွက်လှုပ်ရှားခြင်း မရှိတော့ဘဲသွေးအေးတည်ငြိမ်လာ၍ ငါဘာအရေးတကြီးကိစ္စများ လုပ်စရာရှိသေးလဲဆိုတာကို ခေါင်းအေးအေးဖြင့်စဉ်းစားတွေးခေါ် နိုင်လာသည်။

"ဘာများလဲ"

"ကျွန်တော့်ဖခင်အိုကြီးနဲ့ ညီမလေးကို ကောင်းကောင်းမွန်မွန်အသက်ရှင်သန်ခွင့်ပေးဖို့ပါ. . ကျွန်တော်ဖခင်တို့ကို သခင်ကြီးရဲ့မေတ္တာရိပ်အောက်မှာပဲ. . အခုအခြေအနေအတိုင်း ပြည့်ပြည့်စုံစုံနဲ့ ပျော်ရွှင်စိတ်ချမ်းမြေ့စွာပဲ ဆက်နေထိုင်ခွင့်ပြုပါဒါဆိုကျွန်တော်သေပျော်ပါပြီ. . "

"မင်းရဲ့တောင်းဆိုချက်ကို ကျုပ်သဘောတူပါတယ်. . မင်းကတစ်ချိန်က ကျုပ်ရဲ့အကျိုးတွေကို ကောင်းကောင်းမွန်မွန်ကျေပွန်အောင်ကြိုးစားဆောင်ရွက်ပေးခဲ့သလို အခုလဲမင်းက ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတိမ်းရှောင်သွားခြင်းမရှိဘဲ ကျုပ်ဆီကိုရဲရဲဝံ့ဝံ့နဲ့ အရောက်ပြန်ခဲ့တယ်. . မဟုတ်လား"



"ကျေးဇူးတင်ပါတယ် သခင်ကြီး. . . နောက်ပြီး ကျုပ်အမေနဲ့ညီမကို ကျွန်တော်တိုက်ပွဲတစ်ခုမှာ ကျဆုံးသွားတယ်ပြောပေးပါ. . "

ရုတ်တရက်မင်းခေါင်က သူ၏ခါးကြားထဲရှိဓါးမြှောင်အားဆတ်ခနဲဆွဲထုတ်၍ သူ၏ရင်ဝထဲသို့ အားကုန်ထိုးစိုက်သွင်းလိုက်၏။ ထို့နောက်. . အသံပင်မထွက်ဘဲ အရုပ်ကြိုးပြတ်လဲပြိုကျသွားလေသည်။

"ဝုန်း"

စောနန္ဒ သက်ပြင်းရှည်တစ်ချက်ကြိတ်ချလိုက်မိသည်။ ထိုကဲ့သို့သော လူမျိုးလက်ထဲသို့ ရမ္မာပူရမြို့ကြီးတစ်ခုလုံးရောက်ရှိသွားမည်ဆိုလျှင် ရှေ့ဆက်မတွေးဝံ့စရာပင်. . ။

ထို့နောက်. . .

လူသန်ကြီးနှစ်ယောက်က မင်းခေါင်၏ဝိညာဉ်ကင်းမဲ့နေသော အလောင်းအားချိုင်းနှစ်ဖက်မှချီ၍ လှောင်ချိုင့်တွင်းသို့ပစ်သွင်းလိုက်တော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## "ရန်ငြိုး"

ဦးဝီရိယနှင့် မောင်ကံသာတို့သည် ဝဏ္ဏာတို့နှစ်ယောက် နောက်မှလိုက်ပါလာရင်း အခန်းတစ်ခုရှေ့မှအဖြတ်တွင် ဆူညံနေသော အော်ဟစ်ကြိမ်းမောင်းသံ ရိုက်ပုတ်နေသံများကြောင့် ထိုအခန်းဆီသို့ မျက်လုံးများက သူ့လိုလိုဖျတ်ခနဲရောက်ရှိသွားသည်။

အခန်းတံခါးကား ဖွင့်ဟထားခြင်းကြောင့် အခန်းထဲရှိ အဖြစ်အပျက်အားလုံးတို့အား အထင်းသားတွေ့မြင်နေရသည်။

"ကဲကွာ. . ကဲ. . သေစမ်း. . ခွေးလောက်တော် အသုံးမကျတဲ့အကောင်. . ကဲကွာ. ."



"ရွှတ်. . ရွှတ်. ."

"အား. . အ. . အ. ."

ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော လူနှစ်ယောက်က သူနှင့်အသက်ရွယ်တူရှိသော အဝတ်အစားများစုတ်ပျက်ပေတေ၍ ရက်လကြာရှည်စွာ ဆံပင်များဖီးလိမ်းပြင်ဆင်ထားခြင်းမရှိဟန်ဖြင့် ခေါင်းမွေးစုတ်ဖွာလန်ကျဲနေပြီး နဂိုမျက်နှာပင် ခန့်မှန်းပုံဖော်၍ မရနိုင်လောက်အောင် မည်းညစ်ပတ်နေသော လူငယ်အားလူမဆန်စွာ စာနာမှုတရားကင်းမဲ့စွာဖြင့် ကြာပွတ်တစ်ချောင်းနှင့်ကျွဲရိုက်နွားရိုက်အဆက်မပြတ် အားကုန်လွှဲရိုက်နေလေသည်။

ပန်းနုရောင်ဝတ်ထားသော မိန်းမချောလေးတစ်ယောက်သည်ထိုကဲ့သို့ ငရဲပွက်သည့်အလား အော်ဟစ်ဆူညံနေသောအသံများအား အလွန်သာယာနေသောအသံအဖြစ် ထင်မှတ်နေ၍လားမသိ အေးဆေးစွာပင် စပျစ်သီးမှည့်များကို တစ်လုံးပြီးတစ်လုံးကို ခြွေယူစားသောက်နေသည်။

ထိုလူသုံးယောက်မှာ ဘိုးပြည့်၊ ရဲမာန်နှင့်စန္ဒီတို့ပင်ဖြစ်သည်။ ရဲမာန်၏တစ်ကိုယ်လုံးမှာ ငါးမွှန်းထားသကဲ့သို့ အရိုးရာများပရှုပွရှိနေပြီး သွေးစသွေးနများပင်စိမ့်ထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကွာ. . ရွတ်. . ရွတ်. ကျွန်စုတ်. . ငါ့အဝ

အစားတွေကိုတောင် ပြောင်အောင်မလျှော်နိုင်ဘူး. . ဟွ

မင်းဒီနေ့လုံးဝထမင်းမစားရဘူးလို့မှတ်. . နောက်ပြီး မင်းလိုကျွ

တစ်ကောင်က မတန်မရာငါ့မိန်းမစန္ဒီကို ကိုယ့်ကိုကိုယ်သူ

သားလေး ဘာလေးနဲ့ မြူဆွယ်ချင်သေးတယ်. . ကိုယ်နဲ့တန်

တန်ရာမနေချင်တဲ့အကောင်. . သေစမ်း. . သေစမ်းကွာ. . ရွ

"အ. . အမလေး. . သေပါပြီ. . ကြောက်ပါပြီဗျ. .

ရဲမာန်ကြွမ်းပြင်ထက်၌ ဘယ်ညာလူလိမ့်ရင်း အော်ဟ

ညည်းတွားနေရာမှ ကြာတော့အသံပင်မထွက်နိုင်တော့ချေ။

ဘိုးပြည့်ကြာပွတ်အား မြောက်ချီပင့်ချီအကြိမ်ကြိ

လုပ်နေသဖြင့် နောက်ဆုံးလက်မောင်းကြွက်များတောင့်တ

လာပြီးရိုက်ချက်များအား ပျော့လာလေသည်။

ထို့ကြောင့်. . .

ဘိုးပြည့်က ကြာပွတ်အားလွှတ်ပစ်လိုက်ပြီး ကျေ

အားမရနိုင်သေးပဲ ခြေထောက်၊ လက်သီးများဖြင့် ထိုးကြိ

နှက်နေပြန်သည်။

"ဘုန်း. . ဘုန်း မင်းသေမှအေးမယ်. . ဘာအလုပ်

လည်း မယ်မယ်ရရသေသေချာချာမလုပ်တတ်ဘူး. . ထမင်း



ဖို့ငါ့ကိုကုန်းချောဖို့ပဲသိတဲ့ကောင်. ."

ဟူ၍ပါးစပ်မှလည်း တတွတ်တွတ်ရေရွတ်ပြောဆိုပြီး အငြိုးအတေးနာကျည်းချက်ကြီးမားစွာဖြင့်ရိုက်နှက်နေ၏။

ထို့နောက်. . .

စန္ဒီက ထလာပြီး ဘိုးပြည့်၏လက်မောင်းအား သူမ၏ နူးညံ့ပျော့ပျောင်းသော လက်ကလေးနှစ်ဖက်ဖြင့် လှမ်းဆွဲထားလိုက်သည်။

"တော်ပါတော့. . . ဒေါသကိုလျှော့ချလိုက်ပါတော့ အစ်ကိုရယ်၊ အစ်ကိုအရမ်းပင်ပန်းနေပြီ. . ရော့. . ဒီမှာ. . ရေအေးလေး ဘာလေးသောက်လိုက်ပါဦး. ."

ဘိုးပြည့် သူမ၏ သာယာနာပျော်ဖွယ်ကောင်းသော အသံအားကြားလိုက်ရသည်နှင့် သူ၏ဒေါသတရားများ ချက်ချင်း အရည်ပျော်ကျသွားပြီး သူမလှမ်းပေးသော ဖန်ခွက်ထဲမှ ရေများအားတစ်ချက်မော့သောက်လိုက်၏။

"ငါ့နှမလေးက အရမ်းချစ်ဖို့ကောင်းတာပဲ၊ အလိုက်လဲ သိတတ်တယ်၊ ဒီကောင်က ငါ့နှမလေးကို အမျိုးမျိုး မြူဆွယ် ဖြားယောင်းနေတယ်ဆိုတော့ အစ်ကိုအရမ်း စိုးရိမ်ကြောက်လန့်ပြီးဒေါသထွက်သွားတာပါ. . ."

www.burmeseclassic.com

www.burmeseclassic.com



“အို. . ခစ်. . ခစ် ကျွန်မအပေါ် အစ်ကိုက အရမ်းချစ်နေတာကိုး အစ်ကိုရဲ့ အချစ်တွေကို ကျွန်မကောင်းကောင်းနားလည်ပါတယ်ရှင်. . စိတ်ချပါ၊ ကျွန်မက သူလိုကျွန်စုပ်တဲ့ သရက်စေ့လောက်တောင် မပြောင်ရောင်၊ အဆင့်အတန်းမရှိတဲ့လူမျိုးကို ဘယ်တော့စိတ်လှုပ်ရှား တိမ်းညွတ်မိမှာ မဟုတ်ပါဘူး၊ နောက်ပြီး. . . ကျွန်မမှာ အစ်ကိုတစ်ယောက်လုံး ရှိနေတာပဲမဟုတ်လား”

“ဟား. . ဟား. . ဟုတ်တယ်၊အရမ်းမှန်တယ်၊ အစ်ကို့နှမလေးပြောတာ အားလုံးမှန်တယ်”

“ကဲ. . ဟော့ကောင် မင်းကြားတယ်နော်၊ နောက်နောင်ကျုပ်ဘာသံမှ ထပ်မကြားချင်ဘူး. . . မင်းလည်းငါတို့ အခန်းထဲဝင်စရာမလိုတော့ဘူး၊ ဒီနေ့. . စန္ဒီကြောင့် မင်းသက်သာသွားတယ်မှတ်၊ ကဲ. . . နောက်နေ့မနက် မင်းထမင်းစားချင်တယ်ဆိုရင် ကျုပ်နဲ့ စန္ဒီရဲ့ဖိနပ်တွေကိုယူပြီး သေချာတိုက်ချွတ်ဆေးကြောပေးပါ. . ဒါပဲ”

ဦးဝီရိယ ဆေးတံအား အဆက်မပြတ်ဖွာရှိုက်ရင်း ဘိုးပြည့်၏ လက်ညှိုးငေါက်ငေါက်ထိုးကာ ရဲမာန်အားကြိမ်းမောင်းပြောဆိုနေသည်ကို ရပ်ကြည့်နေမိသည်။





ထိုစဉ်. .

သူ၏နားသို့ ခပ်လှမ်းလှမ်းရောက်ရှိနေပြီဖြစ်သော ကျော်ထင်နှင့်ဝဏ္ဏတို့ရောက်ရှိလာပြီး. . .

“ဘာများစိတ်ဝင်စားစရာရှိလို့လဲ. . . ဦးလေး”

“ဩော်. . စိတ်ဝင်စားစရာကောင်းတယ်ရယ်လို့ မဟုတ်ပါဘူး၊ ဒီလိုပဲ မြင်ကွင်းဆန်းလေးတွေတွေ့လို့ ရပ်ကြည့်နေမိတာပါ”

ကျော်ထင် လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်သည်။

“သူတို့သုံးယောက်ကြားမှာ စိတ်ဝင်စားစရာကောင်းတဲ့ နောက်ကြောင်းဇာတ်လမ်းလေးတစ်ပုဒ်ရှိတယ်. . ကျွန်တော်ပြောပြမယ်”

ထို့နောက်. .

ကျော်ထင်တို့က သူတို့ အခန်းရှိရာသို့ လိုက်ပို့ပေးရင်း ဘိုးပြည့်၊ စန္ဒီနှင့် ရဲမာန်ဆိုသော် လူငယ်သုံးယောက်၏ ဇာတ်ကြောင်းလေးအား သူတို့ သိခွင့်ရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)
## ရမ္မက်နိဂုံး

ညဉ့်. .

"တုံ. . တုံ. . တုံ"

ညဆယ့်တစ်နာရီထိုးပြီဖြစ်သည်။

မင်းရောင်အဆီများပြန်နေသော သူ၏ မျက်နှာအား အကျႌသက်ဖြင့် တစ်ချက်ပွတ်သပ်သုတ်လိုက်၏။ သူ၏ ကိုယ်ပေါ်တွင်လည်း အကောင်းဆုံးဝတ်စုံသစ်များအား ဝတ်ဆင်ထားပြီး အခန်းတစ်ခန်း၏ တံခါးရှေ့၌ ရပ်တန့်လိုက်သည်။

သူ၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားဟန်များ ပေါ်လွင်နေလေသည်။ သူက အခန်းတံခါးနားသို့ နားဖြင့်ကပ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ နားစိုက်ထောင်ကြည့်လိုက်သည်။ သူ၏ မျက်နှာမှာတစ်ချက်ပြုံးရောင်သန်းသားပြီး လက်ဝါးနှစ်ဖက်အား တစ်ချက်ပွတ်သပ်၍ အခန်းတံခါးအားလက်ဖြင့် အသာတိုး ဖွင့်လိုက်သည်နှင့်. .

"ကျွီ. ."

တံခါးမှာ အလွယ်တကူပင် ပွင့်ဟသွားရာ ချက်ချင်းပင် အခန်းတွင်းသို့ ဖျတ်ကနဲခုန်ဝင်၍ အခန်းတံခါးကို သေချာ ပြန်ပိတ်ထားလိုက်၏။

စားပွဲပေါ်ရှိ ဖန်မီးအိမ်လေးမှ ခပ်မှိန်မှိန်လေး လင်းဖြာနေသော မီးရောင်အောက်ရှိ ကုတင်တစ်လုံးပေါ်တွင် ငြိမ်သက်နှစ်ခြိုက်စွာ အိပ်မောကျသော မယ်ဒွန်း၏ ချောမောလှပ နုနယ်ဖွေးသန့်နေသော မျက်နှာကြည်ကြည်ဖူးဖူးလေးအား စိတ်လှုပ်ရှားဖွယ်တွေ့မြင်နေရသည်။

မင်းရောင် မျက်တောင်မခတ် အသက်မရှူဘဲ သူမ ကုတင်နားဆီသို့ တရွေ့ရွေ့ချဉ်းကပ်သွားသည်။ သူမနှင့်. . ပို၍. . ပို၍. . နီးကပ်လာလေ သူ၏အလှမှာပို၍ ထင်ရှားလာပြီး. . ရင်ခုန်မှုးယစ်စွဲမက်ဖွယ်ကောင်းလှသည်။

ထို့နောက်. .





သူမကုတင်နား၌ ခြေစုံရပ်တန့်၍ သူမမျက်နှာလေးအား တပ်မက်မောစွာ အရှိုက်မက်မက်ငေးငိုင်ကြည့်နေစဉ်မှာပင်. .

ရုတ်တရက်. .

ပါးစပ်အား, အားအင်ပြည့်ဖြိုးသန်မာလှသော လက်တစ်ဖက်လာရောက်ပိတ်လိုက်ကာ သူ၏ ဘယ်ဘက်ရင်အုံကြားသို့ အလွန်ထက်မြက်လှသော အရာတစ်ခုက နှစ်ချက်ဆင့် တိုးဝင်လာသည်။ မီးဖုတ်ထားသော သံထည်ပစ္စည်းတစ်မျိုးဖြင့် အထိုးခံလိုက်ရသည့်အလား အသည်းခွေပျက်မတတ် ပြင်းရှနာကျင်လွန်းဝေဒနာအား မခံမဆန့်ခံစားလိုက်ရပြီး သူ၏ အသိဉာဏ်အားလုံးတို့မှာ လုံးဝအမှောင်တိကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

## အလှည့်

"သား. . ဘိုးပြည့်. . မင်းရဲ့လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ရင်ကောင်းတယ်၊ သားအရမ်းချစ်မြတ်နိုးလွန်းတဲ့ မိန်းကလေးကိုလည်း သားပိုင်ဆိုင်ရနေပြီပဲ၊ ဘာဖြစ်လို့များ ရဲဟန်ဆိုတဲ့လူငယ်အပေါ်ကို ဒီလောက်အထိ အငြိုးအတေးကြီး ကြီးနဲ့ ညှင်းပန်းနှိပ်စက်နေရတာလဲကွယ်၊ မေမေ့သားလေးက ဒီလောက်အထိ အငြိုးအမျက်ကြီးသတဲ့လား. ."

အသက် (၇၀)ကျော် တစ်ခေါင်းလုံးဖြူဖွေးနေပြီဖြစ်သော. . ဘိုးပြည့်၏မျက်မမြင်ဒုက္ခိတ အမေအိုကြီးက သားဖြစ်သူအားဖြောင်းဖျပြောဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးပြည့်အံတင်းတင်းကြိတ်ထားလျက် ဦးခေါင်းအား အသွင်သွင်ခါယမ်းလိုက်ပြီး. .

"အမေ. . မသိပါဘူးဗျာ၊ သူ့အလှည့်တုန်းက သား အပေါ် ကို ခွေးလေ, ခွေးလွင့်တစ်ကောင်လို ရက်ရက်စက်စက် ဘယ်လိုနှိမ့်ချစော်ကားခဲ့သလဲဆိုတာ. . အမေသိလို့လား. ."

"ဘာပဲဖြစ်ဖြစ် သားလေးရယ်၊ ပြီးခဲ့တာလည်း ပြီးသွား ပြီပဲ၊ အတိတ်ကိုအတိတ်မှာပဲ ထားခဲ့ပါ၊ ဘာလို့အခေါက်ခေါက် ပြန်ပြီး အစဖော်ချင်နေရတာလဲကွယ်၊ သား စိတ်တွေအရမ်း ပင်ပန်းတာပေ့ါ၊ ခွင့်လွှတ်လိုက်ပါတော့၊ မေတ္တာတရားက အင်မတန်အေးချမ်းလှပါတယ်. ."

"တော်ပါတော့. . အမေ၊ ကျွန်တော့်ကို ဒီကောင်နဲ့ ပတ်သက်ပြီး ဘာမှ ထပ်မပြောပါနဲ့တော့ဗျာ၊ အမေနဲ့လည်း ဘာမှမဆိုင်ပါဘူး၊ ဒါကြောင့် အမေဝင်မပါ,ပါနဲ့၊ ကျွန်တော် သူ့ကို ဘယ်တော့မှ. . . ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး. . ဒါပဲ"

ဘိုးပြည့်ဒေါသတကြီး အော်ဟစ်၍ မိခင်ဖြစ်သူ၏ အခန်းတွင်းမှ ကမူးရှူးထိုးပြေးထွက်လာခဲ့သည်။

"တောက်. . ရဲမာန်၊ မင်းကို ငါလုံးဝကျေအေး ခွင့်မ လွှတ်ဘူးကွ. ."



သူက တပျစ်တောက်တောက်ဖြင့် တစ်ယောက်တည်း ရေရွတ်ညည်းတွားလျက် သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။

ထို့နောက်. .

မှောင်ရိပ်ကျနေသော အုတ်နံရံတစ်ခုမှ အဖြတ်တွင် ရုတ်တရက် သူ၏နောက်သို့ ဖျတ်ကနဲဝင်ကပ်လိုက်သော အရိပ် တစ်ခုကြောင့် ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားပြီး အရှေ့သို့ အမြန် ခုန်ရန် ဟန်ပြင်လိုက်၏။

သို့သော်. .

နောက်ကျသွားချေပြီ။ လက်ကြမ်းကြီး တစ်ဖက်က သူ၏ ပါးစပ်အား တင်းကြပ်စွာ ပိတ်ဆို့ထားလိုက်ပြီး သူ၏ ရင်ဝ ထက်၌ ပူကနဲစူးအောင့်နာကျင်သော ဝေဒနာဆိုးအား ခံစား လိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)
## သံသယ

အဂ္ဂ၏ မျက်နှာပြင်မှာ ချက်ချင်းပေါက်ကွဲထွက်တော့မည့် မီးတောင်တစ်ခုနှယ် နီရဲတွတ်နေလေသည်။

“ဒါဆို. . တစ်ညတည်းနဲ့တဲ့ မင်းရောင်နဲ့ ဘိုးပြည့်တို့ သေဆုံးသွားကြတာပေါ့ ဟုတ်လား. . ”

ဝဏ္ဏဦးခေါင်းအား အသာညိတ်ပြလိုက်၏။

“ဟုတ်ပါတယ်. . အစ်ကိုကြီး”

“ကောင်းပြီ၊ မင်းစိတ်ထဲမှာ အဲ့ဒီလူသတ်သမားဟာ ဘယ်သူဖြစ်နိုင်တယ်လို့ မင်းထင်သလဲ”

သူ၏မျက်နှာမှာ တည်ကြည်လေးနက်ဟန် အပြည့်ဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အထင်စောနန္ဒပဲဖြစ်လိမ့်မယ်၊ ဘိုးပြည့်တို့ မင်းရောင်တို့ဟာ ကာယသမားတွေ တော်ရုံလူလောက်တော့ အသာလေးပြန်ခုခံနိုင်ပါလိမ့်မယ်၊ အခုတော့. . သူတို့က တစ်စက်ကလေးမှ လှုပ်ရှားခွင့်မသာလိုက်ဘဲ အသက်သေဆုံး သွားကြရတယ်လေ. ."

ဟု အလွန်လေးနက်စွာဖြင့် တစ်လုံးချင်းဆိုလေသည်။

"ဟုတ်တယ်. . ကျုပ်လည်း သူ့ကိုပဲ သံသယရှိတယ်"

ထိုစဉ်. .

ကျော်ထင်၏နောက်မှ တည်ငြိမ်စွာဖြင့် ပါလာသော စောနန္ဒအားတွေ့လိုက်သည်နှင့် သူ၏ မျက်လုံးအစုံ၌ အလွန် လျှို့ဝှက်ကောက်ကျစ်သော အရိပ်အယောင်တစ်မျိုးက လှစ်ကနဲ ဖြတ်သန်းသွားပြီး အလွန်နှစ်လိုဖွယ်ရာကောင်းသော အပြုံး တစ်ခုက သူ၏ နှုတ်ခမ်းထက်၌ ခိုတွဲနေလေသည်။

"လာ. . နန္ဒ. . ထိုင်. . ထိုင်"

"ကျုပ်ကို ဘာပြောစရာရှိလို့လဲ၊ ပြောလေ. . အားမနာ ပါနဲ့. ."

ဝဏ္ဏနှင့် ကျော်ထင်တို့က အလိုက်သိတတ်စွာပင် အခန်းဝတစ်ဖက်တစ်ချက်စီ၌ သွားရောက်ရပ်နေလိုက်သည်။





"အင်း. . ကျုပ် မင်းဆီမှာ အကူအညီတစ်ခု တောင်း ချင်လို့ပါ"

"ပြောပါ. ."

"ကျုပ်ကို အခုတစ်လော စိတ်အနှောင့်အယှက် ပေးနေတဲ့ အမတ်ကြီးသူရကို ဒီလောကကြီးထဲမှာ အသက်ဆက်ရှင်သန်ခွင့်မပေးချင်တော့ဘူးဗျာ၊ ဒီကိစ္စကိုလည်း လက်ရုံးရည်ရော. . နှလုံးရည်ပါ ပြည့်စုံတဲ့ သူရဲကောင်းစောနန္ဒ ကလွဲပြီး ဘယ်သူမှ သေချာပေါက်အောင်မြင်အောင် မစွမ်း ဆောင်နိုင်ဘူးလေ. ."

စောနန္ဒ၏ ရင်ထဲ၌ ပိဿချိန်စီးလွန်းသော ခဲလုံးကြီး များများစွာချိတ်ဆွဲခံလိုက်ရသည့်နှယ် တင်းကြပ်ဆို့နစ်သွားရ သည်။ အမတ်ကြီးသူရဆိုသည်မှာ အင်မတန်ဖြောင့်မတ်ရိုးသား စွာရှိလှသော အမတ်တစ်ယောက်ဖြစ်သည်မဟုတ်ပါလော။

သူ့အား ဘာကြောင့် ဒီကိစ္စအား ရွေးချယ်စေခိုင်းသည် ကို. . သူကောင်းစွာသဘောပေါက်နားလည်လိုက်သည်။ သို့သော်. . သူ့တွင် ငြင်းဆန်ရန် ခွန်အားမရှိချေ။

အဂ္ဂက သူ၏ မျက်နှာရိပ်မျက်နှာကဲအား သေချာ စွာကဲခတ်ကြည့်နေသည်ကို ရိပ်စားမိသဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကျုပ် အမတ်ကြီးသူရရဲ့ ခေါင်းကို ဘယ်တော့. . သွားဖြတ်ပေးရမလဲ"

"ကျော်ထင်. ."

ကျော်ထင်အပြေးကလေးရောက်လာပြီး. .

"အမိန့်ရှိပါ. . သခင်ကြီး"

"ဟို. . သူဖုန်းစားသူ ပေးသွားတဲ့ အမတ်ကြီးသူရရဲ့ ပတ်သက်တဲ့ လျှို့ဝှက်သတင်းရော. ."

"ဒီမှာပါ. . သခင်ကြီး"

"ရော့. . နန္ဒ၊ ကျုပ်ကတော့ မင်းကို ဒီကနေ့ပဲ ခရီးစထွက်ခိုင်းချင်တယ်၊ ဒီနေရာဟာ ရမ္မာပူရမြို့က အတော်အလှမ်းဝေးလှတယ် မဟုတ်လား၊ ကျုပ်. . မင်းအတွက် အကောင်းဆုံးမြင်းညိုကြီးကို အသင့်စီစဉ်ပေးထားတယ်. ."

"ဒါဆို. . ကျုပ်ကို သွားခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ၊ မင်းအောင်မြင်ပါစေ. ."

"ခင်ဗျားပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ. ."

"ဩော်. . ခဏ၊ ကျုပ်ရေးခိုင်းထားတဲ့ စစ်နည်းပျူဟာတွေပြီးတော့မှာလား. ."

"အင်း. . ပြီးတော့မယ်၊ နည်းနည်းပဲလိုပါတော့တယ်"





ထို့နောက်. .

စောနန္ဒ. . အဂ္ဂအား နှုတ်ဆက်၍ စီစဉ်သင့်တာတွေ စီစဉ်ကာ ရမ္မာပူရမြို့တော်ကြီးသို့ ခရီးထွက်ခွာလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)
## အကြံတူမိတ်ဆွေ

ဆယ်ရက်ခန့်ကြာပြီးနောက်. .

"တုံ"

အဝေးမှ အုန်းမောင်းခေါက်သံတစ်ချက် ပျံ့လွင့်ထွက်ပေါ်လာသည်။

သို့သော်. .

အခုအချိန်ထိတိုင်အောင် ပန်းချီဆရာလေးရာဇာမှာ အိပ်မပျော်သေးပဲ ပန်းချီကားတစ်ချပ်အား စိတ်ပါဝင်စားစွာ ရေးဆွဲနေလေသည်။

ထိုစဉ်. .

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. . ဒေါက်. ."

ရုတ်တရက်ထွက်ပေါ်လာသော တံခါးခေါက်သံကြောင့် ရာဇာ၏ စုတ်တံကိုင်ထားသော လက်မှာ တုန်ခါသွားသဖြင့် ဆေးရည်များမှာ တခြားတစ်ဖက်သို့ ပေကျံသွားသဖြင့် သူ၏ ပန်းချီကားချပ်မှာ ပျက်စီးသွားခဲ့လေသည်။

"တောက်. . ဘယ်သူလဲကွ၊ သေချင်ပြီနဲ့တူတယ်၊ ငါ့ရဲ့စိတ်အာရုံကို ပျက်စီးအောင်လုပ်တာ ဘယ်သူလဲ"

သူဒေါသတကြီးအော်ဟစ်၍ တံခါးရှိရာသို့ပြေးလွှားသွားပြီး တံခါးအား ဝုန်းကနဲဆွဲဖွင့်၍ အပြင်ဘက်ရှိ လူအား လက်ပြန်ရိုက်ချရန် ဟန်ပြင်လိုက်သည်။

သို့သော်. .

သူ၏ လက်ဝါးမှာ ထိုသူ၏ ကိုယ်ပေါ်သို့ မကျရောက်ပဲ လေထဲ၌ပင် တစ်ဝက်တစ်ပျက် ရပ်တန့်သွားခဲ့သည်။ အကြောင်းကား အပြင်တွင်ရပ်နေသော ခပ်နွမ်းနွမ်း အဝတ်အားဝတ်ဆင်ထားသည့် လူငယ်၏ လက်ထဲမှ ပန်းချီကားချပ်ကြီးတစ်ခုကြောင့်ပင်ဖြစ်သည်။

လူငယ်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် သူ့အား မျက်လုံးအပြူးသားဖြင့် ရပ်ကြည့်နေရာမှ သတိဝင်လာပြီး ကမန်းကတန်း





ဦးညွတ်လျက်. .

"ခွင့်. . ခွင့်လွှတ်ပါ ပန်းချီဆရာလေး၊ ကျွန်တော်ဆွဲထားတဲ့ ပန်းချီကားချပ်လေးကို ဆရာ့ကို ပြချင်လို့ပါ"

ထိုလူငယ်မှာ တခြားသူမဟုတ်. . စောနန္ဒပင်ဖြစ်သည်။

ရာဇာက သူ့စကားအား ကြားဟန်ပင်မတူဘဲ ပန်းချီကားချပ်ကိုသာ အရောင်တဖိတ်ဖိတ်တောက်ပနေသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ကာ. .

"အဲ့ဒီ. . ပန်းချီကားချပ် ကျုပ်ကိုပြစမ်း"

"ဟုတ်. . ဟုတ်ကဲ့"

"လှလိုက်တာ၊ အရမ်းလှတဲ့ ပန်းချီကားတစ်ချပ်ပဲဗျ. . ဒီပန်းချီကားထဲမှာရှိတဲ့ ရမ္မာပူရမြို့တော်ဟာ တစ်ချိန်က ကျုပ်စိုးစံရမယ့်နေရာပဲ. ."

"အွတ်. ."

"ဝုန်း"

လူငယ်၏ လျှပ်တပြက်လှုပ်ရှားလိုက်မှုကြောင့် ရာဇာမှာ သူ၏လည်ပင်းအား ဆုပ်ကိုင်လျက်အသံပင် မထွက်နိုင်ပဲ အရှင်ကြီးပြတ်လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. .

"ရန်သူ. . ရန်သူ ကယ်ကြပါဦးရှင်၊ ရှာဂျ်အသတ်ခံလိုက်ရပြီ. .'

ရုတ်တရက် စူးစူးရှရှထွက်ပေါ်လာသော အသံတစ်သံကြောင့် စောနန္ဒထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။ ယင်းအချိန်. . အလင်းရောင်တစ်ချက်ဝင်းလက်သွားပြီး. .

"ဘုတ်. ."

သူ၏ ကျောနောက်ဘက်မှ ဓားတန်းလန်းဖြင့် ပြုတ်ကျလာသော သာလိကာတစ်ကောင်ကြောင့် စောစောက အော်ဟစ်အကူအညီတောင်းသူမှာ လူသားမိန်းကလေးမဟုတ်ဘဲ သာလိကာမတစ်ကောင်ဖြစ်ကြောင်း သိလိုက်သည်။

ထိုသာလိကာမမှာ မိသဋ္ဌာကို လှည့်စားခေါ်ဆောင်လာနိုင်ခဲ့သော "အလိမ္မာ"ဖြစ်၏။ ယခုတော့. . လူယုတ်မာများအတွက် အကူအညီရစေသော သာလိကာမလေး၌ ပေါက်ခါးတစ်လက်စိုက်ဝင်လျက် သေဆုံးသွားပေပြီ။

စောနန္ဒာမှာ သူ့အား ကူညီသည့်လူကို သိလိုဇောဖြင့် ပေါက်ခါးလာရာလမ်းကြောင်းကို လှည့်ကြည့်လိုက်၏။ ထိုအခါ "ဦးဝီရိယ"ဆိုသော အမျိုးသားကြီးကို တွေ့ရ၏။



ဦးဝီရိယက "အမြန်ဆုံးထွက်ပြေးပေတော့" ဟူသည့် အဓိပ္ပါယ်ကို ခြေဟန်လက်ဟန်ဖြင့်ပြပြီးနောက် သစ်လုံးအိမ်တွေကြားထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။ စောနန္ဒကလည်း မှောင်ရိပ်ခိုကာ သူ့အခန်းထဲသို့ အပြေးအလွှား သွားရလေတော့သည်။

ယင်းအချိန်တွင် . .

သာလိကာမ "အလိမ္မာ"၏ အော်သံကြား၍ လန့်နိုးကာ သစ်လုံးအိမ်များအတွင်းမှ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြ၏။ သူတို့သည် ပန်းချီကားတစ်ချပ်ကို ပိုက်ရင်းသေဆုံးနေသော ရာဇာကို မြင်တော့ ထိတ်လန့်အံ့သြသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် စောနန္ဒသည် အဂ္ဂ၏ အခေါ်လွှတ်ခြင်းခံရ၏။ သူရောက်သောအခါ စားပွဲဝိုင်း၌ အဂ္ဂ, ဝဏ္ဏ, ကျော်ထင်, ဦးဝီရိယတို့နှင့် အဂ္ဂအားထားရသော လူ၇ ဦး ရောက်ရှိနေကြပေပြီ။

"လာ. . . နန္ဒ. . . မင်းဆီက အကူအညီတောင်းစရာ ရှိတယ်. . ."

"ဘာများလဲ"

စောနန္ဒက ဦးဝီရိယကို တစ်ချက်ကြည့်ပြီး မျက်နှာထား တည်တည်ဖြင့် ဝင်ထိုင်လိုက်သည်။

အဂ္ဂက စောနန္ဒကို သံသယမျက်လုံးများဖြင့် အကဲခတ် ကြည့်ရင်း. .

"မင်းပန်းချီဆွဲတတ်သလား"

စောနန္ဒက အဂ္ဂ၏ မျက်လုံးထဲကို ပြန်လည်စိုက်ကြည့် ရင်း. .

"ဆွဲတတ်ပါတယ်၊ ဒါပေမယ့် သေသွားတဲ့ ဟိုပန်းချီ ဆရာရဲ့ လက်ထဲက ပန်းချီကားချပ်က ကျုပ်ဆွဲတာ မဟုတ်ဘူး"

အဂ္ဂ၏မျက်ခုံးအစုံက နဖူးပေါ်သို့ ခုန်တက်သွားတာ အတော်ကြီးကြာမှ ပြန်ကျလာသည်။



"ဟုတ်တယ်. . မင်းကို ကျုပ် သံသယဝင်တာ မထူး ဆန်းပါဘူး၊ မင်းရောက်လာကတည်းက ကျုပ်အတွက် အရေး ကြီးတဲ့လူတွေ အသတ်ခံရတာကိုး. . "

"ကျုပ်ရောက်စတုန်းက ဘာဖြစ်သေးလို့လဲ၊ မှတ်မှတ် ရရ. . ဒီဦးဝီရိယဆိုတဲ့ မြေးအဘိုးရောက်လာပြီးမှ ဒီပြဿနာ တွေစဖြစ်တာပဲ၊ တကယ်တမ်း. . သံသယဝင်သင့်တာက သူ့ကိုပဲ. . "

စောနန္ဒက မကျေမချမ်းဖြင့်ပြောရာ. . ဦးဝီရိယက မျက်ထောက်နီကြီးဖြင့် သူ့ကိုစိုက်ကြည့်သည်။

"ကျုပ်က သိန်းငှက်မြို့သားအဖြစ် လိုလိုလားလားနဲ့ကို ခံယူခဲ့တဲ့သူလေ၊ ဒီလိုကိစ္စမျိုးကို ဖန်တီးစရာ ဘာအကြောင်းမှ မရှိဘူး. . "

"ဘယ်ပြောလို့ရပါ့မလဲ၊ အကြံသမားဆိုတာ ဟန်ဆောင်ကောင်းတတ်တယ်လေ. . "

"ဟန်ဆောင်ကောင်းတဲ့လူက မင်းပဲဖြစ်လိမ့်မယ်၊ ဒါကို အားလုံးရိပ်မိနေပြီ. . "

စောနန္ဒက ဒေါသထွက်သွားဟန်ဖြင့် စားပွဲကို လက်သီးဖြင့် 'ဒုန်း'ကနဲမြည်အောင် ထုပြီး ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒါ. . ကျုပ်ကို သက်သက်စွပ်စွဲတာပဲ၊ ကျုပ်. . ခင်ဗျားတို့နဲ့ စိတ်ရောပူးပေါင်းထားတာ၊ ဒါ့ကြောင့်သာ အမတ်ကြီးသူရရဲ့ ဦးခေါင်းကို ဖြတ်လာပေးခဲ့တာပေါ့၊ အခုဆိုရင် ကျုပ်ကို ဝရမ်းထုတ်ထားပြီးလောက်ပြီ၊ ဒါတောင်မှ ခင်ဗျားတို့က ကျုပ်ကို မယုံကြည်သေးဘူးလား. . ”

အဂ္ဂက ပြုံးလိုက်၏။ လှို့ဝှက်ထူးဆန်းသောအပြုံးမျိုးဖြစ်သည်။ သူသည် စောနန္ဒမှာ အမတ်ကြီးသူရကို သတ်ခဲ့သူဖြစ်ကြောင်း အားလုံးသိနိုင်စေရန် အကွက်ချစီစဉ်အောင်မြင်ခဲ့ပြီးပေပြီ။

ယခုဆိုလျှင်. . စောနန္ဒကို လူသတ်ဝရမ်းပြေးအဖြစ် ရမ္မာပူရတစ်မြို့လုံးက သိနေကြပြီဖြစ်သဖြင့် စောနန္ဒမှာ သူ့ကိုသာ အားကိုးတကြီးမှီခိုရတော့မည်ဟု တစ်ထစ်ချ တွက်ဆထား၏။

“ကဲ. . ရန်မဖြစ်ကြပါနဲ့၊ မင်းရဲ့အခြေအနေက ကျုပ်ယုံကြည်ပေးလို့ရတဲ့ အနေအထားမှာရှိနေပြီပဲ၊ မင်းအပေါ်. . သံသယထားမိတာ ခွင့်လွှတ်ပါ”

“ဒီလိုဆို သခင်ကြီးက ကျုပ်ကို သံသယဝင်သွားလို့လား. . ပြောပါဦး”



ဦးဝီရိယက အခဲမကြေဟန်ဖြင့် ထမေးလျှင်. . အဂ္ဂသဘောကျသွား၏။ သူ၏ လက်အောက်ငယ်သားအချင်းချင်း အပြိုင်အဆိုင်မသင့်မမြတ်ဖြစ်လေ. . သူ သဘောကျလေဖြစ်သည်။ သူတို့၏ယှဉ်ပြိုင်မှုသည် သူ့အတွက် အကျိုးပေးနိုင်သည် မဟုတ်ပါလော။

“ဟာ. . ဦးလေးကို ဘာလို့ သံသယဝင်ရမှာလဲ၊ အခု. . ကျွန်တော်တွေးမိတာက ကျုပ် မထင်မှတ်ထားတဲ့ လူတစ်ယောက်ယောက်က ကျုပ်တို့ချင်း အခုလို သံသယပျိုးပင်တွေရှင်သန်နိုင်အောင် မျိုးစေ့ချပေးနေတာလည်း ဖြစ်နိုင်ပါတယ်. . ”

“အဲ့ဒီလူဟာ ဘယ်သူပါလိမ့်. . ”

စောနန္ဒက ညည်းတွားရေရွတ်၏။

အဂ္ဂက လက်ကာပြပြီး. .

“မပူပါနဲ့၊ ကျုပ် ဒီလူကို အရဖမ်းပြမယ်၊ ကဲ. . တော်ပြီ၊ ဒီကိစ္စကို ခေါင်းထဲက ထုတ်လိုက်ကြတော့၊ လုပ်လက်စ အလုပ်တွေကိုသာ အာရုံစိုက်ပြီး ဆက်လုပ်ကြပါ”

စောနန္ဒက ခေါင်းညိတ်ပြလိုက်၏။ ဦးဝီရိယကတော့ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီးနောက်. . “ဝါး”ကနဲ သမ်းချက်

www.burmeseclassic.com

www.burmeseclassic.com



သမ်းဝေလိုက်သည်။

"ကျုပ်အတွက် အလုပ်တစ်ခုပေးပါဗျာ၊ ဒီအတိုင်းနေတာကြာရင် ပျင်းလွန်းလို့ သေရတော့မယ်. ."

"နန္ဒ ရေးဆွဲတဲ့ စီမံကိန်းမှာ ဦးလေးကို အဓိကနေရာမှာ ထားပေးဖို့ ပြောထားတယ်. . ဦးလေး အားဖြည့်ထားပါ"

"ကျုပ်က အားပြည့်ပြီးသားပဲ. . . နန္ဒ. . . စီမံကိန်း ရေးဆွဲတဲ့ကဏ္ဍမှာ ကျုပ်လဲပါချင်ပါတယ်. . . ဖြစ်မလား"

စောနန္ဒက အင်တင်တင်ဖြင့် အဂ္ဂကို လှမ်းကြည့်၏။ အဂ္ဂက သဘောကျသွားဟန်ရှိ၏။

"ဒီလိုဆို စောနန္ဒအတွက် အကူအညီရတာပေါ့၊ ကောင်းသားပဲ နန္ဒ. . . မင်းသူတို့နဲ့သွားနေပါ"

"ကောင်းပြီလေ"

ဦးဝီရိယက သူ၏အကြံအစည် အထမြောက်သွား၍ ကျေနပ်စွာ အားပါးတရ ပြုံးလိုက်၏။ စောနန္ဒကတော့ ပွင့်လင်းစွာပြုံးခွင့်မရသည့်အနေအထားကြောင့် မျက်နှာတည်ကြီးဖြင့် ငြိမ်သက်နေရလေသည်။



ညဥ့်နက်လှပေပြီ။

ဦးဝီရိယ၊ စောနန္ဒနှင့်မောင်ကံသာတို့မှာ ကုတင်ကြီးပေါ်၌ လှဲလျောင်းရင်း အသက်မှန်မှန်ရှူနေကြ၏။ သို့သော် သူတို့သည် အိပ်ပျော်ခြင်းသို့ မရောက်ကြသေးပါ။

စောနန္ဒက ဦးဝီရိယ၏ လက်ပေါ်၌ လက်ညှိုးဖြင့် ထိတွေ့ရင်း စာရေးတော့၏။ ဦးဝီရိယက သူ၏ လက်ညှိုးရွေ့လျားထိတွေ့မှုကို ပုံဖော်ခံစားဖတ်ရှုရသည်။

"ဘိုးပြည့်ကို ဦးလေးသတ်တာ မဟုတ်လား"

ဦးဝီရိယကလည်း စောနန္ဒက လက်ချောင်းတစ်လျှောက်၌စာပြန်ရေး၏။

"ဟုတ်တယ်. . မင်း. . မင်းရောင်ကိုသတ်တဲ့ညကပဲ ငါဘိုးပြည့်ကိုသတ်လိုက်တာ. ."

"ဒီလူတွေကို ကျုပ်တစ်ယောက်တည်းနဲ့ ရင်ဆိုင်ရမယ်ထင်ထားခဲ့တာ အခုလိုအကြံတူတဲ့ မိတ်ဆွေမျိုးရတဲ့အတွက် အတော်အားတက်သွားပြီဗျာ. ."

"အင်အားကိုထည့်မစဉ်းစားနဲ့လေ. . အခုငါတို့မှာ အခွင့်အရေးရှိနေသားပဲ ငါတို့ပါးနပ်ဖို့ပဲလိုတယ်. . စိတ်ပူမနေနဲ့တော့. ."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူဘဲ နေနိုင်ရိုးလား. . ဦးလေးရယ်၊ ကျုပ်တို့ သူတို့ကိုဖြိုခွင်းဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲ၊ အခုဆိုရင် ကျုပ် အချိန်ဆက်ဆွဲထားလို့လည်း မဖြစ်တော့ဘူး. ."

"ဒါဆိုလည်း အချိန်ဆက်မဆွဲနဲ့တော့ပေါ့. ."

စောနန္ဒ အတန်ကြာအောင် ငြိမ်သက်သွားပြီးမှ. .

"ဦးလေးမှာ အကြံကောင်းတွေရှိနေပြီ ထင်တယ်"

ဟူ၍ ရေးခြစ်လိုက်၏။

"မင်းမဆိုးဘူး၊ မင်း. . အခု အဓိကအခက်အခဲ ဖြစ်နေတာ ဘာအတွက်လဲ. ."

"အဓိက,ကတော့ ကျုပ်ဖခင်ဆီ သတင်းပေးလို့ မရတာပဲ၊ အမတ်ကြီးသူရဆီသွားတုန်းက ကျုပ်လှုပ်ရှားဖို့ အခွင့်မသာခဲ့ဘူး၊ ဝဏ္ဏနဲ့ကျော်ထင်တို့က နောက်ယောင်ခံလိုက် လာကြတယ်လေ. ."

"အမတ်ကြီးသူရအတွက် မင်းခံစားနေရမှာပဲနော်"

"ခံစားရတာပေါ့ဗျာ၊ ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင်ဘူး၊ ဒါပေမယ့် အမတ်ကြီးသူရကိုမှ မစတေးပစ်ရင် ရမ္မာပူရတစ် မြို့လုံးအတွက် မျှော်လင့်ချက်ကင်းမဲ့သွားနိုင်တယ်လေ. ."





"မင်းရဲ့ဆုံးဖြတ်ချက် မှန်ပါတယ်၊ ဒါကိုထားတော့. . အခု. . ကျုပ်တို့အပြင်လောကက. . မင်းဖခင်နဲ့ဆက်သွယ် ကြပါစို့. ."

"ဘယ်လိုဆက်သွယ်နိုင်ပါ့မလဲ၊ ကျုပ်တို့ ဒီက ထွက်လို့မှမရဘဲ. ."

"ကျုပ်မိတ်ဆွေတွေက ဒီအခက်အခဲကို ဖြေရှင်းပေး နိုင်ပါတယ်. ."

ဦးဝီရိယက ထိုသို့ရေးပြီးနောက် ဘော့မွန်ရိုးနှင့် မာရီလင်ဆိုသော ၊တွေအကြောင်း စောနန္ဒကို အသိပေးလိုက်သည်။ စောနန္ဒ အလွန်အားတက် သွား၏။

"ဒါဆို ဟန်ကျတာပေါ့၊ ကျုပ် အခုရေးထားတဲ့ စီမံကိန်းကိုပါ တွဲပို့ပေးလိုက်မယ်၊ ဒီလိုဆို အဘက နန်းတွင်းက လုံခြုံရေးအစီအစဉ်တွေကို အဆင်ပြေအောင် ပြောင်းပေး ထားမှာပဲ. ."

"ဟုတ်တယ်. . ဒီမှာရှိတဲ့အင်ဖားကို ငါတို့လျှော့ချ ပစ်ရမယ်၊ အင်အားတစ်ဝက်လောက်ကိုခွဲပြီး ရမ္မာပူရမြို့



www.burmeseclassic.com

www.burmeseclassic.com



အရင်လွှတ်ထားလိုက်မယ်၊ ကျန်တဲ့လူတွေကို ငါတို့ကြည့်ရှင်းမယ်. ."

"ဒီလိုဆို ကျုပ်တို့ချည်းပဲ. . ဘယ်ဖြစ်ပါ့မလဲ၊ အဘဆီက စစ်ကူလှမ်းတောင်းရမှာပေါ့. ."

"အေး ဒီအကြံအစည်ကို ငါတို့ အမြန်ဆုံး အကောင်အထည်ဖော်ကြပါစို့. ."

ထို့နောက်တွင်. .

သူတို့သည်. . နှစ်ခြိုက်စွာ အိပ်စက်လိုက်ကြလေသည်။

* * *



ဆယ်ရက်ခန့်ကြာသောအခါ. .

စောနန္ဒက "နန်းတွင်းစစ်ဆင်ရေး" စီမံကိန်းကို အဂ္ဂလက်ထဲသို့ ထည့်လိုက်၏။

အဂ္ဂက စီမံကိန်း၏ အစီအစဉ်တစ်ခုချင်းဆီကို ဖတ်လိုက်,စဉ်းစားလိုက်, ခေါင်းညိတ်လိုက်ဖြင့် အချိန်အတော်ကုန်ပြီးမှ ကျေနပ်အားရစွာပြုံးလိုက်သည်။

"သိပ်ကောင်းတယ်၊ ဘာတစ်ခုမှ ဟာကွက်မရှိဘူး၊ ဒီအတိုင်းဆို ကျုပ်. . သုရမ္ဘရာဇာရဲ့ ဦးခေါင်းကို ဖြတ်နိုင်ဖို့ဆိုတာ. . မခဲယဉ်းလှပါဘူး. ."

"ဒါဆို ဒီစီမံကိန်းကို ဘယ်တော့ အကောင်အထည်စဖော်မလဲ. ."

"ကျုပ်လူတွေကိုက အဆင်သင့်ဖြစ်အောင် ပြင်ပေးထားပြီးပြီ၊ ဒီတော့ အခုပဲ ကျုပ်ရဲ့ အင်အားတစ်ဝက်ကို ရမ္မာပူရမြို့ထဲသွင်းပြီး တပ်ဖျောက်ခိုင်းထားတော့မယ်. ."

အဂ္ဂက အားတက်သရောပြော၏။ ဝဏ္ဏက မျက်မှောင်ကုတ်ရင်း. .

"ကျုပ်တို့ရဲ့ အင်အားတစ်ဝက်ကိုတောင် ရွှေ့ရော့မြေး

www.burmeseclassic.com

www.burmeseclassic.com



လွှတ်မလို့လား. . ဒီလောက်လူအများကြီး တစ်ခါတည်း ဝင်သွားရင် တစ်ဖက်ရန်သူတွေက သံသယဖြစ်လာနိုင်တယ်နော်”

ဟူ၍ အလိုမကျဘဲ ပြောသည်။

အဂ္ဂက ပြုံးရင်း ခေါင်းခါရမ်းလိုက်၏။

“ဒီကိစ္စကို ပူဖို့မလိုအောင် သူရဲကောင်းလေးနန္ဒတို့က စီစဉ်ပေးထားပါတယ်၊ နောက် ၇-ရက်မြောက်နေ့ဟာ သုရဗ္ဗရာဇာရဲ့ မွေးနေ့ပဲ၊ ဒါ့ကြောင့် ရမ္မာပူရမြို့တွင်းမှာ ပျော်ပွဲရွှင်ပွဲတွေကျင်းပပေးနေပြီလေ၊ ကျုပ်တို့ရဲ့ သိန်းငှက်မြို့တော်သားတွေက ဆယ့်နှစ်ပွဲဈေးသည်တွေအဖြစ် အလွယ်တကူ ဝင်လို့ရတာပေါ့. . ”





“ဩော်. . ဒါဆိုရင်တော့ စိုးရိမ်စရာမရှိပါဘူး. . ”

ဝဏ္ဏက ဘဝင်ကျသွားလျှင်. . အဂ္ဂက ဆက်ပြော၏။

“မနက်ဖြန်ညမှာ ကျုပ်တို့ကျန်တဲ့လူတွေ မြို့ထဲဝင်နိုင်အောင် ရှေ့တော်ပြေးတွေ စီစဉ်ဖြေရှင်းပေးထားလိမ့်မယ်၊ ကျုပ်တို့ချင်း ပူးပေါင်းပြီးရင်တော့ တပ်ဖျောက်ထားပြီး သုရဗ္ဗရာဇာကို လုပ်ကြံဖို့ အချိန်စောင့်ရုံပဲ. . ”

စိတ်မြန်လက်မြန်ရှိသော ကျော်ထင်က ချက်ချင်းထရပ်ပြီး သူ့လူများကို ရမ္မာပူရမြို့တွင်းသို့ စေလွှတ်ရန် ထွက်သွားသည်။

အဂ္ဂ၏မျက်နှာမှာ ပြုံးရွှင်နေပြီး မျက်လုံးများက အရောင်တလက်လက်တောက်ပနေ၏။

“ကဲ. . စားကြပါ၊ ကနေ့ ညစာဟာ အတော်စားကောင်းမှာပဲ၊ အင်း. . မနက်ဖြန်ညဆိုရင်တော့ ကျုပ်တို့ရဲ့ အစွမ်းအစကို ပြရတော့မယ်. . ”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)
## "အသိပေးခြင်း"

အိုပန်းနွယ်သည် ဝတ်စုံဖြူဝတ်ဆင်ထားသော အဘိုးအိုနောက်မှ လိုက်ပါလာ၏။ သူမသည် ဘာကိုမှ မစဉ်းစားမိချေ။ ဦးနှောက်ထဲ၌ ဟင်းလင်းပြင်အဖြစ် ရှင်းလင်းနေသည်။ ရှေ့က သွားနေသော အဘိုးအိုမှာ မည်သူနည်း။ သူမသည် အဘယ့်ကြောင့် အဘိုးအိုနောက်သို့ လိုက်နေရပါသနည်း။ အဘိုးအိုက မည်သည့်နေရာသို့ သွားနေပါသနည်း။ ပုံမှန်ဆို ထိုမေးခွန်းများကို သူမ. . စဉ်းစားမိပေမည်။ ယခုတော့ သတိကင်းမဲ့လျက် ခြေထောက်များက အလိုအလျောက် လိုက်ပါနေလေသည်။

အဘိုးအိုက ကျောက်တုံးကြီးတစ်ခုရှေ့၌ ခြေလှမ်းရပ်

www.burmeseclassic.com

www.burmeseclassic.com



တန့်လိုက်၏။ အိုပန်းနွယ်ကလည်း အဘိုးအိုနောက်၌ ကပ်လျက် ရပ်လိုက်၏။ ရုတ်တရက်. . အဘိုးအိုက သူမလက်ကိုဆွဲပြီး ကျောက်တုံးကြီးထံသို့ တိုးဝင်သွား၏။

အားကောင်းသောဆွဲငင်မှုကို အိုပန်းနွယ် မတွန်းလှန်နိုင်ဘဲ သူမ၏ခန္ဓာကိုယ်မှာ ကျောက်တုံးကြီးထံသို့ တိုးဝင်သွားသဖြင့် သူမရင်ထိတ်သွားသည်။ ထိုကျောက်တုံးကြီးနှင့် သူမခန္ဓာကိုယ်အရှိန်ပြင်းစွာ ရိုက်မိ၍ ခန္ဓာကိုယ်တစ်ခုလုံး ကျေးကြေ ထိခိုက်သွားတော့မည်ဟု ထင်မိ၏။ သို့သော် သူမ ထင်မှတ်ထားသကဲ့သို့ ဖြစ်မလာပါ။

အဘိုးအိုနှင့် အိုပန်းနွယ်တို့၏ ခန္ဓာကိုယ်မှာ ကျောက်တုံးကြီးအတွင်းသို့ နစ်မြုပ်ဝင်ရောက်သွားသည်နှင့် စုပ်ယူဆွဲငင်မှုကို ခံလိုက်ကြရ၏။ သူတို့၏ခန္ဓာကိုယ်များသည် အလိုအလျောက် ရွေ့လျားလာရာ. . မကြာမီမှာပင် ကျောက်တုံးကြီးထဲမှထွက်ပြီး ဂူတွင်းသို့ ရောက်လာသည်။

ဂူတွင်း၌ အရိုးစုများ, ရတနာပုံများနှင့် ကြေးမုံပြင်ကြီးတစ်ခုကို ညလင်းပုလဲ၏ အလင်းရောင်ဖြင့် တွေ့ရသည်။

“ငါ. . ဒီနေရာကို ရောက်ဖူးသလိုပဲ၊ ဘယ်တုန်းက ရောက်ခဲ့ပါလိမ့်. . ”



အိုပန်းနွယ် စဉ်းစားကြည့်၏။ သိသလိုလိုနှင့်. . မမှတ်မိပါချေ။ အသေအချာ အားစိုက်စဉ်းစားကြည့်သည်။ ကြာတော့ ခေါင်းတွေကိုက်လာ၏။

“ငါ့ကို ဒီခေါ်လာတဲ့ အဘိုးအိုကို မေးကြည့်ဦးမယ်၊ သူသိချင်သိနိုင်တယ်. . ”

သူမက ထိုအတွေးဖြင့် ဝတ်စုံဖြူဝတ်ထားသည့် အဘိုးအိုကို လှမ်းကြည့်လိုက်သည်။

အဘိုးအိုက သူမကိုကြည့်နေရာမှ. . သူ့နဘေးရှိ ကြေးမုံပြင်ကြီးကို လက်ညိုးထိုးရင်း ခေါင်းညိတ်ပြသည်။ ထို့နောက်. . သူသည် ကြေးမုံပြင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏။

အိုပန်းနွယ် တအံ့တဩဖြစ်ကာ ကြေးမုံပြင်ရှေ့ပြေးလွှားသွားပြီး ကြည့်လိုက်၏။ ထိုအခါ. . ကြေးမုံပြင်ပေါ်၌ သူမအရိပ်ကို မတွေ့ရပါ။ ကြေးမုံပြင်၌ ရောင်စုံအလင်းတန်းများ တဖျတ်ဖျတ်ထွက်ပေါ်လာပြီးနောက်. . သူမ မဟုတ်သော ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

ရသေ့ကြီးတစ်ယောက်၏ ပုံရိပ်ဖြစ်၏။ ထိုရသေ့ကြီးကို မြင်သည်နှင့် အိုပန်းနွယ်မှာ သွေးရင်းသားရင်းတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ ခွဲခွါထားရပြီးမှ ပြန်လည်တွေ့ရသလိုမျိုး ဝမ်းနည်းဝမ်းသာဖြစ်သွား၏။ အဘယ့်ကြောင့် ထိုသို့ခံစားရမှန်းကို သူမ. . စဉ်းစားမရပါ။

ရသေ့ကြီးအမည်မှာ ဦးစိန္တာဖြစ်ကြောင်းကို သူမ အလိုအလျောက်သိလာသည်ကို အကြီးအကျယ် အံ့ဩသွားမိသည်။

ထိုစဉ်. . ရသေ့ကြီးဦးစိန္တာ၏ပုံရိပ်ပျောက်သွားပြီး ယောကျ်ားပျိုတစ်ဦး၏ ရုပ်ပုံထင်ဟပ်လာပြန်သည်။ ထိုလူမှာ ဝိမနဖြစ်ပြီး သူမနှင့်အလွန်ရင်းနှီးနေသလို သိရှိခံစားရပြန်၏။

"ဒီလူနဲ့ရသေ့ကြီးကို ငါရင်းရင်းနှီးနှီးကို သိနေပါလား၊ ဘယ်တုန်းက သိခဲ့ရတာလဲ၊ ငါနဲ့ ဘယ်လိုပတ်သက်မှုများ ရှိခဲ့ပါလိမ့်. . "

သူမ. . ထိုသို့ တွေးနေမိစဉ်. . ကြေးမုံပြင်ပေါ်၌ လူသုံးယောက်၏ ရုပ်ပုံနှင့် သမင်တစ်ကောင်၏ အသွင်သဏ္ဍာန်တို့ ထွက်ပေါ်လာပြန်သည်။ လူသုံးယောက်မှာ ရသေ့ကြီးဦးစိန္တာ၊ ဝိမနနှင့် အိုပန်းနွယ်ဆိုသော သူမကိုယ်တိုင်ဖြစ်၏။ ထိုပုံရိပ်များမှာ လှုပ်ရှားသက်ဝင်လာပြီး စကားပြောဆိုကြကုန်၏။

ယင်းနောက်. .



ဝိမနသည် ရသေ့ကြီးနှင့် အိုပန်းနွယ်တို့နှင့် တွေ့ဆုံစကားပြောဖြစ်ပုံ၊ လူပျိုသေးသေးလေးနှစ်ကောင်နှင့် ဝိမနတို့ သူမတို့နောက်လိုက်လာပုံ၊ ဝိမနနှင့် ထိမ်းမြားပုံ၊ ပျော်ရွှင်ကြည်နူးကြနေပုံများပြီးလျှင် ရသေ့ကြီးက ယခု သူမရောက်နေသောလျှို့ဝှက်ဂူထဲသို့ သူမနှင့်ဝိမနတို့ကို ခေါ်လာ၍ ဤကြေးမုံပြင်ရှေ့၌ ရပ်ကြည့်ခဲ့ပုံတို့ကို မြင်ရ၏။

တစ်ဖန်. .

"အဂ္ဂ"ဆိုသော သူမ၏ခင်ပွန်းသည်က ဝဏ္ဏ၊ ကျော်ထင်စသော လက်နက်ကိုင်လူများဖြင့် ရောက်ရှိလာပြီး ဝိမနနှင့် ရသေ့ကြီးကို ဖမ်းချုပ်၍ သူမအား အတင်းအကြပ်သိမ်းပိုက်ယူခဲ့ပုံကို တွေ့ရပြန်သည်။

အိုပန်းနွယ်ရင်ထဲ လှိုက်မောလာ၏။ ထိတ်လန့်တုန်လှုပ်ခြင်း၊ နာကြည်းခံပြင်းခြင်း၊ ကြောက်လန့်ရှက်ရွံ့ခြင်းနှင့်အတူ ကိုယ့်ကိုကိုယ်သတ်သေချင်စိတ်တွေ ပေါ်ထွက်လာ၏။ သူမလက်ရှိ ခံစားနေရသလိုကို မောဟိုက်နွမ်းနယ်နေမိ၏။

ယင်းအချိန်တွင်. . ကြေးမုံပြင်ပေါ်၌ အဂ္ဂနှင့် သူမတို့၏ ပုံရိပ်တွေ ထင်ဟပ်လှုပ်ရှားလာပြန်၏။ အဂ္ဂက သူမကို ဆေးမှုန့်တစ်မျိုးကို အတင်းရှူစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရုပ်ပုံကို ကြည့်ရင်း အိုပန်းနွယ်မှာ ပန်းရနံ့လိုမျိုး အမွှေးနံ့တစ်မျိုးကို သတိရလာ၏။ ထို့နောက်. . ဦးခေါင်း တစ်ခုလုံး မခံမရပ်နိုင်အောင် ကိုက်ခဲလာသလို ခံစားရသည်။ ထိုဝေဒနာမှာ တဖြည်းဖြည်း ပြင်းထန်လာသည်မှာ မခံနိုင်ဖြစ်သည့်အဆုံး အသံကုန်အော်ဟစ်ပစ်လိုက်လေတော့သည်။

"အား"

အိုပန်းနွယ်မှာ နားထင်ကို လက်ဖနောက်များဖြင့် ဖိရင်း ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ယင်နေရာမှ. . ကျယ်လောင်စူးရှစွာ အော်ဟစ်ရင်း လန့်နိုးလာသည်။

"ဟင်း. . ငါ နေ့လည်နေ့ခင်းကို မအိပ်စဘူးအိပ်မိလို့ အိပ်မက်ဆိုးတွေ မက်တာပဲ. . "

ထိုစဉ်. .

အိပ်ခန်းတွင်းသို့ မိန်းကလေးနှစ်ယောက် ပြေးဝင်လာ၏။ သူမ၏ အဖော်ကောင်မလေးနှစ်ယောက်ဖြစ်သည်။





သူမတို့က စိုးရိမ်တကြီးမေးကြလျှင်. . အိုပန်းနွယ်က အိပ်မက်ဆန်းကိုပြောပြလိုက်၏။

"သွေးလေချောက်ချားလို့ မက်တာဖြစ်ပါလိမ့်မယ်. . သခင်မ"

"ဟုတ်တယ်၊ တစ်နေ့တစ်နေ့. . ဒီအိမ်ကြီးထဲမှာပဲ နေနေရတာကိုး. . အိမ်ပြင်ထွက်ပြီး လမ်းလျှောက်ရင် ကောင်းမယ်. . ထင်တယ်"

"ဟုတ်ပါတယ်. . သခင်ကြီးပြန်လာရင် လမ်းထွက်လျှောက်ကြပါ. . "

"သူက မိုးချုပ်မှ ပြန်ရောက်တဲ့ဟာကို ငါတို့ အခုပဲ လမ်းလျှောက်ထွက်ကြမယ်"

"မဖြစ်ဘူး. . မဖြစ်ဘူး. . သခင်ကြီးက သခင်မကို လမ်းလျှောက်ထွက်ချင်ရင် သူနဲ့မှ အတူထွက်ရမယ်လို့ မှာထားတယ်လေ၊ သခင်ကြီးပြန်လာတဲ့အထိ စောင့်ပါနော်"

"သခင်ကြီးက သခင်မကို နည်းနည်းလေးမှ စိတ်ချတာ မဟုတ်ဘူး. . ရော့. . ရေသောက်ပြီး ခဏလောက် ပြန်နားနေလိုက်ပါ. . "

အဖော်မိန်းကလေးများက တစ်ယောက်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတားမြစ်ကြ၏။

အိုပန်းနွယ် ရေသောက်ရင်း တွေးနေမိ၏။ အိမ်ပြင်ထွက်ချင်သောဆန္ဒက သူမ၌ အလွန်ပြင်းထန်နေသည်။ အဖော်မိန်းကလေးများက သူမကို လုံးဝထွက်ခွင့်မပြုနိုင် ကြောင်းကို ရိပ်မိသဖြင့် တိတ်တဆိတ်ထွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

နေဝင်ရီတရောအချိန်ဖြစ်၍ သိန်းငှက်မြို့တော်အတွင်းရှိ လမ်းမကြီးပေါ်၌ သွားလာလှုပ်ရှားသူများ နည်းပါးသွားသည်။ သိန်းငှက်ကြီးတွေကတော့ ရှုပ်ထွေးစွာပျံနေကြ၏။

အိုပန်းနွယ်သည် သိန်းငှက်များကို မော့ကြည့်. . မော့ကြည့်ဖြင့်လျှောက်နေ၏။ သူမကို သိသူတွေက ရိုသေလေးစားဟန်ဖြင့် ဦးညွှတ်နှုတ်ဆက်ကြ၏။ မသိသူအချို့ကတော့ စိတ်ဝင်တစား စူးစမ်းနေကြ၏။

သူမကတော့ မည်သူ့ကိုမျှ အလေးမထားချေ။ လွတ်လပ်မှု၏အရသာကိုသာ တရှိုက်ရှိုက်မက်မက်နှစ်သက်စွာ



ခံစားရင်း လမ်းမကြီးအတိုင်း လျှောက်နေသည်။

ကွေ့ကလေးတစ်ခုသို့ မရောက်မီ လူနေအိမ်ခြေမရှိတော့တာကို သတိပြုမိ၏။ သစ်ပင်ကြီးများ ရှုပ်ထွေးစွာပေါက်နေကြတာကို တွေ့ရသည်။ မှောင်ရိပ်သန်းနေတာကြောင့် အိုပန်းနွယ် အနည်းငယ်ကြောက်စိတ်ဝင်လာသဖြင့် ခြေလှမ်းများ. . ရပ်တန့်သွား၏။

“ဒီကွေ့လေးကို ကွေ့ပြီးသွားရင် သစ်သီးပင်မျိုးစုံကို တွေ့ရမယ်ထင်တယ်၊ ပြီးတော့ ကျောင်းသင်္ခမ်း. . နောက် အိမ်လေးတစ်လုံး. . ပြီးရင် ကျောက်တုံးကြီးပိတ်ထားတဲ့ လှိုဏ်ဂူလေးလည်းရှိတယ်”

အိုပန်းနွယ် မျက်စိထဲ မြင်ယောင်လာသည့် မြင်ကွင်းတွေကို ပုံဖော်ရင်း အံ့သြလာမိ၏။

“ဒါ. . ငါ နေ့လည်က မက်ခဲ့တဲ့အိပ်မက်ထဲမှာ မြင်ခဲ့ရတဲ့ မြင်ကွင်းတွေပဲ၊ ဒီအိပ်မက်က ငါ့မျက်စိထဲ ဘာလို့ ဒီလောက်တောင် စွဲနေပါလိမ့်၊ ဟိုကြေးမုံမှန်ကြီးပေါ်မှာ ငါမြင်ခဲ့ရတဲ့ပုံရိပ်တွေဟာ တကယ်ဖြစ်ခဲ့တဲ့ဖြစ်ရပ်များ ဖြစ်နေမလား၊ ဒီလိုဆိုရင်တော့ သိပ်ကိုအံ့သြဖို့ကောင်းနေပြီ. . ”

သူမ၏အိပ်မက်ကို သတိရလာပြန်၏။ သူမ၌ ကြောက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျောက်သွားပြီး စူးစမ်းလိုစိတ်တွေ ပြင်းထန်လာသည်။

"ငါသွားကြည့်မယ်၊ ငါ့မျက်စိထဲစွဲနေတဲ့ မြင်ကွင်းတွေ အတိုင်းတွေ့ရရင်တော့ ကြေးမုံကြီးက ပြတဲ့ဖြစ်ရပ်တွေဟာလည်း ဇာတ်လမ်းအမှန်ဖြစ်နိုင်တယ်"

ထိုအတွေးဖြင့် သူမ ဆက်လျှောက်သွား၏။ ရုတ်တရက်. .

"အိုပန်းနွယ်. . အိုပန်းနွယ်. . ကျုပ် ဒီမှာ. ."

တုန်ယင်အက်ကွဲနေသော ခေါ်သံအကျယ်ကြီးကို ကြားရ၏။ လှိုက်လှဲဝမ်းမြောက်ခြင်းများ ပြည့်နှက်နေသော ခေါ်သံကို ကြားသည်နှင့် အိုပန်းနွယ်ရင်ထဲ လှုပ်ရှားသွားသည်။ နှလုံးခုန်နှုန်းက မြန်ဆန်နွေးထွေးလာ၏။

"ဝိ. . မ. . န"

သူမနှုတ်မှ. . "ဝိမန"ဆိုသော အမည်ကို အလိုအလျောက် ခေါ်ဆိုလိုက်မိသည့်အတွက် အံ့ဩရပြန်သည်။ ယင်းအချိန်. .

"အိုပန်းနွယ်. . ဒီကို လာပါဦး"

အလွန်တရာ ရင်းနှီးနေပြီးဖြစ်သော သူ့ခေါ်သံက ထွက်ပေါ်လာပြန်၏။ သည်တစ်ချီမှာတော့ အသံလာရာ





နေရာကို. . သူမ သတိပြုသိလိုက်ပေပြီ။

သစ်ပင်ကြီးများကြားရှိ သစ်လုံးအိမ်ကလေးထဲမှ ထွက်ပေါ်လာခြင်းဖြစ်၏။ မှောင်ရိပ်သန်းနေသဖြင့် ထိုအိမ်ကလေးကို သူမချက်ချင်း မမြင်ခြင်းဖြစ်သည်။ သစ်လုံးအိမ်ကလေးရှေ့သို့ သူမ ဘယ်လိုရောက်လို့ရောက်လာမှန်း သတိမပြုမိလိုက်ချေ။

တံခါးမကြီးပေါ်၌ သော့ခလောက်တစ်ခုရှိနေ၏။ ထိုတံခါးမကြီး၏ဘေး၌ ချောင်းပေါက်တစ်ခုရှိနေ၏။ ထိုအပေါက်မှတဆင့် ရီဝေစိုလက်သော မျက်လုံးပိုင်ရှင်ကို တွေ့မြင်ရ၏။ ထိုလူကို ဝိုးတဝါးသာ တွေ့မြင်ရသော်လည်း အိုပန်းနွယ်မှာ. . သူမအိပ်မက်ထဲမှ "ဝိမန"ဆိုသူဖြစ်ကြောင်းကို ကောင်းစွာမှတ်မိလိုက်၏။

"ဟင်. . ရှင်. . ရှင်ဟာ"

အိပ်မက်ထဲမှ လူနှင့်တသွေမတိမ်းတူသော "ဝိမန"ကို တွေ့မြင်ရသဖြင့် သူမအလွန်အံ့ဩသွား၏။ သူမ၏ အိပ်မက်မှာ သွေးလေချောက်ချား၍ မြင်မက်သော အိပ်မက်မျိုးမဟုတ်ဘဲ ပုဂ္ဂိုလ်ထူး (ဝတ်စုံဖြူဝတ်အဘိုးအို)မှ အမှန်တရားကို အိပ်မက်အဖြစ်အသိပေးခြင်းမျိုးဖြစ်နိုင်သည်ဟု တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဝိမနလေ. . အိုပန်းနွယ်၊ သေသေချာချာ ကြည့်ပါဦး၊ ကျုပ်က မင်းရဲ့ ခင်ပွန်း ဝိမနပါ. ."

"ရှင်. ."

ဝိမနမှာ အူကြောင်ကြောင်ဖြစ်နေသော အိုပန်းနွယ်ကို ကြည့်ရင်း အားမလိုအားမရဖြစ်လာ၏။ ဝမ်းသာစိတ်ပျောက်သွားပြီး စိုးရိမ်ပူပန်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းတို့က အစားထိုးဝင်ရောက်လာသည်။

"အိုပန်းနွယ်၊ မင်း. . ဘာဖြစ်နေတာလဲ"

အိုပန်းနွယ် အတိုင်းအဆမဲ့ စိတ်လှုပ်ရှားနေမိ၏။

"ရှင်. . ရှင်က ကျွန်မ ခင်ပွန်း ဟုတ်လို့လား၊ ကျွန်မရဲ့ ခင်ပွန်းက အဂ္ဂ. . မဟုတ်ဘူးလား"

"မဟုတ်ဘူး. . မဟုတ်ဘူး၊ သူက ကျုပ်နဲ့ ဘရသေ့ကို ဖမ်းချုပ်ပြီး မင်းကို အဓမ္မသိမ်းပိုက်လိုက်တာလေ၊ အိုပန်းနွယ် မင်း. . ဒီကိစ္စမျိုးကို ဘာလို့မေ့နေရတာလဲ၊ ဒီလူယုတ်မာက မင်းကို ဘယ်လိုလုပ်ထားလို့လဲ ဟင်. ."

ဝိမနမှာ ထိတ်လန့်ကြေကွဲစွာဖြင့် အော်ဟစ်ပြောဆိုလေ၏။ သူ့ကိုကြည့်ရင်း အိုပန်းနွယ်ခေါင်းထဲ အလင်းတန်းတွေ တိုးဝင်လာသလို ခံစားရ၏။ ကြေးမုံဆန်းပေါ်က ပုံရိပ်တွေကို



ပြန်လည်မြင်ယောင်လာသည်။

"ဘရသေ့ဆိုတာ ဘယ်သူလဲ. . ဟင်"

"ဘရသေ့ဆိုတာ မင်းရဲ့ မွေးစားဖခင် ရသေ့ကြီး ဦးစိန္တာပေါ့၊ မင်းဟာ အိုပန်းနွယ်တော့ အိုပန်းနွယ်ပါပဲ၊ ဘယ်လိုကြောင့် ကျုပ်တို့ရဲ့ ပတ်သက်မှုတွေကို မေ့နေရတာလဲ"

အိုပန်းနွယ် ရင်မောစွာဖြင့် ခေါင်းသွင်သွင် ခါရမ်းလိုက်၏။

"ကျွန်မ. . ဘာမှမမှတ်မိဘူး၊ ဒါပေမယ့် ယုံကြည်မှု တစ်ခုတော့ရှိတယ် ဝိမန၊ ရှင်ဟာ ကျွန်မကို လိမ်ညာမယ့် လူမဟုတ်ဘူး. . ရှင်ပြောပြပါ. . ကျွန်မ ဘယ်လိုအဖြစ်အပျက်မျိုးတွေနဲ့ တွေ့ကြုံခဲ့ရသလဲ. . ဟင်"

ဝိမန အလွန်အံ့ဩလျက် နားမလည်နိုင်အောင် ဖြစ်သွားရသည်။

"မင်း. . မင်း အခုအဂ္ဂဆိုတဲ့ လူယုတ်မာနဲ့အတူ နေနေတာလား. ."

"ဟုတ်တယ်. . နေဦး၊ ကျွန်မ အခုမှ စဉ်းစားမိတယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က ကျွန်မ အသည်းအသန်ဖျားပြီး ပြန်ကောင်းသွားတော့ ဘာမှမမှတ်မိတော့ဘူး. . . နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂပြောပြတော့မှ ကျွန်မနာမည်ဟာ အိုပန်းနွယ်ဖြစ်တာနဲ့ သူ့ဇနီးဖြစ်တာတွေကို သိရတာ. . .”

“သေချာပြီ ဒီလူယုတ်မာရဲ့ပယောဂကြောင့် မင်းအားလုံးကို မေ့နေတာ မင်းမေ့နေတဲ့အဖြစ်အပျက်တွေကို ကျုပ်ပြောပြမယ်. . အိုပန်းနွယ်”

အိုပန်းနွယ်သည် ဝိမနပြောပြသမျှကို နားထောင်ရင်း အံ့သြလာ၏။ သူမ၏အိပ်မက်မှတစ်ဆင့်သိခွင့်ရခဲ့သော အဖြစ်အပျက်များနှင့် တသွေမတိမ်းတူညီနေသည် မဟုတ်ပါလော။

“အို. . . ကြေကွဲစရာကောင်းတဲ့အဖြစ်မျိုးနဲ့ ကျွန်မအမှန်တကယ်ကြုံတွေ့ခဲ့ရတာပေါ့. . . ဒါနဲ့ ဘရသေ့. . ဘရသေ့ကောဟင်”

“ဘရသေ့ ပျံလွန်တော်မူသွားတာ သုံးလလောက်ရှိပြီ”

“အို. . . ဘရသေ့ကို ဟိုလူယုတ်မာ သတ်လိုက်တာလား. .”

ဝိမနက မျက်ရည်များကို သုတ်ပြီး ခေါင်းခါလိုက်စဉ် အေးခဲအက်ရှသော အသံတစ်ခုထွက်ပေါ်လာ၏။

“ကျုပ်သတ်တာ မဟုတ်ဘူး. . သူ့ရောဂါနဲ့သူသေသွားတာ”





အသံပိုင်ရှင်မှာ ကောက်ကျစ်စဉ်းလဲညာ် ထက်မြက်လွန်းသော“အဂ္ဂ”ဖြစ်ကြောင်းကို သိသည်နှင့် သူတို့နှစ်ဦးလုံး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အိုပန်းနွယ်၏ရင်ထဲ 'ဒိန်း'ခနဲဖြစ်သွား၏။ သူမက ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ချာခနဲလှည့်ကြည့်လိုက်သည်။ ထိုအခါ. . သူမတို့ထံ တစ်လှမ်းချင်းလျှောက်လာသော အဂ္ဂ၏အေးစက်ခက်ထန်သော မျက်နှာကိုရွံ့မုန်းကြောက်လန့်ဖွယ်တွေ့ရ၏။

အဂ္ဂနောက်မှာ ဝဏ္ဏ၊ ကျော်ထင်နှင့်အတူ ယောကျ်ားကြီးနှစ်ဦး လိုက်ပါလာသည်။ ယောကျ်ားကြီးနှစ်ဦးတို့က အောက်လင်းမီးအိမ်တစ်လုံးစီ ဆွဲကိုင်လာကြ၏။

အိုပန်းနွယ်၏မျက်နှာတစ်ခုလုံးသွေးဆုတ်ဖြူဖျော့သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခန္ဓာကိုယ်တစ်ခုလုံးတဆတ်ဆတ်တုန်ယင်လာ၏။ မျက်လုံးတွေကတော့ ဒေါသအရှိန်ဖြင့် ရဲတောက်လာ၏။

"လူယုတ်မာ"

အဂ္ဂက သက်ပြင်းတစ်ချက်ချပြီး. . .

"ကျုပ်မင်းကို နှစ်နှစ်ကာကာမြတ်နိုးတာပါ. . မင်းကို ကျုပ်ဘယ်လောက်ထိ တန်ဖိုးထားဂရုစိုက်တယ်ဆိုတာ မင်းသိမှာပါ. . အိုပန်းနွယ်ရာ၊ ဒီကောင့်ကိုမေ့လိုက်ပါ. . ဒီကောင့်အရည်အချင်းနဲ့ဆို မင်းအခုလို သိန်းငှက်မြို့တော်ရဲ့ သခင်မအနေအထားမျိုး ဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး။ မင်းစဉ်းစားကြည့်စမ်း. . ဒီလောက်စည်းစိမ်တွေ၊ ဂုဏ်တွေ. . အာဏာတွေနဲ့ ပြည့်လျှံနေတဲ့ လိုတရဘဝမျိုးကို မစွန့်လွှတ်သင့်ဘူးနော်"

ဟူ၍ ကလေးငယ်တစ်ယောက်လို စည်းရုံးသွေးဆောင်သလိုမျိုး ပြောသည်။

အိုပန်းနွယ်က ခေါင်းသွင်သွင်ခါရမ်းလိုက်၏။

"မလိုချင်ဘူး. . ရှင့်လိုလူစဉ်းလဲဆီက ဘာမှမလိုချင်ဘူး. . ရှင့်ရှေ့မတိုးနဲ့နော်. . ကျွန်မခေါင်းကို ဒီအိမ်တိုင်နဲ့ဆောင့်ပစ်လိုက်မယ်. . "

အဂ္ဂ၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွား၏။ ယခုလိုအချိန်



တွင် အိုပန်းနွယ်မှာ သေဖို့ဝန်မလေးတော့မှန်းကို သူရိပ်မိသည်။

"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ မင်းကောင်းကောင်းမွန်မွန် အသက်ရှင်နေတာကိုပဲ ကျုပ်မြင်ချင်တယ်. . အဲဒီအတွက် ကျုပ်ဘာမဆိုလိုက်လျောနိုင်တယ်. . မင်းကြိုက်တဲ့အခွင့်အရေးကို တောင်း. . . "

"ရှင်. . ရှင်. . တကယ်ပြောတာလား. . "

"ကျုပ် တခြားလူတွေကိုသာ လှည့်စားချင် လှည့်စားမယ်. . မင်းကိုတော့ မလှည့်စားရက်ပါဘူး. . စိတ်ချ"

အိုပန်းနွယ်မျက်လုံးလေး. . အရောင်တောက်သွား၏။ ရိုးအလွန်းသော ဝိမနမှာလည်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ဒီလိုဆို ကျွန်မကို ဝိမနနဲ့အတူ ဒီကထွက်သွားခွင့်ပေးပါ. . "

အဂ္ဂက တွေဝေသွား၏။ သူ၏တုံ့ပြန်မှုကို ဝိမနနှင့် အိုပန်းနွယ်တို့က ရင်ခုန်စွာဖြင့် စောင့်မျှော်နေကြသည်။

အတန်ကြာမှ. . .

အဂ္ဂက စိတ်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းရှည်ချရင်း ခေါင်းကို လေးပင်စွာညိတ်လိုက်၏။

"အင်း. . မင်းစိတ်ချမ်းသာစေရပါမယ်. . ကျော်ထင်

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့သော့တွဲမှာ ဒီသော့ခလောက်ရဲ့သော့တံပါလား”

“ပါ့,ပါတယ် သခင်ကြီး”

“ကဲ. . ဒီလိုဆိုဖွင့်ပြီး လွှတ်ပေးလိုက်စမ်းပါကွာ. . မြန်မြန်လုပ် ငါတို့သွားဖို့ သတ်မှတ်ထားတဲ့အချိန်လဲ နီးနေပြီ”

ကျော်ထင်က တံခါးမကြီးအနီးသို့ လျှောက်သွားသောအခါ အိုပန်းနွယ်က သတိကြီးစွာဖြင့် ခပ်လှမ်းလှမ်းသို့ ရှောင်ဖယ်သွား၏။

ကျော်ထင်က တံခါးကိုဖွင့်ပြီး ဝိမန၏အင်္ကျီစကို ဆုပ်ဆွဲ၍အိမ်ပြင်သို့ခေါ် ထုတ်လိုက်သည်။

“ဝိမန”

အိုပန်းနွယ်က စိတ်လှုပ်ရှားစွာဖြင့် အော်ခေါ် ရင်း ဝိမနထံပြေးလွှားသွား၏။

ထိုစဉ်. . . ရုတ်တရက်. .

သူမရှေ့သို့ အဂ္ဂက လျှပ်တပြက်ရောက်ရှိပြီး ဟန့်တားဖမ်းချုပ်လိုက်၏။

“မင်းဟာ ရာသက်ပန် အဂ္ဂရဲ့ဇနီးပဲဖြစ်မယ်”

အိုပန်းနွယ် ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်ရုန်းကန်၏။ ဝိမနက စိုးရိမ်တကြီးဖြင့် အော်ခေါ် ရင်း သူ့အားဖမ်းချုပ်



ထားသော ကျော်ထင်၏ဝမ်းဗိုက်ကို လက်သီးနှစ်လုံးလုံးဖြင့် စုံထိုးချလိုက်၏။

ကျော်ထင်က ရှောင်တိမ်းခြင်းမပြုဘဲ ရယ်မောရင်း အထိုးခံလိုက်၏။ ထို့နောက်. . . ဝိမနမေးရိုးကို လက်ဖနောက်ဖြင့် ပင့်၍ဆောင့်တွန်းလိုက်သည်။

“အွန့်”

ဝိမနမှာ မြေပေါ် လဲကျသွား၏။ ကျော်ထင်က သူ့နဘေးသို့ ခုန်ပေါက်ရောက်ရှိသွားပြီး ခြေထောက်ဖြင့် လှိမ့်ကန်လေတော့သည်။

“မင်းလို ကောင်ကများ ငါ့ကိုတိုက်ခိုက်ချင်သေးတယ်၊ ကဲဟာ. . ကဲ. . ”

“မလုပ်နဲ့. . ရှင်တို့မတရား မလုပ်နဲ့နော်. . လူယုတ်မာ ငါ့ကိုလွှတ်၊ ကယ်ကြပါဦးရှင်. . ”

အိုပန်းနွယ်က အားကုန်တွန်းထိုးရုန်းကန်နေသော်လည်း အဂ္ဂလက်ထဲမှ မလွတ်ပါချေ။ အဂ္ဂက သူမကို မလှုပ်သာအောင် ချုပ်ကိုင်ပြီးနောက်. . .

“ဝဏ္ဏ. . တစ်နေ့တာ မေ့ဆေးကျန်သေးတယ် မဟုတ်လား. . ”

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်စာပဲ ကျန်ပါတော့တယ်. . သခင်ကြီး အရေးအကြောင်းကြုံမှသုံးပါ. . ဒီဆေးမှုန့်ကို ထပ်ဖော်ဖို့လဲ မဖြစ်နိုင်တော့ဘူးလေ. . "

"မင်းတို့ကမှ အသုံးမကျဘဲ ဒီလောက်ကျယ်တဲ့ တောကြီးထဲမှာ ဆေးမြစ်လေးတစ်မျိုးကိုတောင် တွေ့အောင် မရှာနိုင်ကြဘူး. . အဲဒါကိုပြောမနေနဲ့တော့ အခုအရေးကြီး တာက သူ့ကိုအဲဒီဆေးမှုန့်ရှုခိုင်းလိုက်. . . "

"သခင်ကြီး. . ဒီဆေးမှုန့်ကို နှစ်ကြိမ်ရှူမိတဲ့လူဟာ ရူးသွပ်သွားတတ်ကြတာကို မေ့နေပြီလား. . "

"မမေ့ပါဘူး. . ရူးချင်လဲရူးပါစေ. . ငါ့ကို သူဒီလိုပုံစံ မျိုးနဲ့ ဆက်ဆံတာကို လက်မခံနိုင်ဘူး. . "

အဂ္ဂက အတ္တကြီးစွာဖြင့် အမိန့်ပေးစေခိုင်း၏။

ဝဏ္ဏက သက်ပြင်းတစ်ချက်ချပြီး အကျီရင်ဘတ်ထဲမှ အဖြူရောင် ကြွေပုလင်းလေးကိုထုတ်ပြီး အဖြူရောင်ဆေးလုံး နှစ်လုံးကို ထုတ်ယူ၏။ တစ်လုံးကို သူမျိုချပြီး ကျန်တစ်လုံးကို အဂ္ဂပါးစပ်ထဲ ထည့်ပေးလိုက်သည်။

ထို့နောက်. . .

ကြွေပုလင်းကို ပြန်သိမ်းပြီး သေးငယ်လှပသော



ယွန်းဘူးလေးတစ်ခုကို ထုတ်ယူပြန်၏။ ထိုစဉ်. . ကျော်ထင်က ဝိမနကို တော်တော်ဝေးဝေးသို့ တရွတ်တိုက်ဆွဲသွားပြီး ဆက်လက်နှိပ်စက်ညှင်းပန်းနေ၏။ ဝိမနမှာ အော်ဟစ်ညည်းညူ ခြင်းပင် မပြုနိုင်တော့ပါ။

အိုပန်းနွယ်ကလည်း ပါးစပ်ပိတ်ရင်း ကြောက်ရွံ့ထိတ် လန့်စွာ ကြိုးစားရုန်းကန်နေရှာသည်။ ဝဏ္ဏက ယွန်းဘူးလေးကို ဖွင့်ပြီး လှုပ်ခါလိုက်သည်နှင့် မွှေးရနံ့တစ်မျိုးထွက်ပေါ်လာ၏။ အိုပန်းနွယ်က ချက်ချင်းအသက်ရှုအောင့်ထားလိုက်၏။ သူမ ဦးခေါင်းတစ်ခုလုံး ရီဝေဝေဖြစ်သွားသည်။ ထို့နောက်. . သူမ မေ့လျော့လျက် အသက်ရှူမိသဖြင့် အလွန်နှစ်သက်ဖွယ်ကောင်း သောရနံ့တစ်မျိုးကို ရှူမိပြန်သည်။

အဂ္ဂက သူမကိုပွေ့ချီပြီး ဝိမနကိုချုပ်ထားခဲ့ဖူးသော အိမ်ထဲသို့ဝင်သွား၏။ အိုပန်းနွယ်က စိတ်ထဲမှကြိတ်၍ သူမကိုယ် သူမသတိပေးလျက်ရှိသည်။

"ငါ့နာမည် အိုပန်းနွယ်၊ ငါချစ်ရတဲ့ခင်ပွန်းက ဝိမန. . ငါမေ့လို့မဖြစ်ဘူး ငါရူးသွပ်သွားလို့မဖြစ်ဘူး. . ဒီလူယုတ်မာရဲ့ လှည့်စားမှုကို ငါမခံရစေနဲ့. . မမေ့နဲ့. . "

အဂ္ဂက မွှေးရနံ့ကြိုင်လှိုင်နေသော ယွန်းဘူးလေးကို

www.burmeseclassic.com

www.burmeseclassic.com



အိုပန်းနွယ်မမြင်အောင် ဖွက်လိုက်သည်။ ထိုမွှေးရနံ့ကို အိုပန်းနွယ်ရှုရင်း အချိန်ကြာလာသည်နှင့်အမျှ ကိုယ်လက်များ လေးလံကာ နှစ်ခြိုက်စွာ အိပ်ပျော်သွားပေလိမ့်မည်။ သူမနိုးလာသောအခါတွင် အရာအားလုံးကိုမေ့လျက် သူလိုချင်သောပုံစံကို သွင်းနိုင်မည်ဖြစ်သည်။ အကယ်၍ သူမရူးသွပ်သွားခဲ့လျှင်လည်း သူကောင်းမွန်စွာ စိတ်ရှည်လက်ရှည် ပြုစုစောင့်ရှောက်ဖို့ ဆုံးဖြတ်ထား၏။

သူစွဲလန်းငြိတွယ်သူနှင့် တခြားယောကျ်ားတစ်ယောက်တို့ကိုအတူပျော်ရွှင်ခွင့်ပေးမည့် အလုပ်မျိုးကို သူလုံးဝမလုပ်နိုင်ပြီမဟုတ်ပါလော။

"အိုပန်းနွယ်. . ကျုပ်မင်းဆီ ပြန်လာခဲ့ပါ့မယ်. . အခုတော့ အရမ်းကို အရေးကြီးတဲ့ကိစ္စတစ်ခုကို လုပ်ရဦးမှာမို့ ဒီအတိုင်းပဲ ထားခဲ့ရမှာပဲ ကျုပ်ကိုခွင့်လွှတ်ပါ. . ."

အဂ္ဂက အိုပန်းနွယ်၏နဖူးပြင်ကို တမြတ်တနိုးနမ်းရှိုက်ပြီးနောက် လှည့်ထွက်သွား၏။

အိုပန်းနွယ်က သူမကိုယ်သူမ သတိပေးရင်း မေ့ဆေး၏ အစွမ်းကိုတွန်းလှန်ရန်ကြိုးစားနေ၏။

အဂ္ဂအိမ်ပြင်သို့ ရောက်သောအခါ. . .





"ဟော့. . ကျုပ်ရဲ့အိမ်က အခိုင်းအစေတွေကို ဒီခေါ်လာခဲ့စမ်း. . သူတို့သခင်မကို ကျုပ်မရှိတုန်း ကောင်းကောင်းစောင့်ရှောက်ထားဖို့ မှာခဲ့ရမယ်"

ဟုပြောလျှင် မီးအိမ်ကိုင်ထားသော လူသန်ကြီးနှစ်ယောက်က လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ သူတို့သည် မီးအိမ်များကို သစ်ကိုင်းများ၌ ချိတ်ဆွဲပြီး ဦးညွှတ်ထွက်သွားကြ၏။

ဝဏ္ဏက သော့ခလောက်ပြန်ခတ်ပြီး ကျော်ထင်ထံ သော့တွဲကို ပစ်ပေးလိုက်၏။

"ဘယ်လိုလဲ ဟိုကောင်သေပြီလား. ."

ကျော်ထင်က သော့တွဲကို ဖမ်းယူသိမ်းဆည်းရင်း ခေါင်းခါပြီး. . .

"သခင်ကြီးက သတ်မိန့်မရသေးလို့ အသေမသတ်ခဲ့ဘူး"

အဂ္ဂက တစ်ဖက်လမ်းဘေး၌ ခွေခွေလေးငြိမ်သက်နေသော ဝိမနကိုစူးစူးရဲရဲစိုက်ကြည့်ရင်း. . .

"ဒီကောင့်ကို ငါကိုယ်တိုင်သတ်မယ်. . တကယ်ဆို အစောကြီးကတည်းက သတ်ထားသင့်တာ ငါ့အလုပ်တွေများလွန်းလို့မေ့နေတာ. . . အခုတော့မလိုအပ်ပဲ အလုပ်ပိုတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရပြီ"

ဟုပြောပြီး ကျောတွင်ပိုးထားသော ဓါးအိမ်ထဲမှ ဓါးကို ဆွဲထုတ်လိုက်၏။

ယင်းအချိန်တွင်. . .

"ဒေါင်. . ဒေါင်. . . ဒေါင်. . ဒေါင်"

အချက်ပေးခေါင်းလောင်းသံများနှင့်အတူ စူးရှရှအော် ဟစ်ကြိမ်းမောင်းသံတွေ ထွက်ပေါ်လာသည်။ တိုက်ခိုက်သံတွေ ကိုလည်း ကြားရ၏။ ထို့ပြင်. . .

"အား"

"အမလေး"

နက်ကြောလှသော အော်သံကြီးတွေကို ရှေ့ဆင့်နောက် ဆင့်ကြားလိုက်ရ၏။ ထိတ်လန့်နာကျင်ခြင်းများ ပြည့်နှက်နေ သော အသံပိုင်ရှင်များမှာ စောစောကမီးအိမ်ထားပြီး ထွက်သွား သောလူသန်ကြီးများဖြစ်ကြောင်းကို သူတို့ချက်ချင်းမှတ်မိ လိုက်သည်။

အဂ္ဂ၊ ဝဏ္ဏနှင့်ကျော်ထင်တို့သည် ငိုင်ခနဲဖြစ်သွား၏။ အဂ္ဂက ဦးဆုံးသတိဝင်လာ၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်ခါသွားသည်။





"သစ္စာဖောက်. . သစ္စာဖောက် ရှိနေပြီ"

ထိုစဉ်. . .

ပြေးလွှားလာသော ခြေသံများထွက်ပေါ်လာ၏။ မကြာမီမှာပင်. . . သွေးစွန်းနေသော ဓါးကိုယ်စီကိုင်ဆောင်ထား ကြသည့် လူနှစ်ယောက်က ဝိမနဘေးရှိ ရောက်ရှိလာကြသည်။

မီးအိမ်နှစ်လုံး၏ အလင်းရောင်အောက်သို့ ထိုလူနှစ်ဦး ရောက်ရှိလာ၏။

"စောနန္ဒ"

သူတို့ဘက်သို့ မျက်နှာလှည့်လာသူကို တွေ့သည်နှင့် အဂ္ဂမျက်နှာတစ်ခုလုံးဖြူလျော့သွားရ၏။ နောက်တော့. . ကြောက်လန့်ဖွယ်ရာကောင်းအောင် နီရဲခက်ထန်သွားသည်။

"စောနန္ဒ မင်းသိပ်တော်တယ်. . ကျုပ်ကိုကောင်းကောင်း လှည့်စားနိုင်တယ်. . "

သူ့အသံက အက်ရှရှဖြင့် ခြောက်ကပ်နေ၏။ သူ၏ မဟာစီမံကိန်းမှာ လုံးဝပျက်စီးသွားတော့မည်ဟူသောအသိကို ခံစားမိသောအခါ စောနန္ဒကို မရမကသတ်ပစ်ခဲ့ရန် ဆုံးဖြတ် ချက်ချလိုက်သည်။

စောနန္ဒ၏ မျက်နှာထားကလည်း တင်းမာခက်ထန်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ယခုမှ သူသည် ဆန္ဒရှိသည့်အတိုင်း မုန်းတီးရိပ်တို့ ပြည့်နှက်နေသော မျက်လုံးအစုံတို့ဖြင့် အဂ္ဂကိုစိုက်ကြည့် လိုက်သည်။

"ကျုပ်လက်မှာ မစွန်းသင့်တဲ့သွေးစွန်းခဲ့ပြီ၊ ဒီတော့. ."

"နန္ဒ. . အချိန်ကုန်မခံနဲ့တော့၊ မင်းအဖေတို့က မသိမ်း ပိုက်နိုင်မီ. . သူ့ဘက်က အကူအညီတွေ ရောက်လာနိုင်တယ်"

စောနန္ဒနှင့်အတူပါလာသော ဦးဝီရိယက ဝိမနကို ရှောင်တိမ်းရန်ပြောပြီးနောက် စောနန္ဒနားကပ်၍ သတိပေးသဖြင့် စောနန္ဒစကားဖြတ်ပြီး ဓါးကိုဝင့်ရင်းမာန်သွင်းအော်ဟစ်ကာ ပြေးလွှားသွားသည်။

အဂ္ဂကလည်း ဓါးကိုတစ်ချက်ဝှေ့ယမ်းပြီး စောနန္ဒထံ ပြေးလွှားလာသည်။ သူတို့သည် တစ်ယောက်အပေါ် တစ်ယောက် နာကြည်းမှုအပြည့်ဖြင့် ပြင်းပြင်းထန်ထန် တိုက် ခိုက်ကြ၏။ အသက်စွန့်တိုက်ခိုက်ကြခြင်းဖြစ်၏။

ဝဏ္ဏနှင့်ကျော်ထင်တို့က ဦးဝီရိယထံပြေးဝင် တိုက်ခိုက် ကြလေ၏။ သူတို့သည် ဘယ်ညာညှပ်၍ အကွက်မိမိဖြင့် ဖိတိုက် ၏။ ဦးဝီရိယက သတိကြီးစွာဖြင့် ရှောင်တိမ်းရင်း ပြန်လည်တိုက် ခိုက်ရသည်။



"မင်းတို့နှစ်ယောက်ပေါင်းရဲ့အစွမ်းက ဒါပဲလား. . ကျွတ်. . ကျွတ်. . ဒီလောက်လေးနဲ့ သုရမ္ဘာမင်းကို လုပ်ကြံ နိုင်မတဲ့လား. . စိတ်ကူးယဉ်လိုက်တာကွာ. ."

ဦးဝီရိယ သူတို့ကို ဒေါသူပုန်ထစေရန် စကားလုံး များဖြင့် ထိုးနှက်တိုက်ခိုက်ရာ သူတို့သည် ဒေါသတကြီးဖြင့် အမှားအယွင်းများကို ပြုလုပ်မိကြ၏။ ထိုအခါမျိုးတွင် ဦးဝီရိယက အခွင့်အရေးကို လက်လွှတ်မခံဘဲ လှုပ်ရှားသဖြင့် သူတို့၌ ဓါးဒဏ်ရာများတစ်ခုပြီးတစ်ခု တိုးလာ၏။

ဦးဝီရိယက တရကြမ်းတိုက်ခိုက်နေသော ဝဏ္ဏနှင့် ကျော်ထင်ကိုကြည့်ရင်း. . . အားပါးတရ ပြုံးမိ၏။ ဒေါသဖြင့် အမှားများကျူးလွန်နေသော ဤလူငယ်လေးနှစ်ယောက်ကိုသူ အနိုင်ယူနိုင်ကြောင်းကို သိနေပေပြီ။

သူက စောနန္ဒနှင့် အဂ္ဂတို့၏တိုက်ပွဲကို လှမ်းအကဲခတ် လိုက်၏။ ထိုအခါ စောနန္ဒ၌ ဓါးဒဏ်ရာအများအပြား ရထားပြီး အဂ္ဂ၏ဓါးချက်များကို မနည်းခုခံတိုက်ဖျက်နေရတာကို တွေ့ရ သည်။ အဂ္ဂ၏အရည်အချင်းကို သူကြိတ်၍ချီးကျူးမိ၏။

"စောနန္ဒရေ. . ငါကလူကြီးတစ်ယောက်အနေနဲ့ လူငယ်တွေအပေါ် မတရားအနိုင်မယူချင်ဘူးကွာ. . မင်းတို့

www.burmeseclassic.com



လူငယ်ချင်း ယှဉ်ကြစမ်းပါ. . ”

ဦးဝိရိယက အဂ္ဂထံသို့ ခုန်ဝင်တိုက်ခိုက်ရင်း အော်ပြောလိုက်၏။ သူ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်လွန်းသဖြင့် ဝဏ္ဏနှင့်ကျော်ထင်တို့ပင် ကြောင်အမ်းအမ်းဖြင့် ကျန်ခဲ့၏။

စောနန္ဒက ဦးဝိရိယ၏ သဘောကို ကောင်းစွာနားလည်လိုက်သည်။ ချက်ချင်းပင် ဝဏ္ဏနှင့်ကျော်ထင်တို့ကို ပြောင်း၍ တိုက်ခိုက်လိုက်သည်။ သူသည်ဓါးကိုရှေ့သို့ ဆန့်ထုတ်ရင်း ခုန်ဝင်လိုက်၏။ သူ၏ဓါးသည် မထင်မှတ်သော အပြောင်းအလဲကြောင့် ငေးကြောင်သွားသော ကျော်ထင်၏နံရိုးကြားထဲသို့ နစ်ဝင်သွား၏။

“အား. . ”

စောနန္ဒက ဓါးကိုဆွဲထုတ်လိုက်သည်နှင့် ကျော်ထင်၏ ခန္ဓာကိုယ်မှာ မြေပေါ်လဲပြိုသွား၏။ ဝဏ္ဏက ရင်ထိတ်စွာဖြင့် နောက်သို့အလျှင်အမြန် ဆုတ်သွားသည်။

ထိုစဉ်. . .

သူ၏မြင်ကွင်းသို့ ပုံရိပ်တစ်ခု ရောက်ရှိလာ၏။ မောင်ကံသာဖြစ်၏။ ဝဏ္ဏ၏ မျက်လုံးများအရောင်တောက် သွားသည်။ သူသည်ချက်ချင်းပြေးလွှားသွားပြီး မောင်ကံသာကို



ဖမ်းချုပ်လိုက်၏။

အလောတကြီး ပြေးလာသော မောင်ကံသာမှာ အငိုက်မိသွားပြီး လည်ဂုတ်ပေါ် ဝဏ္ဏဓါးတင်ခြင်း ခံလိုက်ရ၏။

စောနန္ဒ၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားသည်။

ဝဏ္ဏက ပြုံးလိုက်၏။ သူ၏အပြုံး၌ လူသတ်လိုရိပ်တွေ ပြည့်နှက်နေ၏။

“ဒီကလေးရဲ့ အသက်ကို မသေစေချင်ရင် အညံ့ခံလိုက်. . ”

သူ၏စကားမဆုံးမီမှာပင် ရုတ်တရက်. .

“ဝှီး”

“ဒုတ်”

“အင့်”

ပေါက်ဓါးတစ်ချောင်းက သူ၏လည်ပင်းတွင်းသို့ တဆုံးနစ်ဝင်သွား၏။ သူ၏ခန္ဓာကိုယ်မှာ မြေပေါ်မပြိုလဲမီ၌ပင် အသက်ပျောက်သွားခဲ့သည်။

“ဝုန်း”

ပေါက်ဓါးအား ပစ်လိုက်သူမှာ အဂ္ဂနှင့်အကြိတ်အနယ် တိုက်ခိုက်နေသော ဦးဝိရိယဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏအချိန်လေးကို အဂ္ဂက မိမိရရအသုံးချလိုက်၏။ သူ၏ဓါးကို ဦးဝီရိယ၏ရင်ဝထဲသို့ ထိုးစိုက်လိုက်နိုင်ပေပြီ။

"အင့်"

ဦးဝီရိယမှာ ဒယိမ်းဒယိုင်ဖြင့် နောက်သို့အလျှင်အမြန် ပြန်ဆုတ်လာသည်။

"ဘဘ"

မောင်ကံသာက ရင်ပွင့်မတတ်အော်ခေါ်ရင်း ဦးဝီရိယ ထံပြေးလွှားသွား၏။

"ဦးလေး"

စောနန္ဒက ဦးဝီရိယကို ကပျာကယာဖေးမလိုက်စဉ် အဂ္ဂက ဟားတိုက်ရယ်မောရင်း ဓါးကိုဝင့်ကာ ပြေးဝင်လာသည်။ စောနန္ဒက ဦးဝီရိယရှေ့မှကာ၍ အဂ္ဂကို ဆီးကြို တိုက်ခိုက်ရန် အသင့်ပြင်ထား၏။

သို့သော်. . .

အဂ္ဂနှင့် စောနန္ဒတို့ကြားသို့ လျှပ်တပြက်ရောက်ရှိလာ သောလူရိပ်က အဂ္ဂကို ဟန့်တားတိုက်ခိုက်ထားလိုက်သည်။ ထိုသူကို မြင်သည်နှင့် စောနန္ဒဝမ်းသာအားတက်သွား၏။

"အဘ"



မှန်ပါသည်။ အဂ္ဂအား ကြားဖြတ်တိုက်ခိုက်သူမှာ စောနန္ဒ၏ဖခင် စောသီဟဖြစ်၏။ စောသီဟတို့က သိန်းငှက် မြို့တော်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်းကို နားလည်လိုက်ပေပြီ။

အဂ္ဂက ရူးသွပ်သူတစ်ဦးလို ဟားတိုက်ရယ်ရင်း သူသေ ကိုယ်သေ ပြန်တိုက်၏။ မကြာမီမှာပင်. . စောသီဟဘက်မှ စစ်ကူတွေရောက်လာပြီဖြစ်သဖြင့် အဂ္ဂကို ဒဏ်ရာအပြင်းအထန် ဖြင့်ဖမ်းဆီးရမိခဲ့၏။ ဒဏ်ရာအပြင်းအထန်ရထားသော အဂ္ဂက တစ်ချိန်လုံးရယ်မောနေသည်။

"သူ့ကိုမင်းကြီးဆီ ပို့လိုက်ပါ"

စောသီဟက ရဲမက်များကို အမိန့်ပေးပြီးနောက် ဦးဝီရိယကို ပွေ့ထားသော စောနန္ဒထံသို့ လျှောက်သွား၏။ ထိုအချိန်တွင် ဝိမနနှင့်အိုပန်းနွယ်တို့မှာလည်း ဦးဝီရိယနဘေး သို့ရောက်ရှိနေကြပေပြီ။ မောင်ကံသာလေးကလည်း ငိုကြွေးလို့ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကံသာကို မင်းပဲဆက်ပြီးစောင့်ရှောက်ပေးပါ"

ဦးဝီရိယ၏တောင်းဆိုမှုကို စောနန္ဒက ချက်ချင်းပင် ခေါင်းညိတ်လက်ခံလိုက်၏။

"စိတ်ချပါ ဒါပေမယ့် ဦးလေး ဘာမှမဖြစ်နိုင်ပါဘူး ရဲမက်တစ်ကို သမားတော်ပင့်ခိုင်းလိုက်ပြီ"

ဦးဝီရိယက ပြုံးရင်း ခေါင်းခါရမ်းပြ၏။

"ကျုပ်ကို မနှစ်သိမ့်ပါနဲ့ မလိုအပ်ပါဘူး. . "

သူ၏မျက်လုံးအစုံသည် အိုပန်းနွယ်ကိုတွေ့သောအခါ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ထူးဆန်းသောအရိပ်အယောင်များ ပေါ်ထွက်လာသည်။

"ကလေးမ. . မင်းဟာကျုပ်မိန်းမနဲ့ အတော်တူတယ်၊ မင်းရဲ့ရင်ဘတ်တည့်တည့်မှာ မှဲ့နီကြီးတစ်လုံးများရှိသလား. . ဟင်. . "

သူ၏အသံမှာ တုန်ခါလှိုက်မောနေ၏။

အိုပန်းနွယ်၏မျက်လုံးလေးများ ပြူးကျယ်ဝိုင်းစက်သွား၏။

"ဟင်. . ဦးလေး ဘယ်လိုကြောင့် သိနေတာလဲ"

ဦးဝီရိယက ချက်ချင်းပင် ထထိုင်ပြီး အိုပန်းနွယ်ကို



တင်းကြပ်စွာ ပွေ့ဖက်လိုက်သည်။

"သမီး. . မင်းဟာ ငါ့ရဲ့သမီးပဲ ငါတို့သားအဖ အခုမှ ဆုံ. . . "

သူ၏စကားသံမှာ တဖြည်းဖြည်းတိုးလျော့သွားပြီး နောက်ဆုံး၌ ပျောက်ကွယ်သွား၏။ ဇက်ကျိုးကျသွား၏။ မျက်ရည်တွေကလည်းစီးကျလာသည်။

အားလုံးမှာ အခြေအနေကို ကောင်းစွာနားလည်လိုက်သဖြင့် ဦးဝီရိယတို့ သားအဖအတွက် ထိခိုက်ကြေကွဲရ၏။

"အဘ. . အဘ"

အိုပန်းနွယ်မှာ ဦးဝီရိယအလောင်းကို တင်းကြပ်စွာ ပွေ့ဖက်ရင်း သတိလစ်မေ့မျောသွား၏။ သူမကိုဝိမနက ဖေးမပြီး တစ်နေ့တာမေ့ဆေးမိထားကြောင်းကို ပြောပြ၏။

ထိုစဉ်. . .

စောသီဟတို့နှင့်အတူ ပါလာသောသမားတော်များ ရောက်ရှိလာသဖြင့် အိုပန်းနွယ်ကို သမားတော်လက်ထဲအပ်လိုက်၏။

အားလုံးပြီးစီးသွားသောအခါ စောနန္ဒက ဖခင်ပြီသူ ရှေ့၌ ဒူးထောက်ရင်း ခေါင်းငုံ့ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အမတ်ကြီး သူရကိုကျုပ်တကယ်ပဲ သတ်ခဲ့ပါတယ်၊ အဲဒီအတွက် ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ပေးပါတော့. ."

"ဒီကိစ္စနဲ့ပတ်သက်တာကို စိတ်ထဲကထုတ်လိုက်ပေတော့သားရေ. . အခုဘယ်သူကမှမင်းကို အပြစ်မတင်ကြပါဘူး. . မင်းကြီးက သားရဲ့စွမ်းဆောင်ချက်တွေကို သဘောကျလွန်းလို့ ပြစ်ဒဏ်မပေးတဲ့အပြင် အခွင့်ကောင်းတွေကိုတောင် ပေးလိုက်သေးတယ်. ."

"ဗျာ"

မျှော်လင့်မထားသော သတင်းကိုကြားရသဖြင့် စောနန္ဒ ဝမ်းမြောက်အံ့ဩမိသလို မယုံကြည်ဝံ့သလိုလည်းဖြစ်သွားသည်။

ဦးစောသီဟက ရယ်မောပြီး. . .

"ဒီသိန်းငှက်မြို့တော်ကို မဖျက်ဆီးဘဲနဲ့ အဂ္ဂနေရာကို မင်းဆက်ခံရလိမ့်မယ် ဒီကလူတွေရဲ့ဘဝတွေ အေးချမ်းအောင် မင်းတာဝန်ယူစောင့်ရှောက်ပေးဖို့ဆိုတဲ့ အကြောင်းရေးထားတဲ့ မင်းကြီးရဲ့အမိန့်စာ ရောက်လာပါလိမ့်မယ်. ."

"တကယ်. . တကယ်လား. ."

"ဒါမျိုးကိစ္စနဲ့ မင်းကိုနောက်ပါ့မလား. . သားရယ်. . မင်းနဲ့မိသဉ္ဇာရဲ့ မင်္ဂလာပွဲကိုလည်း မင်းကြီးကိုယ်တိုင်ချီးမြှောက်



ပါလိမ့်မယ်"

"ဝမ်းသာလိုက်တာဗျာ. . ကျုပ်မိသဉ္ဇာကို သွားခေါ်လိုက်ဦးမယ်. . မောင်ကံသာ အစ်ကိုကြီးတို့ကို ဒီကပဲစောင့်နော်"

စောနန္ဒက ထိုသို့မှာပြီးသည်နှင့် ချာကနဲလှည့်ပြေးသွား၏။

မောင်ကံသာက ဦးဝီရိယ၏အလောင်းကို ဖက်ရင်း စောနန္ဒ၏ကျောပြင်ကို ငေးကြည့်ကာကျန်ခဲ့သည်။ သူ၏ပါးပြင်ပေါ်သို့ မျက်ရည်ဥများတလိမ့်လိမ့်ကျနေလေသည်။

BURMESE CLASSIC .com

မောင်ထူးပိုင်လေးက ပါးပေါ်မှမျက်ရည်များကို သုတ်နေ၏။

သူ၏မိဘနှစ်ပါးနှင့်ဘကြီးတို့က မျက်လုံးအပြူးသား ပါးစပ်ဟပိုင်းသားသူ့ကို ငေးကြည့်နေကြသည်။

" ကလည်း ဘယ်အချိန်က ပြန်သွားကြမှန်း မသိဘူး. . ဘဘသေသွားတာတောင် သိကြရဲ့လားပဲ. ."

"ဩော်. . ငါ့တူရယ်. . ဘဝတွေလဲ ခြားခဲ့ပြီ. . ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တောင် အစွဲအလမ်းကြီးနေရတာလဲ အဲဒါအကျင့်ဆိုးပဲ အဲဒီအကျင့်ကိုဖျောက်ပစ်စမ်း. . . ”

ဦးမင်းမြတ်က ခပ်ထန်ထန်ပြောပြီး ထထွက်လာ၏။ သူ၏နှလုံးသားအတွင်းမှာတော့ ထူးပိုင်ပြောပြသည့် စိတ်ဝင်စားစရာကောင်းပြီး ရှုပ်ထွေးလျှို့ဝှက်သည့်ဇာတ်လမ်းဆန်းက စွဲထင်နေလေတော့သည်။

* * *

ပြီးပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

